



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၁)

# မြန်မာပြည်မြောက်ဖျားမှ ခြသေ့်များ

ယခုရေးသားမည့်ဝတ္ထု၏ အခြေခံ မြစ်ဖျားခံရာ အကြောင်းမှာ (၁၉၄၃)ခုနှစ်ဝန်းကျင်တွင် မြန်မာပြည် မြောက်ဖျားပိုင်းတစ်ခုလုံး ဂျပန်တပ်များ သိမ်းပိုက်ထားသောအချိန်၌ဖြစ်သည်။

(၁၉၄၂)ခုနှစ်တွင် မြန်မာနိုင်ငံမှ ဗြိတိသျှတို့ ဆုတ်ခွာပေးရပြီးနောက် ဂျပန်တပ်များက ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။

BURMESE CLASSIC .com
☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တပ်များမှာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပြီးသည့်နောက်ပိုင်းတွင် တိုင်းရင်းသားများအပေါ် ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ရာ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးအတွက် လျှို့ဝှက်ပွာ ဆောင်ရွက်နေခဲ့ကြသောအချိန်လည်းဖြစ်သည်။

ဖက်ဆစ်ဆန့်ကျင်ရေးတွင် ဘီအိုင်အေ(ဗမာ့လွတ်မြောက်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် ဗမာ့မျိုးချစ်တပ်မတော်တို့ ပါဝင်ခဲ့ကြလေသည်။)

ထိုအချိန်တွင် မြန်မာနိုင်ငံမှ အထိနာစွာဖြင့် ဆုတ်ခွာသွားခဲ့ရသော ဗြိတိသျှတပ်များကလည်း ဂျပန်တပ်များကို တိုက်ထုတ်ပြီး မြန်မာနိုင်ငံကို တစ်ကျော့ပြန်ဝင်ရန် ကြိုးပမ်းအားထုတ်နေသောအချိန်ဆိုကလည်း မများပေ။

(၁၉၄၃)ခုနှစ်၊ ဖေဖော်ဝါရီ(၇)ရက်နေ့တွင် ဗြိတိသျှတပ်မှ ဗိုလ်ချုပ်ဝင်းဂိတ် ဦးဆောင်သောတပ်သည် မြန်မာပြည်မြောက်ဖျားသို့ ဝင်ရောက်၍ ဂျပန်များ၏နောက်ကျောဘက်မှ ဝင်ရောက်တိုက်ခိုက်ရန် ကြိုးပမ်းအားထုတ်ကြလေသည်။

လူ(၃၀၀၀)၊ လား(၁၀၀၀)၊ နွားများနှင့် ဆင်ကောင်ရေအနည်းငယ်တို့နှင့် ဂျပန်တပ်များကို ပြန်လည်ထိုးစစ်ဆင်ရန် ချင်းတွင်းမြစ်ဖျားဘက်သို့ ချီတက်ခဲ့ကြသည်။

စစ်ကြောင်းများ၏ အဓိက ရည်မှန်းချက်မှာ ဂျပန်တို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ပစ္စည်းသိုလှောင်ထားသောတပ်များကို လျှပ်တပြက် ဝင်ရောက်၍ ဖျက်ဆီးခြင်း၊





ဂျပန်တပ်များ ရပ်တည်ရာမရဘဲ ပြိုကွဲသွားစေရန် ဝင်ရောက်တိုက်ခိုက်ရန် ရည်ရွယ်ချက်များဖြင့် ဖြစ်သည်။

ဝင်းဂိတ်အနေနှင့် ထိုအစီအစဉ်များကို ရေးဆွဲရာတွင် ဗြိတိသျှအရာရှိတချို့နှင့် အတိုက်အခံ ပြုလုပ်ပြီးမှ စီစဉ်ဆောင်ရွက်ရခြင်းဖြစ်သည်။

၎င်းဖွဲ့စည်းထားသော လူအင်အားနှင့် ဂျပန်တပ်တစ်ခုလုံး ပြိုကွဲသွားအောင် မတတ်နိုင်မစကာမူ ကစဉ့်ကလျားနှင့် တပ်ပျက်သွားအောင် ပြုလုပ်၍ တောတွင်းမှ ပြန်ထွက်နိုင်ရန် အဓိက ရည်ရွယ်ချက်ဖြစ်လေသည်။

ဝင်းဂိတ်ဦးဆောင်သောတပ်မှာ လက်ရွေးစင် ဖွဲ့စည်းထားသော ချင်းဒစ်တပ်ဖြစ်သည်။

ထိုအချိန်က ဗိုလ်ချုပ်ဝင်းဂိတ်မှာ တပ်မဟာမှူးအဆင့်သာ ရှိသေးသည်။

ချင်းတွင်းမြစ်ဖျားတလျှောက် ခရီးဆက်ရာမှာ ခရီးကြမ်းသောကြောင့် အခက်အခဲများစွာတို့နှင့် ရင်ဆိုင်ရသည်။ ဒေသခံများကို လမ်းပြအဖြစ် ငှားရမ်းရသည်တွင် လမ်းပြခအတွက် စားနပ်ရိက္ခာနှင့် ရွှေဒင်္ဂါးများကို ပေးရလေသည်။

ထိုအချိန်က မြောက်ဖျားဘက်တွင် နာဂများ ရှိရာ ၎င်းတို့ကိုပင် လမ်းပြရန်အတွက် ခေါ်ရသည်။

အချို့နာဂရွာများသို့ ဝင်သောအခါ ရန်သူထင်သဖြင့် လျှပ်တပြက် တိုက်ခိုက်ခြင်းများနှင့်ပင် ကြုံကြရသည်။

သို့သော် ချင်းဒစ်တပ်တွင် ဂေါ်ရခါးလူမျိုး အဆောက်များ



www.burmeseclassic.com

www.burmeseclassic.com



များ ပါရာ ၎င်းတို့က နာဝများနှင့် အဆင်ပြေအောင် ဆက်ဆံခိုင်း ရလေသည်။

မြန်မာပြည်မြောက်ဖျားသို့ ပထမဆုံးအကြိမ် ပြန်လည် ဝင်ရောက်လာသော ဝင်းဂိတ်ဦးဆောင်သည့် ချင်းဒစ်တပ်များမှာ ဂျပန်တို့၏နောက်တန်းစစ်မျက်နှာများကို ကောင်းစွာဒုက္ခ ပေးနိုင်ကြလေသည်။

နယ်မြေခံများအကူအညီနှင့် ပျောက်ကြားစနစ်ဖြင့် ဝင် ရောက်တိုက်ခိုက်ပြီး ဂျပန်တို့၏ဆက်သွယ်ရေးစနစ်များ၊ ရိက္ခာ စခန်းများ ပျက်စီးအောင် ပြုလုပ်နိုင်ခဲ့ကြလေသည်။

သို့သော်လည်း ရန်သူတို့၏လက်ချက်ကြောင့်သော် လည်းကောင်း၊ သဘာဝဘေးဥပါဒ်များကြောင့်သော်လည်း ကောင်း၊ သားရဲတိရစ္ဆာန်များရန်ကြောင့်သော်လည်းကောင်း သေကြေပျက်စီးမှု ရှိကာ လူအနည်းငယ်သာ ပြန်လည်ထွက်ခွာ နိုင်ခဲ့ကြသည်။

သို့သော်လည်း ဝင်းဂိတ်အနေနှင့် ၎င်းစီမံသော စစ်ဆင် ရေးတစ်ခု အောင်မြင်ကြောင်း လက်တွေ့ပြသနိုင်ခဲ့လေသည်။

ဗြိတိသျှအရာရှိကြီးအတော်များများကတော့ ဝင်းဂိတ် ရေးတင်သော အစီရင်ခံစာကို ဖတ်ပြီး နှာခေါင်းရှုံ့သူကရှုံ့၊ မျက်နှာမဲ့သူက မဲ့ကာ အထင်မကြီးခဲ့ကြပေ။

သူတို့စိတ်ထဲ၌မူ ဝင်းဂိတ် စီမံသောစစ်ဆင်ရေးကို သာမန်စစ်ဆင်ရေးတစ်ခုမျှသာ အထင်သေးကြသည်။

အသိအမှတ်မပြုခဲ့ကြပေ။





ဝင်းဂိတ်ကတော့ မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ၎င်းအလုပ် ကိုသာ ဆက်လက်လုပ်ကိုင်လေသည်။

ပထမတစ်ကြိမ်က ရိက္ခာအခက်အခဲကြောင့် တပ်ပြန် ဆုတ်ခဲ့ရခြင်းဖြစ်ရာ နောက်တစ်ဖန် ချီတက်သောအခါ လေတပ် ဖြင့် ရိက္ခာထုပ်များ ချပေးရန် စီမံလေသည်။

ထိုအစီအစဉ်ကိုလည်း လေတပ်အရာရှိများက သ ဘောမကျကြပေ။

သို့သော်လည်း မြန်မာပြည်မြောက်ဖက် တောနက် အ တွင်းမှာ ရောက်နေသော စစ်သားများရှိရာသို့ လေယာဉ်ပျံများ ဖြင့် ပျံဝဲကာ ရိက္ခာနှင့် စစ်လက်နက်ပစ္စည်းအထုပ်များ ချပေးကြ သည်။

နယ်ခံရွာသားများမှာ ထိုအလုပ်ကို စိတ်အားထက်သန် စွာ လုပ်ကြသလောက် လေယာဉ်ဖြင့် ချပေးသော လေတပ်သား များကတော့ စိတ်အားထက်သန်မှု မရှိဘဲ ဝတ္တရားကျေရုံနှင့် ဖြစ်သလို ချပေးရာ ရိက္ခာထုပ်အတော်များများမှာ သူတို့မရလိုက် ဘဲ ဂျပန်တပ်များကသာ လက်ဦးမှု ရကာ ကောက်ယူသွားသော ကြောင့် ရိက္ခာပြတ်သည့်အဖြစ်မျိုးနှင့် ကြုံကြရသည်။

ဂျပန်တပ်များ သိမ်းပိုက်ထားသော နယ်မြေအတွင်းမှာ အရဲစွန့်၍ ဝင်ရောက်နေကြသော ချင်းဒစ်တပ်များမှာ စစ်ဆင် ရေးကြောင့် ပင်ပန်းဆင်းရဲမှုဒဏ်များ ခံနေရသည့်ကြားမှ ရိက္ခာ ပြတ်သောဒုက္ခကိုပါ ခံကြရလေရာ များစွာစိတ်ဓါတ်ကျကာ ဒေါသလည်း ဖြစ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ဝင်းဂိတ်က အိန္ဒိယစစ်ဌာနချုပ်သို့ အကြောင်းကြားလေရာ လေပြင်းမုန်တိုင်း ကျနေသောအချိန်တွင် ရိက္ခာများ တင်ထားသောလေယာဉ်ပျံသည် မြေနီရွာပေါ်သို့ ရောက်လာလေတော့သည်။

လေပြင်းမုန်တိုင်းများ ကျနေသောကြောင့် လေယာဉ်ဆင်းရန် ပြုလုပ်ထားသောကွင်းနှင့် အမှတ်အသားပြုကာ ထွန်းပေးထားသော မီးရောင်အမှတ်အသားများလည်း တစ်ခုမှ မတွေ့နိုင်တော့ပေ။

လေယာဉ်မှူးက လေယာဉ်ဆင်းသက်ရန် မဖြစ်နိုင်သည်ကတစ်ကြောင်း၊ ဝန်အပြည့်နှင့် ထောင်များကို ကျော်၍ ပျံသန်းရန် မဖြစ်သာသောကြောင့် ၎င်းတင်ဆောင်လာသော ပစ္စည်းများကို ချင်းတွင်းမြစ်တစ်နေရာ၌ ရှိနေသော ချင်းဒစ်တပ်များ ရှိရာသို့ မှန်း၍ ပစ်ချပေးရန် စီမံလေသည်။

သို့သော်လည်း လေယာဉ်မှူး ရွေးချယ်သောနေရာမှာ ချင်းဒစ်တပ်များနှင့် မနီးဘဲ ဂျပန်တပ်များ စခန်းချနေသောနေရာနှင့် တစ်မိုင်နှစ်မိုင်ခန့်သာ ကွာဝေးသောကြောင့် ချပေးသမျှပစ္စည်းများကို ဂျပန်တပ်များက အားလုံးကောက်ယူသွားလေတော့သည်။

ချင်းဒစ်တပ်များမှာ ဘာမှမရလိုက်ကြပေ။

ဂျပန်တပ်များ ကောက်ယူသွားသောအထုပ်များမှာ ရိက္ခာထုပ်များချည်းဆိုလျှင် မထောင်းတာပေ။

စစ်ရေးအတွက်လည်း ဘာမှ ဘေးအန္တရာယ်မရှိနိုင်ပေ။





သို့သော်. . .

လေယာဉ်ပေါ်မှ ချပေးခဲ့သောပစ္စည်းများတွင် စစ်ဌာနချုပ်သုံးခုနှင့် စစ်ကြောင်းငါးကြောင်းတို့အတွက် လျှို့ဝှက်စီမံချက်များ ပါဝင်လေရာ ရန်သူတို့အား စစ်အင်္ဂါတစ်ခုလုံး လက်ဆောင်ပေးလိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

ဂျပန်တို့မှာ ထိုအိတ်များ ရသောအခါ အိတ်များကို ဖွင့်၍စစ်ဆေးကြရာ လျှို့ဝှက်စာများကို တွေ့ရှိသွားလေသည်။

ထိုစာများကို ဖတ်ရှုရသောအခါ ဗြိတိသျှတပ်များ၏ လျှို့ဝှက်ချက်များကို သိသွားကြလေတော့သည်။

သူတို့ပိုင်နက်ထဲမှာ မည်သည့်တပ်များ ရောက်ရှိနေသည်၊ မည်သူက ဦးဆောင်ဦးစီးပြုလာသည်ကိုပါ သိခွင့်ရသွားကြလေတော့သည်။

၎င်းတို့တပ်များနှင့် အနီးဆုံးမှာ ရောက်နေသော ဝင်းဂိတ်၏ချင်းဒစ်တပ်များ၏လျှို့ဝှက်ချက်များကို သိရှိသွားပြီးနောက် လိုက်လံရှာဖွေချေမှုန်းရန် စီမံဆောင်ရွက်ကြလေတော့သည်။

တကယ်တမ်း ဂျပန်တပ်များနှင့် ရင်ဆိုင်တွေ့၍ တိုက်ခိုက်ကြသောအခါမှာ ဝင်းဂိတ် ခေါ်ဆောင်လာသောစစ်သားများမှာ အရည်အချင်း မပြည့်ဝဘဲ အတွေ့အကြုံ နည်းကြသောကြောင့် အရှုံးဖြင့် ရင်ဆိုင်ကြရလေသည်။

တိုက်ပွဲအတွေ့အကြုံ နည်းကြသောကြောင့် ရန်သူများနှင့် အနီးကပ် ရင်ဆိုင်တိုးသောအခါ 'လုံ့စွပ်ထိုး' တိုက်ခိုက်ရန်



www.burmeseclassic.com

www.burmeseclassic.com

အမိန့်ပေးသည်ကိုပင် မလုပ်ဝံ့ကြဘဲ ထွက်ပြေးသူက ပြေးကြလေသည်။

တိုက်ပွဲအတွင်းမှ ထိခိုက်ဒဏ်ရာ အပြင်းအထန်ရသော စစ်သားများကို မကယ်နိုင်သောကြောင့် သစ်ပင်ချုံနွယ်များ အတွင်းမှာ ဒီအတိုင်း ထားခဲ့ရပေသည်။

စစ်တပ်ကို အုပ်ချုပ်တာဝန်ယူနေရသော ခေါင်းဆောင် အနေနှင့်လည်း ထိုကဲ့သို့ မပြုလိုသော်လည်း နောက်တန်းမှလည်း အကူအညီမရ၊ အဆက်အသွယ်ကပြတ်၊ ဆေးဝါးနှင့် ရိက္ခာကလည်း မရှိတော့သဖြင့် ဒီအတိုင်းပင် ထားခဲ့ကြရလေသည်။

ထိုသို့ထားခဲ့ကြရာ အချို့လည်း ဒဏ်ရာကြောင့် သေကြသည်။ အချို့လည်း ရောဂါဝင်လာပြီး သေကြသည်။

အချို့မှာလည်း ဂျပန်တပ်များက ရှာဖွေတွေ့သွားသောကြောင့် ရက်ရက်စက်စက် သတ်ပစ်သောကြောင့် သေဆုံးသွားကြလေရာ စစ်သားများမှာ အတော်လျော့သွားခဲ့လေသည်။

မတ်လကုန်ခါနီးတွင် ချင်းဒစ်များသည် ပင်ပန်းလွန်းသောကြောင့် ပိန်ချုံးချည့်နဲ့လာကြလေပြီ၊

ထိုအချိန်မှာပင် ဝင်းဂိတ်၏စစ်ကြောင်းများအား အခြေခံစခန်းသို့ ပြန်လည်ဆုတ်ခွာရန် အိန္ဒိယပြည်မှ အမိန့်ရောက်လာလေတော့သည်။

ထိုအမိန့်ရောက်လာသော်လည်း ဝင်းဂိတ်က မနာခံဘဲ ရှိတာ ရှာဖွေစားပြီး ကြံ့ကြံ့ခံနေရန် စိတ်ကူးလိုက်သေးသည်။





သို့သော်လည်း တပ်သားများကို စစ်ဆေးကြည့်သောအခါ နောက်ထပ်ကြာကြာ ခံနိုင်ရည်ရှိတော့မည်မဟုတ်ကြောင်း ရိပ်မိလေသည်။

တပ်သားများသည် ခံနိုင်ရည်ဖွဲ့နှင့်အတူ စိတ်ဓါတ်ပါ ကျဆင်းနေသည်ကိုလည်း သတိပြုမိလေသည်။

တပ်သားမှာ တုန်လှုပ်ချောက်ခြားနေသော အဓိက အချက်မှာ ဒဏ်ရာရသောသူများကို မသယ်နိုင်သဖြင့် ချုံပုတ်များအတွင်းမှာ ဖြစ်သလို ထားခဲ့ရသဖြင့် သေကြေရသောအဖြစ်ကြောင့်ပင်ဖြစ်ပေသည်။

အကယ်၍ ရှေ့သို့ ချီတက်သွားသောတပ်များကို မှီအောင် မလိုက်နိုင်သောကြောင့် သစ်ပင်မှာ မှီ၍ကျန်ခဲ့လျှင်လည်း ကျန်သူများက မည်သို့မှ အကူအညီမပေးနိုင်ပဲ ဒီအတိုင်းပင် ထားခဲ့ရလေသည်။

ဝင်းဂိတ်အနေနှင့်လည်း မိမိတပ်သားများကို ထိုကဲ့သို့ ထားခဲ့ရသည်ကို စိတ်မချမ်းမသာဖြစ်မိသော်လည်း သူကိုယ်တိုင်က ဘာမှမတတ်နိုင်အောင်ဖြစ်နေတော့သည်။

သို့သော်လည်း ဂျပန်တပ်များကလည်း နောက်မှ လိုက်လံရှာဖွေနေပြီဖြစ်သောကြောင့် မနားဝံ့ကြပေ။

နောက်ဆုံးတော့ လူသူအပေါက်အရောက်နည်းသော နေရာများတွင် လျှို့ဝှက်စွာ နေထိုင်သော နာဂအချို့ကို လမ်းပြခိုင်း၍ ထွက်ရာမှ ကံအားလျော်စွာ လွတ်မြောက်ခဲ့ကြလေသည်။

စစ်ဆင်ရေး စထွက်စဉ်က လိုက်ပါသွားသော တပ်သား



www.burmeseclassic.com

www.burmeseclassic.com



(၃၀၀၀)အနက် နှစ်ထောင်ကျော်သည် အိန္ဒိယသို့ ပြန်လည်ရောက်လာခဲ့ကြသည်။

တပ်သားအနည်းငယ်မှလွဲ၍ အတော်များများမှာ ၎င်း၏စစ်အသုံးအဆောင်များကို ပြန်လည်သယ်ဆောင်နိုင်ခဲ့ကြသည်။ တပ်သား(၁၀၀၀)နီးပါး ပျောက်ဆုံးကျန်ခဲ့သည်မှာ (၄၅၀)မှာ တိုက်ပွဲကျဆုံးမှုများဖြစ်သည်။

ကချင်တပ်သား(၁၂၀)ကျော်တို့မှာ မူလတပ်နှင့် ပြန်မလိုက်ကြတော့ဘဲ မြန်မာပြည်မြောက်ဖျားမှာပင် နေခဲ့ကြလေသည်။

ကျန်တပ်သားများကတော့ ဂျပန်များလက်သို့ ကျရောက်သွားပြီး ရက်ရက်စက်စက် အသတ်ခံခဲ့ကြလေသည်။

အကျအဆုံးများစွာနှင့် ပြန်ရောက်လာသော ဝင်းဂိတ်၏ချင်းဒစ်တပ်အခြေအနေနှင့် တပ်သားများ၏အခြေအနေကို ကြည့်ပြီး သေနာပတိ စစ်ဌာနချုပ်မှာလည်း မျက်လုံးပြူးသွားလေသည်။

၎င်းတို့ပေါ့လျော့မှုကြောင့် ရိက္ခာများ မရောက်သည့်အပြင် လေတပ်မှ ဖြစ်သလို ချပေးသောအထုပ်များမှာ ရန်သူဂျပန်များလက်ထဲသို့ ရောက်သွားသောကြောင့် လျှို့ဝှက်ချက်များကို သိရှိသွားပြီးနောက် လိုက်လံချေမှုန်းခြင်း ခံကြရသဖြင့် ယခုကဲ့သို့ အထိနာခဲ့ခြင်းဖြစ်ကြောင်းလည်း သိကြလေသည်။

သို့သော် လွန်သွားခဲ့ချေပြီ။

ဝင်းဂိတ်က ၎င်းတပ်ကို ချင်းဒစ်ဟု အမည်ပေးထား





ခြင်းမှာ ‘ခြသေ့်’ ဟု အဓိပ္ပါယ်ရသည်။

ခြသေ့်သည် ရန်သူနှင့် တိုက်ခိုက်ရာတွင် ရဲဝံ့သည်။ အနိုင်မခံ အရှုံးမပေးတမ်း အသက်ပေး၍ တိုက်ခိုက်လေ့ရှိသောကြောင့် ထိုအမည်ကို ရွေးပေးခဲ့ခြင်းဖြစ်သည်။

ယခု ပထမအကြိမ် စစ်ဆင်ရေးမှာတော့ သူ၏ချင်းဒစ်တပ်များမှာ ဂျပန်တပ်များကို မရှုမလှ အရှုံးပေးခဲ့ကြရလေသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

## ချင်းဒစ်များအတွက် ဝံကြမ္မာအလှည့်အပြောင်း

တကယ်တော့ ထိုစစ်ဆင်ရေးကြီးတစ်ခုလုံး၏ အဓိကသော့ချက်မှာ အော့ဒ်ဝင်းဂိတ်ပင်ဖြစ်သည်။

သို့သော် ဝင်းဂိတ်ကို အခြားအရာရှိများက မနာလိုကြပေ၊ သူ့တွင် အတိုက်အခံများစွာရှိသည်။ လန်ဒန်မြို့စစ်ရုံးမှ သူ၏အတိုက်အခံများကလည်း အချိန်ကို စောင့်နေကြခြင်းဖြစ်၏။

၎င်းတို့သည် အခွင့်သင့်လျှင် ဝင်းဂိတ်၏အကြံအစည်



www.burmeseclassic.com

www.burmeseclassic.com



များ၊ ရည်ရွယ်ချက်များ ပျက်စီးအောင် အခွင့်ကောင်း စောင့်နေကြသည်။

နောက်တစ်ဖန် စစ်ဆင်ရေး စခါနီးသောအခါ သူ၏အတွင်းရန်သူများ ဆုတောင်းနေကြသည့်အတိုင်း ဖြစ်လာလေတော့သည်။

လာလာဂတ် လေယာဉ်ကွင်းပေါ်တွင် စက်မဲ့လေယာဉ်များနှင့် ဆွဲလေယာဉ်များ စုဝေးနေကြသည်။

သစ်ပင်၊ ချုံပုတ်များကြားမှာ သိုဝှက်ထားသော မြေထိုးစက်၊ မြေညှိစက်များမှာ စက်မဲ့လေယာဉ်ပျံပေါ်သို့ တင်ရန်အဆင်သင့်ဖြစ်နေကြလေပြီ။

ဗြိတိသျှ၊ အနောက်အာဖရိကနှင့် အိန္ဒိယ ခြေလျင်တပ်များနှင့် အမေရိကန် စက်မှုပညာရှင်များမှာလည်း အဆင်သင့်ဖြစ်နေကြသည်။

တပ်သားအင်အားမှာ (၁၄၀၀၀)ခန့်ပင် ရှိရာ ၎င်းတို့စစ်ဆင်ရေးအတွက် အကြီးအကျယ်ဆုံးဟု ဆိုရပေမည်။

ဝင်းဂိတ်က ချင်းဒစ်တပ်သားများအားလုံးကိုလည်း မုတ်ဆိတ်ရိတ်ခွင့် ပြုလိုက်သည်။

ယခင်တစ်ခေါက် စစ်ဆင်ရေး ထွက်စဉ်က မုတ်ဆိတ်ရိတ်ခွင့် မပြုသဖြင့် မျက်နှာပေါ်သို့ ဖုံးကျနေသောမုတ်ဆိတ်များကို သူ့ထက်ငါ ရိတ်ပစ်ကြလေသည်။

တပ်တစ်တပ်လုံး မုတ်ဆိတ်များ ရိတ်ကြသော်လည်း ဝင်းဂိတ်ကတော့ သူ၏မုတ်ဆိတ်ရှည်များကို ရိတ်ဖယ်ခြင်းမပြု





ပေ။ အဘယ့်ကြောင့်ဆိုသော် စစ်ဆင်ရေးတွင် သူကိုယ်တိုင်မလိုက်သေးသောကြောင့်ဖြစ်သည်။

စေလွှတ်မည့်တပ်သားများကို လေယာဉ်ကွင်းသုံးခုပေါ်တွင် ဆင်းသက်စေရန် စီမံထားသည်။

၎င်းတို့မှာ 'ပစ်ကာဒီလီကွင်း' နှင့် 'ဘရော့ဒ်ဝေးကွင်း' တို့ဖြစ်ပြီး 'ချောင်ရင်ဂီကွင်း' မှာ အရေးပေါ် ဆင်းသက်ရန် စီမံထားသောကွင်းဖြစ်လေသည်။

လေယာဉ်ကွင်းသုံးကွင်း ရှိသောနေရာ မိုးကောင်း၊ အင်းတော်၊ ဗန်းမော် တြိဂံနယ်သုံးခုအတွင်း၌ ဖြစ်ပြီး တောတောင်ထူထပ်ကာ မြစ်ချောင်းများလည်း ပေါလှသည်။

ဂျပန်စစ်မျက်နှာ၏နောက် မိုင်(၂၅၀)အတွင်းကျသည်။

ပထမဆုံး စက်မဲ့လေယာဉ်များသည် ခြေလျင်တပ်သားများကို တင်ဆောင်၍ မြေပြင်သို့ ဆင်းလျှင်ဆင်းချင်း ရန်သူများရှိမရှိကို ပြန်လည်သတင်းပို့ရမည်ဖြစ်သည်။

ရန်သူကင်းရှင်းသည်နှင့် ခြေလျင်တပ်သားများသည် ဘေးသို့ ဖြန့်ထွက်နေရာယူပြီး မြေထိုးစက်၊ မြေညှိစက်များနှင့် ထိုစက်များကို ကိုင်တွယ်အသုံးပြုမည့် အမေရိကန် စက်မှုပညာရှင်များ စက်မဲ့လေယာဉ်များ ဆင်းသက်နိုင်အောင် ကွင်းပြုတ်ဝန်းကျင်မှ ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။

မြေထိုးစက်၊ မြေညှိစက်များနှင့် ပညာရှင်များ ရောက်ပါက ဂျစ်ကားများ၊ ဝန်တင်တိရစ္ဆာန်များ၊ အမြောက်များ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဆက်သွယ်ရေးစက်များ တင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

လာမည့် စီ(၄၇) ဒါကိုတာ လေယာဉ်ကြီးများ ဆင်းသက်နိုင်လောက်သော လေယာဉ်ကွင်းများ ဖောက်လုပ်ကြရန်ဖြစ်သည်။

အားလုံးအဆင်သင့်ဖြစ်ပါက ဂျပန်များကို တိုက်ခိုက်ရန် ချီတက်ကြရန် စီမံထားသည်။

ယ-ရက်ကို (၁၉၄၄)ခု၊ မတ်လ(၅)ရက်၊ တနင်္ဂနွေနေ့ နံနက်ပိုင်းအချိန်ကို သတ်မှတ်ထားသည်။

စစ်မထွက်မီကတည်းက အစီအစဉ်များကို လိုလေသေး မရှိအောင် စီမံထားသည်။

ထိုအချိန်မှာပင် ဝင်းဂိတ် စီစဉ်သော ပရိယာယ် စစ်ဆင်ရေးကိုလည်း ပြုလုပ်ခဲ့ကြသည်။

တောတစ်တောလုံးတွင် လေထီးတပ်သားအတုများကို ချပေးခဲ့လေသည်။

ထိုအစီအစဉ်မှာ ဂျပန်များကို လှည့်စားရန်အတွက်ဖြစ်သည်။ လေထီးတပ်သားအတုများကို ချရာမှာတော့ လေယာဉ်ကွင်းများ ရှိသော ပစ်ကာဒီလီနှင့် ဘရော့ဒ်ဝေးဟု အမည်ပေးထားသောနေရာများကိုတော့ ကွက်လပ်ချန်ထားခဲ့သည်။

ဂျပန်တို့ သင်္ကာမကင်း မဖြစ်စေရန် လေယာဉ်ဆင်းရန် လျာထားသောအကွက်များကို ဝေးဝေးမှ ရှောင်ရှားရန်လည်း အမိန့်ပေးထားလေသည်။

သို့သော်လည်း ဝင်းဂိတ်စီစဉ်သလိုတော့ ချောချောမောမော မဖြစ်ခဲ့ပေ။

လေတပ်မှ လေယာဉ်တစ်စင်းသည် လျှို့ဝှက်ထား





သောနေရာများကို ဓာတ်ပုံရိုက်ယူသွားသည်။

ထိုလေယာဉ်မှူးသည် ဝင်းဂိတ်နှင့် မသင့်မြတ်သော ဗိုလ်ချုပ်တစ်ဦး၏ဘက်တော်သားဖြစ်လေသည်။

၎င်းတို့သည် ထိုအစီအစဉ်ကို ဝင်းဂိတ်မသိအောင် လျှို့ဝှက်ဆောင်ရွက်သွားခြင်း ဖြစ်သည်။

ဝင်းဂိတ်တို့ သတ်မှတ်ထားသောနေ့ ရောက်သောအခါ ရပ်ရွှန်သည် ဗိုလ်မှူးကြီး အာရ်၊ ဘီ၊ စမစ်သ် မောင်းသော ဘီ-၂၅ လေယာဉ်ကြီးဖြင့် ထွက်ခွာသွားလေသည်။

လေယာဉ်သည် ပထမ ဘရော့ဒ်ဝေးသို့ ပျံသန်းသည်။ အောက်မှာ မြင်နေရသော ကွက်လပ်ကြီးမှာ ခြေရာလက်ရာမပျက် လူသူကင်းရှင်းစွာ ရှိနေလေသည်။

ဗိုလ်မှူးကြီးစမစ်သ်သည် ၎င်း၏လေယာဉ်ကို ပစ်ကာဒီလီဘက်သို့ လှည့်ပြန်သည်။

ထိုကွင်းသို့ ရောက်သောအခါမှ ထိတ်လန့်ဖွယ်ရာမြင်ကွင်းများကို မသဲမကွဲ တွေ့ရလေသည်။

အခြားမဟုတ်ပေ. . .။

ကွင်းအတွင်းမှာ ကန့်လန့်ချထားသောအရာများကို လှမ်းမြင်ရသဖြင့် ပိုမိုသေချာအောင် လေယာဉ်ကို နိမ့်နိုင်သမျှနိမ့်အောင် ပျံသန်းပြီး အသေအချာ ကြည့်သောအခါ ကွင်းအတွင်း၌ သစ်လုံးကြီးများ ရာထောင်ချီ၍ ချထားသည်ကို တွေ့ရသဖြင့် ဓာတ်ပုံရိုက်ယူပြီးနောက် မိမိစခန်းသို့ ပြန်လှည့်ခဲ့ရလေသည်။


www.burmeseclassic.com

www.burmeseclassic.com


ခတ်ပုံများ ဆေးပြီးအခါ လာလာဂတ်သို့ စကားပြော ကြေးနန်းဖြင့် သတင်းပို့ရန် ကြိုးစားသော်လည်း စစ်ထွက်ကာနီး ရေဒီယိုအားလုံး အသံမထွက်ရန် အမိန့်ပေးထားသောကြောင့် ပို့၍မရပေ။

ကူးထားသောဓာတ်ပုံများ မခြောက်သေးမီ စကားပြော ကြေးနန်းဖြင့် ဆက်သွယ်ပြောကြားရန် ကြိုးစားသော်လည်း မရပေ။ အချိန်ကလည်း ညနေစောင်းလာပြီဖြစ်သောကြောင့် စစ်ဆင်ရေးအချိန်ကလည်း တဖြည်းဖြည်းနှင့် နီးကပ်လာချေပြီ။ စစ်ဆင်ရေးအတွက် အမိက အရေးကြီးသော လေယာဉ်ကွင်းများ၏အခြေအနေကို သတင်းပို့ရန် သေရေးရှင်ရေးတမျှ အရေးကြီးနေလေသည်။

အကယ်၍ အချိန်မီ သတင်းပို့မပေးနိုင်ပါက အားလုံး သေကြေပျက်စီးရမည့် အန္တရာယ်ကြီးနှင့် ကြုံတွေ့ရပေတော့မည်။

နောက်ဆုံးတော့ ရပ်ရွန်သည် ဓါတ်ပုံများကို ကော့ခရန် လက်သို့ အမြန်ဆုံး ရောက်အောင် ပေးအပ်ရန် ညွှန်ကြားလိုက်ပြီး တိုက်လေယာဉ်တစ်စီးကို လွှတ်လိုက်လေသည်။

သူကိုယ်တိုင်က အပေါ့စားလေယာဉ်တစ်စီးဖြင့် နောက်မှ လိုက်ခဲ့လေသည်။

သူရောက်သွားသောအခါ ဓါတ်ပုံများက ရောက်နှင့်နေကြလေပြီ။

ကော့ခရန်က ဗိုလ်ချုပ်ဝင်းဂိတ်အား မှတ်တမ်းဓါတ်ပုံများ ပြလေသည်။

ဗိုလ်ချုပ်ဝင်းဂိတ်မှာ ကင်းထောက်ခြင်း မပြုလုပ်ရန် တားမြစ်ထားသောနေရာမှ ဓါတ်ပုံများကို မြင်သောအခါ ဒေါသဖြစ်သွားသော်လည်း အခြေအနေက လွန်ခဲ့လေပြီ။

သို့ကြောင့် စစ်ဆင်ရေးအတွက် ရောက်နေကြသော အမှတ်(၁၄) တပ်မတော်တပ်မှူးကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး စလင်းနှင့် ဒေလီမြို့ သေနာပတိစစ်ဌာနချုပ်မှ ထိပ်တန်းအရာရှိကြီးများမှာ ဓါတ်ပုံများကို ကြည့်ကာ အကျပ်ရိုက်သွားကြတော့သည်။

ထိုအချိန်မှာ ဝင်းဂိတ်နှင့်စလင်းတို့နှစ်ယောက်မှာ စိတ်တူကိုယ်တူ လက်တွဲဖော်များဖြစ်ကာ တိုင်ပင်ဖော်တိုင်ပင်ဖက်များလည်း ဖြစ်ကြလေရာ နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြလေသည်။

နှစ်ယောက်သား တိုင်ပင်ပြီးနောက် ဝင်းဂိတ်က ဖျတ်ကနဲ လှည့်ထွက်သွားပြီး 'ကဲလ်ဗတ်' ထံသို့ သွားလေသည်။

"ပစ်ကာဒီလီကို မသုံးနိုင်တာကတော့ သေချာသွားပြီ၊ ဒါပေမယ့် ဘရော့ဒ်ဝေးနဲ့ ချောင်ရင်ဂီကို သွားရင် ရနိုင်တယ်၊ ခင်ဗျားသွားနိုင်မလား"

ဟု မေးသည်။

ချောင်ရင်ဂီမှာ အရံအတွက် ထားသောကွင်းဖြစ်သည်။

"အခုမှ မသွားရင် လသာရက်ကို ပြန်ပြီးစောင့်ရဦးမယ်၊ ရာသီဥတုကလည်း နောက်ကျလာပြီ၊ ဒါဟာ နောက်ဆုံးအခွင့်အရေးပဲ၊ အခုမှ မထွက်ရင် တဖြည်းဖြည်းနဲ့ ထွက်နိုင်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး၊

စလင်းနဲ့ လေယာဉ်မှူးတွေအားလုံးကတော့ အဆင်သင့်ဖြစ်နေကြပြီ၊ ကျုပ်သဘောကတော့ အခုပဲ ထွက်စေချင်တယ်၊ ခင်ဗျားသဘောက ဘယ်လိုလဲ”

ဟု ပြောသောအခါ ကဲလ်ဗတ်က. . .

“ကျွန်တော်သွားမယ်၊ ကျွန်တော့်သဘောကတော့ တပ်မဟာတစ်ခုလုံးကို ဘရော့ဒ်ဝေးကွင်းကိုပဲ ခေါ်သွားချင်တယ်၊ ချောင်ရင်ဂီကို ထည့်ရင် နှစ်စုကွဲသွားလိမ့်မယ်၊ နှစ်နေရာ မခွဲဘဲ တစ်နေရာတည်း ဆင်းတော့ ပိုပြီးအချိန်ရတာပေါ့”

ဟု ပြန်ပြောလေသည်။

ထိုစကားကြားသောအခါမှ ဝင်းဂိတ်မှာ အလုံးကြီး ကျသွားလေတော့သည်။

သူတို့အတွက် အချိန်က များများမကျန်တော့ပေ။

လသာရက် နှစ်ညသုံးညသာ ကျန်တော့သည်။

လူပေါင်း(၁၄၀၀၀)၊ လားကောင်ရေ ထောင်ပေါင်းများစွာနှင့် အမြောက်အမြား၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ခံတပ်ဆောက်လုပ်ရေးပစ္စည်းများကို လေကြောင်းမှ သယ်ပို့ရန် နှစ်ရက်သုံးရက်သာ အချိန်ကျန်တော့သည်။

ထိုအချိန်လောက်ဆိုလျှင်ပင် ဂျပန်တပ်သားများက သူတို့ရည်ရွယ်ချက်ကို ရိပ်မိတန်သလောက် ရိပ်မိနေကြပေရော့မည်။ အကယ်၍ ယခုချက်ချင်း မလုပ်ဘဲ နောက်လသာရက်အထိ စောင့်ဆိုင်းနေပါက ဂျပန်တပ်များက သူတို့စစ်ဆင်ရေး





တစ်ခုလုံး ချေမှုန်းပစ်ရန် စီမံကြမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

သို့ကြောင့် စစ်ဆင်ရေးကို မတ်လ(၅)ရက်နေ့တွင် စတင်ဆောင်ရွက်ကြလေသည်။

ထိုနေ့ သန်းခေါင်ယံ မတိုင်မီ တစ်နာရီခန့်အလိုတွင် သတ်မှတ်ထားသောနေရာသို့ စတင်ဆင်းသက်ကြလေသည်။ ခြေလျင်တပ်များကို ဦးစီးသော ဗိုလ်မှူးချုပ်ကဲလ်ဗတ်နှင့် လေယာဉ်မှူးများ၊

စက်မှုကျွမ်းကျင်သူများကို ဦးစီးသည့် ဗိုလ်မှူးကြီး အယ်လီဆင်တို့အား ပေးလိုက်သော ညွှန်ကြားချက်မှာ. . .

၎င်းတို့ မြေပြင်သို့ ရောက်လျှင်ရောက်ချင်း လာလာဂတ် အခြေစခန်းသို့ ရေဒီယို သို့မဟုတ် ရေဒီယိုတယ်လီဖုန်းဖြင့် ဆက်သွယ်သတင်းပို့ရန်ဖြစ်သည်။

သို့သော် နာရီများ အတန်ငယ်ကြာသည်အထိ မည်သည့်ဆက်သွယ်မှုသတင်းမှ ရောက်မလာခဲ့ပေ။

မကြာမီ စက်မဲ့လေယာဉ်များကို ဆွဲလေယာဉ်အဖြစ် အသုံးပြုခဲ့သော သယ်ယူပို့ဆောင်ရေးလေယာဉ်များမှာ စခန်းသို့ တဖွဲဖွဲ ပြန်လည်ရောက်ရှိလာကြလေသည်။

ထိုအခါ ဆက်သွယ်ရေးအရာရှိများက အခြေအနေမှန်သိရန် လိုက်လံစုံစမ်းကြသည်။

ပြန်ရောက်လာသော လေယာဉ်မှူးအချို့က. . .

“မြေပြင်ပေါ်မှာတော့ မီးလောင်ပြီး ရှုပ်ထွေးနေတာ


www.burmeseclassic.com

www.burmeseclassic.com

တွေ့ခဲ့ရတယ်၊ လေယာဉ်လမ်း လွဲချော်မှု တစ်ခုခုဖြစ်နေတယ်လို့ ယူဆစရာရှိပါတယ်”

ဟု ခန့်မှန်းပြောဆိုကြသည်။

ထိုသတင်းကြားသောအခါ ဝင်းကိတ်မှာ များစွာစိတ်ပူသွားလေသည်။

အော့ဒ်ဝင်းကိတ်အဖို့ ယခင်က စစ်မြေပြင်တွင် တိုက်ခိုက်ရေးတပ်မှူးဘဝနှင့် တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် သတင်းပို့ခြင်းကို စောင့်စရာမလိုဘဲ အခြေအနေကို ချက်ချင်းသိခွင့်ရလေသည်။

ယခု စစ်ဌာနချုပ်၏ထိပ်တန်းဦးစီးမှူးဘဝဖြင့် နောက်တန်းမှာ ကျန်နေခဲ့ရာမှ လက်အောက်ခံအရာရှိများ လာရောက်သတင်းပို့ရန် စောင့်မျှော်နေရသည်။

သို့သော် မည်သူကမှ ရောက်မလာကြပေ။

သူသည် နောက်တန်းမှာ ရှိနေစဉ်မှာပင် လေယာဉ်မှူးတို့၏ကံကြမ္မာကို စိုးရိမ်ပူပန်လျက်ရှိနေလေသည်။

မတ်လ(၆)ရက်နေ့တွင် ကဲလ်ဗတ်ထံမှ သတင်းပို့ချက်ဝင်လာသည်။

သတင်းပို့ချက်က စကားသုံးခွန်းသာ ကြားလိုက်ရပြီး ပျောက်သွားလေသည်။

“ပဲပိစပ်. . . ပဲပိစပ်. . . ပဲပိစပ်”

ဟူသော သတင်းပို့ချက်ဖြစ်သည်။

ထိုစကား၏အဓိပ္ပါယ်မှာ. . .





စစ်ဆင်ရေး ဘေးအန္တရာယ်ဆိုးများဖြင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း သတင်းပို့ချက်ပင်ဖြစ်သည်။

ထိုသတင်းပို့ချက် ကြားသောအခါ ဗိုလ်ချုပ်ဝင်းကိတ်မှာ များစွာစိုးရိမ်တုန်လှုပ်မှုဖြစ်သွားလေသည်။

သို့သော်လည်း ၎င်းအခြေအနေ ပျက်နေသည်ကို မည်သူမှ မရိပ်မိအောင် ဖုံးကွယ်ထားလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

အခြားအရာရှိများ တွေ့လျှင် ဝမ်းသာမည်စိုးသောကြောင့်ဖြစ်လေသည်။

နောက်ထပ်လေးနာရီခန့်ကြာသောအခါ သတင်းပို့ချက်တစ်ခုထပ်ဝင်လာသည်။

“ဝက်အူချောင်း ဝက်အူချောင်း ဝက်အူချောင်း”

ဟူသော စကားဝှက်ဖြစ်သည်။

အဓိပ္ပါယ်မှာ. .

အခြေအနေကောင်းသည်၊ ဆက်လုပ်ပါ ဟူသော အဓိပ္ပါယ် ဖြစ်သည်။

ထိုသတင်းပို့ချက် ကြားရသောအခါမှ ဝင်းကိတ်အပါအဝင် တပ်သားများမှာ ပျော်ရွှင်ဝမ်းမြောက်သွားကြလေတော့သည်။

ရှေ့တန်းစစ်မျက်နှာတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်မှာ. . .

ဘရော့ဒ်ဝေးကွင်းထဲသို့ အခြားလေယာဉ်ပျံများဆင်း



www.burmeseclassic.com

www.burmeseclassic.com

သက်နိုင်ဖို့ လမ်းပြရန်အတွက် မီးထွန်းစက်ကိရိယာများ တပ်ဆင်ထားသော စက်မဲ့လေယာဉ်မှာ လမ်းချော်ပြီးနောက် တောထဲတွင် ပျက်စီးသွားသည်။

အယ်လီဆင်၏ စက်မဲ့လေယာဉ်ကိုယ်တိုင် မြောင်းတစ်ခုအတွင်းသို့ ထိုးဆင်းသွားခဲ့လေသည်။

ပိုလ်ချုပ်မှူးကဲလ်ဗတ်ကို သယ်ဆောင်လာသော စက်မဲ့လေယာဉ်မှာ အဲလီဆင်၏လေယာဉ်မှာ အဲလီဆင်၏လေယာဉ်ကို ထူးထူးဆန်းဆန်း ခုန်ကျော်သွားပြီး ကံအားလျော်စွာ မည်သူတစ်ဦးတစ်ယောက်မှ ထိခိုက်ခြင်းမရှိဘဲ လွတ်ကင်းသွားခဲ့လေသည်။

ထိုသို့လွတ်သွားသည်နှင့် ချက်ချင်းပင် အခြားစက်မဲ့လေယာဉ်များ ဆင်းသက်နိုင်အောင် ဓါတ်ဆီမီးများ လောင်း၍ မီးတောက်များ ရှို့ကာ ပြခဲ့ကြသည်။

ထိုသို့ရှို့လိုက်တော့မှ မီးရောင်ဖြင့် လေယာဉ်ကွင်း၏ အနေအထားကို ကောင်းစွာတွေ့မြင်ရတော့သည်။

လေယာဉ်ကွင်းမှာ သာမန်မဟုတ်ဘဲ ကျင်းများ၊ ချိုင့်များ၊ သစ်တုံးများ၊ ချုံနွယ်များနှင့် တမင်ထောင်ထားသော ထောင်ချောက်တစ်ခုဖြစ်မှန်း တွေ့ရလေတော့သည်။

သို့ကြောင့် နောက်ကျသွားခဲ့ချေပြီ၊

သူတို့အချက်ပြသောမီးရောင်များကို တွေ့မြင်ကြသဖြင့် အခြားစက်မဲ့လေယာဉ်များက တစ်စင်းပြီးတစ်စင်း ဆင်းသက်လာကြသည်။





"ဘုရားရေ. . တခြားစက်မဲ့လေယာဉ်တွေ ဆင်းလာကြပြီ"

စက်မဲ့လေယာဉ်များမှာ အချို့ခပ်နိမ့်နိမ့်၊ အချို့မြင့်မြင့်၊ အချို့လည်း လရောင်နှင့်မီးရောင်ကို အားပြုကာ မြေပြင်သို့ ချောချောမောမော ဆင်းသက်နိုင်ရန် ကြိုးစားနေကြသည်။

ကဲလ်ဗတ်နှင့် အဲလီဆင်များမှာ ထိုမြင်ကွင်းကို ကြည့်ရင်း သွေးပျက်လုမတတ်ဖြစ်သွားကြသည်။

မီးရောင်မြင်သဖြင့် ဆင်းလာသော စက်မဲ့လေယာဉ်များမှာ အပျက်အစီးဘဝနှင့်သာ နိဂုံးချုပ်သွားကြသည်။

တစ်စင်းပြီးတစ်စင်း ထိုးဆင်းလာရာ ခဏချင်းမှာပင် အပျက်အစီးပုံကြီးက မြင့်သည်ထက် မြင့်လာပြီး များသည်ထက် ပိုများလာတော့သည်။

စက်မဲ့လေယာဉ်များ တစ်စုံတစ်ခုနှင့် အရှိန်ပြင်းစွာ ဝင်တိုက်မိပြီး ပေါက်ကွဲသံများမှာ ပူဖောင်းများစွာကို ထိုးဖောက်နေသကဲ့သို့ အဆက်မပြတ် ပေါ်ထွက်နေသည်။

စက်မဲ့လေယာဉ်ကိုယ်ထည်မှာ ပါးလွှာသောကြောင့် စက္ကူအိတ်များ ရိုက်ခွဲသလို အလွယ်တကူ ပေါက်ကွဲထွက်ကုန်လေသည်။

ဓင်းတင်ဆောင်လာသော မြေထိုးစက်၊ မြေညှိစက်များမှာ လွင့်ထွက်သွားပြီး သစ်ပင်များနှင့် ဝင်တိုက်မိသဖြင့် ကျိုးပဲ့ပြိုလဲသံများ၊

အပျက်အစီးများကြားမှာ ညှပ်နေသောကြောင့် လူတို့


www.burmeseclassic.com

www.burmeseclassic.com

၏အော်ဟစ်ညည်းညူသံများက အဆက်မပြတ် ပေါ်ထွက်နေသည်။ ဆေးအဖွဲ့များကလည်း ဒဏ်ရာရသူများကို အစွမ်းကုန် ပြုစုပေးကြရသည်။

အချို့စက်မဲ့လေယာဉ်များက သူတို့ခေါင်းပေါ်မှ ကပ်၍ ထိုးဆင်းလာသည်ကိုပင် မရှောင်နိုင်တော့ဘဲ အပျက်အစီးများကြားမှ အသက်ရှင်နေသူများ၊ ဒဏ်ရာရနေသူများကို အစွမ်းကုန် ကုသပေးကြရသည်။

ဓါတ်ငွေ့မီးရောင်များဖြင့် ခြေလက်ဖြတ်တန်ဖြတ်၊ သွေးတိတ်အောင် ပတ်တီးစည်းပေးသူကစည်း၊

သတိမေ့မျောနေသူများကို သတိပြန်ရအောင် ပြုစုသူက ပြုစုနှင့် အလုပ်ရှုပ်နေတော့သည်။

ဗိုလ်မှူးချုပ်ကဲလ်ဗတ်အမြင်မှာတော့ ယခုကဲ့သို့ ပျက်စီးဆုံးရှုံးမှုများသည် တပ်သားများ၊ စက်မဲ့လေယာဉ်များ ပျက်စီးဆုံးရှုံးခြင်းသာ မဟုတ်ဘဲ ဝင်းဂိတ်၏မျှော်လင့်ချက်များပါ ပျက်စီးဆုံးရှုံးခြင်းဟု မှတ်ယူနေသည်။

သူ့အနေနှင့် နောက်ထပ် စက်မဲ့လေယာဉ်များ မဆင်းသက်အောင် အချိန်မီ တားဆီးရန်ဖြစ်သော်လည်း ရေဒီယိုက ပျက်စီးသွားခဲ့ချေပြီ။

သို့ကြောင့် မည်သည့်သတင်းမှ မပို့နိုင်ဘဲ ရှိရာမှ နောက်ဆုံး ကံအားလျော်စွာ စက်တစ်လုံး ရသဖြင့် 'ပဲပိစပ်' ဟူသော စကားတစ်လုံးသာ ပို့နိုင်ခဲ့သည်။

သို့သော်လည်း ထိုစက်မှာလည်း ပဲပိစပ် စကားတစ်လုံးသာ ပို့နိုင်ပြီး ပျက်စီးသွားခဲ့လေသည်။





တောတစ်တောလုံး လူနာညည်းသံများသာ ဖုံးလွှမ်းနေပြီး မိုးလင်းရန်သာ စောင့်ဆိုင်းနေကြလေသည်။

အလင်းရောင် သမ်းလာသောအချိန်တွင် ကောင်းကင်မှ လေယာဉ်ပျံတစ်စီး၏စက်သံကို ကြားရသည်။

ဂျပန်တပ်က သူတို့ကို တွေ့သွားပြီအထင်နှင့် လက်လှမ်းမီရာ အမြောက်များကို ဆွဲကြသေးသည်။

နောက်မှ ထိုလေယာဉ်မှာ ဒါကိုတာလေယာဉ်တစ်စင်းဖြစ်ပြီး စက်မဲ့လေယာဉ်တစ်စင်းကို ဆွဲလာခြင်းဖြစ်၏။

သူသည် နောက်ကျပြီးမှ ရောက်လာခြင်း ဖြစ်ဟန်ရှိသည်။ ထိုကဲ့သို့ နောက်ကျပြီးမှ ရောက်လာခြင်းကပင် စစ်ပွဲအခြေအနေကို ပြောင်းလဲပစ်လိုက်သကဲ့သို့ ရှိချေသည်။ ပထမတော့ ထိုလေယာဉ် ဆင်းလာမည်ကို အားလုံးက စိုးရိမ်သွားကြသည်။

"သူဆင်းလို့မဖြစ်ဘူး၊ ဆင်းလာရင် အပျက်အစီးတွေနဲ့ တိုက်မိပြီးသေမှာပဲ"

ဟု အဲလီဆင်က အော်သည်။

သူတို့သည် မီးကျည်ပစ် ပစ္စတိုနှင့် အချက်ပြ လွှဲထုတ်ရန် ကြိုးစားကြသည်။

သို့သော် သေနတ်တစ်လက်မှ ရှာမတွေ့ပေ။

သေနတ်ရှာမတွေ့သောကြောင့် ဓါတ်ဆီမီးတုတ်များ ရှိရာသို့ ပြေးကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ခါတ်ဆီမီးတုတ်များကလည်း မီးလောင်နေပြီဖြစ်သဖြင့် ငြိမ်းသတ်ရန် မလွယ်တော့ပေ။

သို့ကြောင့် ကွင်းအစွန်အဖျားသို့ ပြေးထွက်ကာ စောင့်နေကြသည်။ ဆွဲလာသော ဒါကိုတာလေယာဉ်က ကြိုးမဲ့လေယာဉ်ကို ဖြုတ်ချထားခဲ့လေပြီ။

စက်မဲ့လေယာဉ်က ကောင်းကင်မှာ တည်တည်ငြိမ်ငြိမ်ပင် ပျံဝဲနေသည်။

အောက်မှ မော့ကြည့်နေသူများကတော့ မကြာမီ အပျက်အစီးဘဝသို့ ရောက်ရတော့မည်ဟု တွေးနေကြသည်။

မကြာမီ မရှုမလှ သေကြေပျက်စီးရမည့်မြင်ကွင်းကို ထပ်မံတွေ့ရတော့မည်မို့ စိတ်မကောင်းဖြစ်နေရုံမှတစ်ပါး အခြား မတတ်နိုင်တော့ပေ။

စက်မဲ့လေယာဉ်က မြေပြင်သို့ ဆင်းရန် တည့်လိုက်သည်။ ထိုအခါမှ လေယာဉ်မှူးသည် အဆင်းလမ်းတွင် အပျက်အစီးပုံကြီးကို တွေ့မြင်သွားပြီး လေယာဉ်ကို ရုတ်တရက် ဆွဲတင်လိုက်သည်။

သို့သော် မလွတ်တော့ပေ။

ကွင်းအစွန်သို့ ရောက်ရုံသာရောက်ပြီး အရှိန်ဖြင့် သစ်ပင်များကို ဝင်တိုက်လေတော့သည်။

စက်မဲ့လေယာဉ်ထဲမှာ ပါလာသူအားလုံး သေပြီဟုသာ အားလုံးထင်လိုက်ကြသည်။

သို့သော်လည်း ကံတရားက သူတို့အားလုံးကို ဖေးမပေး





လိုက်လေသည်။

စက်မဲ့လေယာဉ် ပျက်သွားသော်လည်း လေယာဉ်ပေါ်မှာ ပါလာသောလူများ တစ်ယောက်မှ မသေခဲ့ပေ။

ထိုအခြေအနေကပင် ကံကြမ္မာအလှည့်အပြောင်းကို ဖြစ်စေရုံမက စစ်ဆင်ရေးတစ်ခုလုံး၏အဖြေကိုပါ ပြောင်းလဲနိုင်ခဲ့ကြသည်။

စက်မဲ့လေယာဉ်ပေါ်၌ ဗိုလ်ဘရော့ကာအမည်ရှိ အမေရိကန် အင်ဂျင်နီယာတစ်ယောက်နှင့် မြေထိုးစက်၊ မြေညှိစက်များ၊ စက်မောင်းသူများ ပါလာလေသည်။

ထိုမျှ လေးလံသောဝန်ဖြင့် သစ်ပင်ကို ဝင်တိုက်ရာ အရှိန်ပြင်းလွန်းသောကြောင့် စက်မဲ့လေယာဉ်၏တောင်ပံနှစ်ဖက်စလုံး ပြုတ်ထွက်သွားသည်။

မြေထိုးစက်ကြီးမှာ အမြောက်မှ ပစ်လွှတ်လိုက်သော အမြောက်ကျည်ဆံကဲ့သို့ တဟုန်ထိုးမြောက်တက်လာပြီး စက်မဲ့လေယာဉ်ရှေ့ပိုင်းတစ်ခုလုံး ဖောက်ထွက်သွားပြီးနောက် ချုံများအတွင်းသို့ ရောက်သွားတော့သည်။

နောက်မှ တဖြည်းဖြည်း ပြန်လျှောကျလာပြီးနောက် မြေပေါ်သို့ ကျလာသည်။

သစ်ပင်ကြီးများနှင့် မတိုက်ဘဲ သေးငယ်သော သစ်ချုံများနှင့်သာ တိုက်မိသဖြင့် ပိုက်များဖြင့် ဆီးဖမ်းထားသကဲ့သို့ ဖြစ်သွားလေသည်။

မြေထိုးစက်ကြီး အရှိန်ဖြင့် ထိုးထွက်သွားစဉ်က ဘရော့


www.burmeseclassic.com

www.burmeseclassic.com

ကားတို့လူစုမှာ ကံကောင်းထောက်မသဖြင့် သီသီကလေး လွတ်မြောက်သွားကြခြင်းဖြစ်သည်။

မြေထိုးစက်ကြီးနှင့် မြေထိုးစက်အလုပ်သမားများ လွတ်မြောက်သွားရုံမက မြေထိုးစက်ကြီးမှာလည်း ပကတိ အကောင်းတိုင်း ရှိနေသေးသည်။

ဗိုလ်ဘရော့ကားက မြေထိုးစက်ကြီးကို စစ်ဆေးနေလေသည်။

ကဲလ်ဗတ်နှင့်အယ်လီဆင်တို့နှစ်ယောက်မှာမူ အပျက်အစီးပုံများကို ကြည့်ပြီး စိတ်ပျက်အားငယ်လျက်ရှိနေကြသည်။

၎င်းတို့တွင် လူ(၃၀)သေဆုံးပြီး (၂၁)ဦး ဒဏ်ရာရနေကြသည်။ ထွက်လာခဲ့သော စက်မဲ့လေယာဉ်(၅၄)စီးအနက် (၃၇)စီးမှာ ဘရော့ဒ်ဝေးကွင်းပေါ်သို့ ဆင်းသည့်လေယာဉ်က ဆင်းနိုင်ပြီး ပျက်သည့်လေယာဉ်က ပျက်စီးသွားလေပြီ။

(၆)စီးမှာ ဂျပန်နယ်မြေအတွင်းသို့ ရောက်သွားသည်။ ကျန်လေယာဉ်များမှာ အာသံနယ်ထဲ၌ ပျက်စီးသွားကြသည်။ ကဲလ်ဗတ် လက်အောက်မှာ လူ(၃၅၀)ရှိသည်။

သို့သော် ကွင်းမှာ သားသတ်ရုံကဲ့သို့ ဖြစ်နေချေပြီ။ ယူဆောင်လာသောမြေထိုးစက်နှင့် မြေညှိစက်များမှာ သုံးမရတော့လောက်အောင် ကျိုးပဲ့ပျက်စီးနေကြလေပြီ။

ကဲလ်ဗတ်မှာ သူ၏ပထမဆုံး ဦးဆောင်သော စစ်ဆင်ရေးမှာ ထိုကဲ့သို့ အပျက်အစီးများနှင့် စတင်ကြုံတွေ့ရသဖြင့် များစွာစိတ်ဓါတ်ကျနေတော့သည်။





ထိုအချိန်မှာပင် ဗိုလ်ဘရော့ကား အနားရောက်လာသည်။ သူသည် အရပ်မြင့်မြင့်နှင့် စိတ်ဓါတ်တည်ငြိမ်ဟန်ရှိသည်။

"ဘယ်လိုလဲ ဗိုလ်ကြီး၊ ကွင်းကတော့ မြင်တဲ့အတိုင်းပဲ ရှုပ်ယှက်ခတ်နေတော့တာပဲ"

"မှန်ပါတယ်"

"မြေညှိစက်အခြေအနေကရော ဘယ်လိုရှိသလဲ"

ထိုမေးခွန်းကို မေးရသော်လည်း စိတ်ထဲမှာ အားလျှော့လျက်ရှိနေသည်။

"မြေတူးစက်ရော မြေညှိစက်ပါ ကံအားလျော်စွာ အသုံးပြုလို့ရပါသေးတယ်"

"ဟင်. . . တကယ်ပဲလား၊ ဒါဖြင့် ကျုပ်တို့အားလုံး အခြေခံစခန်း ရောက်အောင် ပြန်ခေါ်သွားနိုင်လောက်အောင် ဒီကွင်းကို ရှင်းပေးလို့ ဖြစ်မလား"

"ဖြစ်နိုင်ပါတယ်"

"ဒီလိုဆိုရင် စစ်ဆင်ရေးအတွက် သယ်ယူပို့ဆောင်ရေး လေယာဉ်ကြီးတွေ ဆင်းနိုင်အောင် လုပ်ရမယ်၊ အချိန်ဘယ်လောက်ကြာမလဲ"

ဟု စိတ်အားထက်သန်စွာဖြင့် မေးလိုက်သည်။

"အခြေအနေကတော့ အတော်ဆိုးပါတယ်ခင်ဗျား၊ ဒါပေမယ့် ဗိုလ်ချုပ်ရဲ့လူတွေ အကူအညီရမယ်ဆိုရင်တော့ ဒီကနေ့ ညနေပိုင်းမှာ ပြီးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

လူအင်အားသုံး၍ စက်ကြီးနှစ်လုံးဖြင့် ဆောင်ရွက်ကြရာ ပြောသည့်အတိုင်း ညနေပိုင်းတွင် လေယာဉ်များ ဆင်းနိုင်လောက်အောင် ကွင်းအခြေအနေ ကောင်းသွားလေတော့သည်။

ညနေပိုင်းတွင် အခြားနေရာများထက် ပြန့်ပြူးသွားသော မြေပြင်ပေါ်သို့ ဒါကိုတာလေယာဉ် စတင်ဆင်းလာပြီး နောက်ထပ်လေယာဉ်ပေါင်း(၅၄)စင်း ဆင်းသက်နိုင်ခဲ့သည်။

နောက်ထပ်ရက်ပေါင်းအနည်းငယ်အတွင်းမှာ. . .

ဒါကိုတာများက အခေါက်ပေါင်း(၆၆၀)၊ စက်မဲ့လေယာဉ်ပေါင်းက (၇၈)စီး ပျံသန်းရောက်ရှိလာပြီး တပ်သား(၉၀၅၂)ယောက်၊ ဝန်တင်တိရစ္ဆာန်(၁၃၆၀)၊ ပစ္စည်းအသုံးအဆောင်တန်ချိန်(၂၅၀)တို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

ဂျပန်တပ်များ လာရောက်တိုက်ခိုက်သောအခါ ချင်းဒစ်တို့သည် မီးရထားရုံ့ရေးစခန်းသစ်များ ထူထောင်ရန် အခြားနေရာများသို့ ရွှေ့ပြောင်းသွားနိုင်ခဲ့ကြလေပြီ။





## အခန်း(၃)

## အန္တရာယ်ခရီးအစ

(၁၉၄၄)ခုနှစ်၊ မတ်လ(၄)ရက်နေ့ဖြစ်သည်။ ထိုနေ့တွင် ဗိုလ်ချုပ်အော့ဒ်ဝင်းဂိတ်သည် ဘရော့ဒ်ဝေး သွားရန် စီမံလေသည်။

သူသည် မတ်စတန်း တိုက်လေယာဉ်များ အစောင့်အရှောက် လိုက်ပါလျက် မစ်ချယ် ဗုံးကြဲလေယာဉ်တစ်စင်းဖြင့် ဘရော့ဒ်ဝေးသို့ သွားလေသည်။

သူနှင့်အတူ ကိုယ်ရံတော် ဂျော့ဂျ်ဘောရိုးနှင့် နယူးစ်



www.burmeseclassic.com

www.burmeseclassic.com

ကာရွန်နီကယ်မှ စတူးဝပ်အင်မီနီ၊ ဒေးလီဟဲရယ်မှ စတန်လီဝီလ်စ် အမည်ရှိ စစ်သတင်းထောက်များကိုပါ ခေါ်သွားလေသည်။

ဝင်းဂိတ်မှာ ချွေးတရွှဲရွှဲ ဘွတ်ရှပ်အပေါင်းနှင့် ကြေနေသော ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည်။ သို့သော် သူ၏ ထင်ပေါ်ကျော်ကြားလှသော ရှေးရိုးဖော့ဦးထုပ်မှာ စင်ကြယ်တောက်ပလျက်ရှိနေသည်။

ရှည်လျားရှင်သန်နေသော မုတ်ဆိတ်များကိုလည်း ဖြီးထားလေသည်။

ရင်းထဲမှာ (၃၀၀)ရိုင်ဖယ်တစ်လက်ကို ပခုံးမှာ လွယ်ထားပြီး မြေပုံတစ်ခု၊ ရေဗူးတစ်လုံးသာ ပါလေသည်။

အိတ်ထဲမှာတော့ အိမ်မှ ပေးပို့သောစာများကို ထည့်ထားလေသည်။

ဘရော့ဒ်ဝေး ရောက်သောအခါ လိုအပ်သည်များကို စစ်ဆေးဆောင်ရွက်ပြီးနောက် အပေါ့စားလေယာဉ်များကို ပြောင်းစီးကာ အဘာဒင်းသို့ အဖွဲ့လိုက် သွားကြသည်။ အဘာဒင်း ရောက်သောအခါ သူ၏စစ်ကြောင်းမှူးများနှင့် စစ်ရေးကိစ္စများ တိုင်ပင်ဆွေးနွေးပြီးလျှင် ဗိုလ်မှူးချုပ်ကဲလ်ဗတ်ထံသို့ သွားရောက်လေသည်။

ကဲလ်ဗတ်နှင့် တွေ့သောအခါ—စစ်ဆင်ရေးကိစ္စများ ပြောဆိုဆွေးနွေးပြီးနောက် ကဲလ်ဗတ်ပခုံးကို ရင်းရင်းနှီးနှီး ဆုပ်ကိုင်ရင်း ပြောသည်။

"ခင်ဗျား ဒီ၊ အက်စ်၊ အို ဘွဲ့ပေါ်မှာ နောက်ထပ် တစ်





ဘားတိုးဖို့ သေချာနေပြီ၊ ဘွဲ့ထူးဂုဏ်ထူးတွေကို နှလုံးသားထဲမှာပဲ ထားပါ၊ ဦးနှောက်ထဲကို မရောက်ပါစေနဲ့"

ထိုစကားသည် ကဲလ်ဗတ်အတွက် အမှတ်တရစကား ဖြစ်သလို ဝင်းဂိတ်နှင့် နောက်ဆုံးတွေ့ရခြင်းလည်းဖြစ်ပေသည်။

ဘရော့ဒ်ဝေးမှ အင်ဖားသို့ ခရီးဆက်သွားသည်။

ပထမက အင်ဖား၌ ညအိပ်ရပ်နားရန် စီစဉ်ထားသည်။ နောက်မှ ဝင်းဂိတ်က အစီအစဉ် ပြောင်းသွားလေသည်။

အင်ဖား၌ ညအိပ်မည့် လာလာဂတ်သို့ ပြန်ရန် စိတ်ကူးပေါ်ပြီး ကော့ခရန်ကို အကြောင်းကြားသည်။

ထို့နောက် လေယာဉ်မှူး ဟော့ဂျက်စ်အား ခရီးထွက်ရန် အသင့်ပြင်ခိုင်းလေသည်။

ထိုအချိန်မှာ ရာသီဥတုက ဆိုးဝါးနေသည်။

လေပြင်းများ တိုက်ခတ်ကာ လျှပ်စီးများကလည်း တဝင်းဝင်းတလက်လက် ဖြစ်နေသည်။

အများအားဖြင့်တော့ အနောက်တောင်ဘက်မှာ လျှပ်စီးများ တဝင်းဝင်း လက်နေသည်။

"ဗိုလ်ချုပ်. . . ရာသီဥတုအခြေအနေက ဆိုးဝါးနေပါတယ်"

"ဒီည လာလာဂတ်ကို ပြန်ရောက်မှ ဖြစ်မှာမို့ ခရီးထွက်ဖို့သာ ပြင်ဆင်ပေတော့"

သို့ကြောင့် မစ်ချယ် ဗုံးကြဲလေယာဉ်နှင့် ခရီးဆက်ကြလေသည်။ လေယာဉ်ပေါ်တွင် စစ်အသုံးစရိတ်အတွက် အမွှေဒင်္ဂါး



www.burmeseclassic.com

www.burmeseclassic.com

ထည့်ထားသော သေတ္တာအချို့လည်း ပါလေသည်။

ထိုအခြေအနေသည် ဗိုလ်ချုပ်ဝင်းဂိတ်အား နောက်ဆုံးတွေ့မြင်လိုက်ကြရခြင်း ဖြစ်ပေသည်။

ထိုညက အမေရိကန်လေတပ်မှ ဗိုလ်ချုပ်ရစ်ချက်ဘင်ဂျာမင်သည် ဂျပန်များကို ဗုံးကြဲ၍ ထိုနေ့ည စခန်းသို့ ပြန်လာလေသည်။ သူရောက်နေသည့်နေရာနှင့် ဟိုက်လီကန်ဒီ စခန်းအကြား သူ့လေယာဉ်အောက် မြေပြင်၌ အပ်ဖျားတထောက်စာလောက် တောက်ပနေသော မီးရောင်အချို့ကို တွေ့ရသည်။ သို့သော်လည်း တစ်ချက်မျှ ကြည့်ရုံသာကြည့်ပြီး အာရုံမစိုက်မိပေ။

ထိုအချိန်မှာ လေပြင်းများက တိုက်ခတ်နေပြီး လျှပ်စီးများက တဝင်းဝင်း လက်နေသောကြောင့် လေယာဉ်ကို ဂရုစိုက်မောင်းနှင်နေရပေရာ အောက်မှာ မြင်နေရသော မီးရောင်ကို ဂရုမပြုမိတော့ပေ။

ကောင်းကင်ပေါ်မှာ တွေ့နေရသောသဘာဝအန္တရာယ်ကို ကျော်လွှားပြီးနောက် စောစောက အလင်းရောင် မြင်ရသောနေရာသို့ နောက်တစ်ကြိမ် ကြည့်လိုက်သောအခါ မီးရောင်ကဲ့သို့ အလင်းရောင်များက ပိုမိုတောက်ပနေသည်ကို မြင်ရသဖြင့် ထိုနေရာကို အသေအချာ မှတ်သားပြီးနောက် ဆက်လက်ပျံသန်းခဲ့လေသည်။

စခန်းသို့ ပြန်ရောက်သောအခါ တင်ဂျာမင်သည် လမ်း၌ တွေ့ခဲ့ရသော မီးရောင်အကြောင်းကို ထောက်လှမ်းရေး





အရာရှိအား ပြောပြသည်။

ဗုံးကြဲလေယာဉ်တပ်မှူးကြီးစမစ်ကိုလည်း စကားပြောကြေးနန်းဖြင့် ပြောကြားသည်။

စမစ်ကလည်း ထိုညမှာ ဗိုလ်ချုပ်ဝင်းဂိတ် လေယာဉ်ဖြင့် ခရီးသွားနေကြောင်း သိသဖြင့် ကြိုတင်သတိထားသည့်သဘောဖြင့် ဗိုလ်မှူးကြီးကော့ဒရန်ထံ စကားပြောကြေးနန်းဖြင့် ဆက်သွယ်အကြောင်းကြားလိုက်သည်။

လေယာဉ်မှူး မီးရောင်မြင်ခဲ့သောနေရာကိုလည်း မြေပုံပေါ်မှာ အသေအချာ မှတ်သားထားလိုက်သည်။

ထိုနေရာမှာ လာလာဂတ်သို့ ဝင်းဂိတ်စီးသောလေယာဉ် ပျံသန်းမည့်လမ်းကြောင်းပေါ်မှာ ကျနေလေသည်။ ဗိုလ်ချုပ်ဝင်းဂိတ် လေယာဉ်အဝင် နောက်ကျလာသည်အထိတော့ စိုးရိမ်ပူပန်မှု မဖြစ်ကြသေးပေ။

ရောက်ချိန်ထက် ကျော်လွန်ပြီး မရောက်တော့မှ လေယာဉ်ကွင်းအားလုံးကို အမြန်စစ်ဆေးကြည့်ရာ လေယာဉ်ကွင်းတိုင်းက ဝင်းဂိတ်လေယာဉ် ဆိုက်ရောက်လာခြင်း မရှိကြောင်း သတင်းပို့ကြလေသည်။

ထို့ပြင် ရေဒီယို အဆက်အသွယ်လည်း ဘယ်လေယာဉ်ကွင်းကိုမှ မရောက်ကြောင်း သိရတော့မှ စိတ်ပူပန်ကြလေသည်။

နောက်တစ်နေ့ နံနက်လင်းစအချိန်တွင် ဗိုလ်မှူးကြီး အယ်လီဆင်သည် ဗိုလ်ဘင်ဂျာမင်ကို လမ်းပြအဖြစ် ခေါ်ကာ


www.burmeseclassic.com

www.burmeseclassic.com

လာလာဂတ်မှ ထွက်ခွာပျံသန်းခဲ့လေသည်။

သူတို့သည် တောထူထပ်သော တောင်တန်းများကို ဖြတ်ကျော်ကြရသည်။

မီးရောင်တွေ့မြင်ခဲ့ရာ နေရာရောက်သောအခါ လေယာဉ်ကို ခပ်နိမ့်နိမ့် ပျံဝဲကြည့်ရာ ကွင်းပြင်တစ်ခုတွင် အပျက်အစီးများကို တွေ့ရသည်။

ထိုအပျက်အစီးများမှာ လေယာဉ်ကြီးတစ်စင်းမှ ပျက်စီးနေသောအပိုင်းအစများနှင့် သဏ္ဌာန်တူလေသည်။

သူတို့ စခန်းပြန်ရောက်သောအခါ ထိုအကြောင်းကို ချက်ချင်းသတင်းပို့ကာ အစီရင်ခံကြလေသည်။

ချင်းဒစ်တပ်မဟာ၏အထက်တန်း ခရစ်ယာန် ဓမ္မဆရာ ခေါင်းဆောင်သောအဖွဲ့ပါ ခေါ်၍ ထိုနေရာသို့ တကျော့ပြန်သွားကြသည်။

အသက်ရှင်နေသေးသူရှိလျှင် ပြုစုကုသရန်နှင့် အသက်ရှင်သူ မရှိလျှင် အလေးပြုရန်အတွက်ဖြစ်သည်။

လမ်းခရီးမှာ ရှည်၍ အန္တရာယ်များလှသည်။

နောက်တော့ ထိုနေရာသို့ ရောက်သွားခဲ့ကြသည်။

ထိုနေရာတွင် အသက်ရှင်သူတစ်ယောက်မှ မတွေ့ရတော့ဘဲ လေယာဉ်ပျံအပိုင်းအစများနှင့် ၎င်းတို့၏ရုပ်ကြွင်းများကို တွေ့ကြရသည်။

လေယာဉ်ပျံ ပျက်ကျပုံမှာ ပြင်းထန်လှသောကြောင့် လေယာဉ်ပေါ်မှာ လိုက်ပါလာသူအားလုံး တစ်ယောက်မှ





အသက်မရှင်ကြတော့ပေ။

လေယာဉ်ပျက်ကျရုံမက မီးလောင်ခံရသောကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေရာ ဘယ်သူဘယ်ဝါပင် သိနိုင်ရန် ခဲယဉ်းတော့သည်။

သို့သော်လည်း ကျန်ခဲ့သောပစ္စည်းအပိုင်းအစများကို တွေ့ရသဖြင့်သာ ဝင်းဂိတ်တို့ စီးသွားသောလေယာဉ်ဖြစ်ကြောင်း သိနိုင်ကြသည်။

အချို့စာရွက်စာတမ်းများမှာ မီးကျွမ်းနေသော်လည်း အချို့စာရွက်စာတမ်းများမှာ အဝေးသို့ လွင့်နေသည်။

မလှမ်းမကမ်းမှာတော့ ဗိုလ်ချုပ်ဝင်းဂိတ် တစ်သက်လုံး အမြတ်တနိုး သုံးစွဲခဲ့သော အိန္ဒိယလူမျိုးတို့ ဆောင်းလေ့ရှိသည့် ဖော့ဦးထုပ်ကို တွေ့ရသည်။

ထိုဦးထုပ်မှာလည်း မီးကျွမ်းနေချေပြီ။

ထိုဦးထုပ်၏သင်္ကေတမှာ လေးခွက်ချည်းကျန် အလံမလှဲ ဟူသော ဗိုလ်ချုပ်ဝင်းဂိတ်၏အမှတ်အသားပင် ဖြစ်တော့သည်။

ရှာဖွေရေးအဖွဲ့မှာ မီးကျွမ်းလျက်ရှိသော အခြားပစ္စည်းများကို ရှာဖွေခြင်းမပြုကြတော့ပေ။

ခရစ်ယာန် ဓမ္မဆရာပီရောင်း ခေါင်းဆောင်သောအဖွဲ့က သေဆုံးသူများအတွက် ရိုးရိုးသရဏဂုံတင်ကာ စုပေါင်း၍ မြှုပ်နှံလိုက်ကြသည်။

ထိုအဖြစ်အပျက်များက ဗြိတိသျှ စစ်သမိုင်း၏ ကြီးစွာ



www.burmeseclassic.com

www.burmeseclassic.com


သော ဆုံးရှုံးမှုတစ်ရပ်လည်းဖြစ်ခဲ့လေသည်။

အထက်ပါအကြောင်းများမှာ. . .

ဒေါက်တာမင်းထင်ကျော်အား 'မေဂျာဘရန်ဆိုင်း' ဆိုသူက ပြန်လည်ပြောပြသောအကြောင်းအရာများပင် ဖြစ်ပေတော့သည်။

အချိန်ကာလမှာ (၁၉၅၀)ခုနှစ် ဖေဖော်ဝါရီ(၄)ရက်စနေနေ့ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီး (၂)နှစ်ခန့်အကြာ၌ ဒေါက်တာမင်းထင်ကျော်မှာ ၎င်း၏အဖော်များနှင့်အတူ မြစ်ကြီးနားမြို့သို့ ရောက်နေခိုက်ဖြစ်သည်။

၎င်းအဖွဲ့တွင် ဆရာကြီးဦးဗန်ကောင်း၊ စာရေးဆရာအောင်မင်းအောင်၊ ကျော်စွာ၊ စောထီး၊ ငမဲအောင် အစရှိသော လက်တွဲဖော်များလည်း အတူပါလာကြသည်။

မြစ်ကြီးနားသို့ ရောက်လာခြင်း၏ရည်ရွယ်ချက်မှာ ဆရာကြီးဦးဗန်ကောင်းကြောင့်ဆိုလျှင်လည်း မမှားပေ။

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော် နေထိုင်ရာ ရွှေတောင်ကြားအတွင်းမှ နေအိမ်သို့ ဦးဗန်ကောင်းတစ်ယောက် ရောက်လာလေသည်။

၎င်းမှာ အရေးတကြီးကိစ္စ မရှိဘဲ လာလေ့မရှိရာ ယခုလည်း မောမောပန်းပန်းနှင့် ရောက်လာခြင်းဖြစ်ပေသည်။

"ဆရာကြီး ဘယ်လိုကိစ္စ အရေးကြီးလို့ ရောက်လာတာလဲ"





"မောင်ထင်ကျော်ကို ပြောစရာရှိလို့ လာခဲ့တာပဲ"

"ဘယ်လိုအကြောင်းထူးများလဲ"

"တခြားတော့ မဟုတ်ဘူး၊ ကျုပ် တလောက အလုပ်ကိစ္စနဲ့ ရှမ်းပြည်ဘက် သွားခဲ့တယ်၊ အဲဒီမှာ မုဆိုးတစ်ယောက်နဲ့ တွေ့ပြီး သတင်းထူးတစ်ခု ကြားခဲ့ရတယ်"

"ဘယ်လိုသတင်းထူးပါလိမ့်"

"မုဆိုးက အမဲလိုက်သွားရင်းနဲ့ ကျောက်မျက်နှာတောင်ကို ရောက်သွားတယ်၊ ကျောက်မျက်နှာတောင်ဆိုတာ လူမျက်နှာတောင်လို့ ပြောတာပဲ၊ အဲဒီတောင်နား ရောက်တော့ ပုတ်စော်နံလိုက်တာ မခံနိုင်ဘူးတဲ့၊ လိုက်ရှာကြည့်တော့လည်း ဘာမှမတွေ့ရဘူးတဲ့၊

အဲ. . . တစ်ခုတော့ ရှိတယ်၊ ကျောက်တုံးကြီးတစ်တုံးကိုတော့ ယင်ကောင်တွေ ဝိုင်းအုံနေတာ တွေ့ခဲ့ရတယ်တဲ့"

"အပုတ်ရည်တစ်ခုခု ကျနေလို့ ဖြစ်မှာပေါ့"

"မောင်ထင်ကျော်က ဒီလိုပဲ ထင်သလား"

"ဒီလိုမဟုတ်လို့ ကျောက်တုံးသက်သက်တော့ ယင်ကောင်က လာအုံပါ့မလား ဆရာကြီးရဲ့"

"တကယ်လို့ အဲဒီကျောက်တုံးက ကျောက်ပုတ်ဖြစ်နေရင်ကော ဘယ်လိုလုပ်မလဲ"

"ကျောက်ပုတ်ဆိုတာ ဘယ်လိုဟာမျိုးလဲ ဆရာကြီး"

"နောက်မှပြောမယ်၊ အဲဒါထက် ဆန်းကြယ်တာ ရှိသေးတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုများလဲ"

"ကျောက်မျက်နှာတောင်ရဲ့မျက်လုံးနေရာမှာ မျက်လုံးကြီးနှစ်လုံးက အပြင်ဘက်ကို ပြူးထွက်နေတယ်၊ မနက်ပိုင်းဆိုရင် မျက်လုံးတစ်လုံးက အနီရောင်ထွက်ပြီး နီရဲနေသတဲ့၊ ညအမှောင်ဘက် ရောက်လာရင် ကျန်မျက်လုံးတစ်ဖက်က အစိမ်းရောင်ထွက်နေတယ်တဲ့၊ မထူးဆန်းဘူးလား"

"အင်း. . . ထူးဆန်းတာတော့ အမှန်ပဲ၊ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်"

"ဒါပေမယ့် အဲဒီနေရာတဝိုက်မှာ လူသားစားတဲ့ လူရိုင်းတွေလည်း ရှိလို့ မသွားဝံ့ကြဘူး၊ တကယ်လို့ ကျုပ်တို့ သွားမယ်ဆိုရင်တော့ လမ်းပြခ ပေးရင် လိုက်ပို့ပေးမယ်လို့ ပြောတယ်. . ဘယ်လိုလဲ"

"သွားကြမယ်လေ. . . ကျွန်တော်လည်း မိတ်ဆွေတွေနဲ့ အတူတူ ခရီးမသွားရတာ ကြာလို့ ပျင်းသလို ဖြစ်နေတာ၊ နေရာက ဘယ်နေရာလဲ"

"ဒီကနေ မြစ်ကြီးနားကို အရင်သွားရမှာ၊ ဟိုရောက်မှ သူနဲ့ တွေ့ပြီး ခရီးစဉ် ဆွဲကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ပြီးနောက် မြစ်ကြီးနားသို့ လာခဲ့ကြခြင်းဖြစ်သည်။

မြစ်ကြီးနား ရောက်ပြီး မုဆိုးက တောတက်သွားသောကြောင့် စခန်းတစ်ခုမှာ တည်းခိုနေကြစဉ် အထက်ပါ ဖော်ပြခဲ့သည့်အတိုင်း မေဂျာဘရန်ဆိုင်း ရောက်လာပြီး မြန်မာပြည်





မြောက်ပိုင်းတွင် ဂျပန်နှင့် အင်္ဂလိပ်တပ်များ စစ်ပွဲများ အကြိတ်အနယ် တိုက်ခိုက်ခဲ့စဉ်ကာလ၌ ချင်းဒစ်တပ်၏စစ်ဗိုလ်ချုပ်အော့ဒ်ဝင်းဂိတ် လေယာဉ်ပျက်ကျကာ သေဆုံးသွားရပုံများအကြောင်းကို လာရောက်ပြောပြနေခြင်းဖြစ်သည်။

သည်နေရာတွင် မေဂျာဘရန်ဆိုင်းအကြောင်းကိုလည်း အနည်းငယ် ဖော်ပြရန် လိုပေမည်။

ဘရန်ဆိုင်းသည် အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သော ချင်းလူမျိုးတစ်ဦးဖြစ်သည်။

သူသည် ဂျပန်တော်လှန်ရေးကာလတွင် ချင်းဒစ်တပ်တွင် အမှုထမ်းခွင့်ရပြီး မြန်မာပြည်မြောက်ပိုင်းနှင့် ပတ်သက်သော စစ်ဆင်ရေးအကြောင်းများကို သိထားခဲ့သူဖြစ်သည်။

နောက်ပိုင်း မြန်မာပြည် လွတ်လပ်ရေးရသောအချိန်ရောက်မှ တပ်မှ ထွက်ကာ နေရပ်သို့ ပြန်နေခြင်းဖြစ်သည်။

ထိုသို့ပြန်လာသော ရည်ရွယ်ချက်မှာလည်း အခြားမဟုတ်ပေ။ လေယာဉ်ပျက်ကျသွားစဉ်က ပါသွားသော ရွှေဒင်္ဂါးသေတ္တာများကို ရှာဖွေရန်ဖြစ်သည်။

သို့သော် ထိုနေရာတဝိုက်မှာ တောင်များက ဝန်းရံနေပြီး တောနက်ကြီးများချည်းရှိသည်။

ထိုတောနက်ကြီးများမှာ လူသူအရောက်အပေါက်နည်းပြီး ဝင်ရောက်သွားသူများမှာ သားရဲတိရစ္ဆာန်များ၊ သဘာဝဘေးအန္တရာယ်များ၊ လူရိုင်းများလက်ချက်ကြောင့် မပြန်လမ်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြရသည်။

ထို့ကြောင့် တစ်ယောက်တည်း သွားရန်လည်း ဘယ်နည်းနှင့်မှ မဖြစ်ပေ။

သူ့ပတ်ဝန်းကျင်မှာ နေကြသူများမှာလည်း ထိုအကြောင်းမျိုးကို ဘယ်သူမှ စိတ်မဝင်စားကြပေ။

သူတို့အတွက် ရွှေသေတ္တာ ရဖို့ထက် ထမင်းစားရဖို့သာ ပို၍အရေးကြီးကြလေသည်။

သို့ကြောင့် သူ့အကြံအစည်ကို အကောင်အထည်ဖော်ရန် လက်တွဲဖော် ရှာနေရင်းမှ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ မြစ်ကြီးနား ရောက်နေသောသတင်းကို ကြားသဖြင့် ရောက်လာပြီး ယခုကဲ့သို့ အကြောင်းစုံ ပြောပြနေခြင်းပင်ဖြစ်သည်။

သူပြောပြနေသောအကြောင်းများကို အခြားအဖော်များကလည်း စိတ်ဝင်စားကြလေသည်။

"ဝင်းဂိတ်လေယာဉ်ပျက်ကျသွားတဲ့အထဲမှာ ရွှေဒင်္ဂါးသေတ္တာတွေ ပါသွားတယ်ဆိုတာရော အသေအချာပဲလား"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"သေချာပါတယ်. . . ပထမတစ်ကြိမ် ဝင်းဂိတ် ရောက်လာတုန်းက နယ်ခံတွေကို လမ်းပြပေးဖို့နဲ့ ပစ္စည်းတွေ ထမ်းဖို့ ခေါ်ပါတယ်၊ အဲဒီအချိန်မှာကတည်းက တစ်ယောက်ကို ရွှေဒင်္ဂါး တစ်ပြားနှစ်ပြား သူ့အိတ်ထဲက ထုတ်ပေးတာကို တွေ့ရပါတယ်၊

နောက်ပိုင်းမှာလည်း သူသွားလေရာ လေယာဉ်ပေါ်ကို ရွှေဒင်္ဂါးတွေ ယူသွားတတ်ပါတယ်"





"ဒါပေမယ့် လေယာဉ်ပျံ ပျက်ကျသွားတာ အတော်ကြာပြီဆိုတော့ ရှာလို့တွေ့နိုင်ပါ့မလား"

"သူ လေယာဉ်ပျက်ကျသွားတာ (၁၉၄၄)ခု မတ်လမှာပါ။ အခု (၁၉၅၀)ဆိုတော့ (၆)နှစ်ပဲ ကြာသေးတယ်၊ သွားရှာရင် တွေ့နိုင်ပါတယ်"

"ဒါပေမယ့် ဒီသတင်းကို အခြားသူတွေလည်း သိချင်သိနိုင်တာဆိုတော့ သူတို့လည်း ဝင်မရှာဘူးလို့ ပြောနိုင်ပါ့မလား"

"ဒီနေရာက သွားဖို့မလွယ်ဘူး၊ လူအင်အား လက်နက်အင်အားမများရင် မရဘူး၊ လူရိုင်းတွေလက်ချက်နဲ့ မုချသေမှာပဲ"

"ကျွန်တော်တို့မှာက သေနတ်က နှစ်လက်လောက်ပဲ ပါတယ်ဗျ"

"စိတ်မပူပါနဲ့. . . စစ်အတွင်းက ကျန်ခဲ့တဲ့သေနတ်တွေကို ကျွန်တော်သိမ်းထားတာ အများကြီး ရှိပါတယ်၊ ကျည်ဆန်တွေရော လက်ပစ်ဗုံး၊ မိုင်းဗုံးတွေအထိ ရှိပါတယ်"

"ခင်ဗျား အဲဒီနေရာကိုရော မှတ်မိပါ့မလား"

"ကျွန်တော့်ဆီမှာ မြေပုံကြမ်းဆွဲထားတာ ရှိပါတယ်"

မေဂျာဘရန်ဆိုင်းဆိုသူမှာ အလုပ်လုပ်လျှင် စနစ်တကျပြုလုပ်ဟန်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်လည်း မိမိအဖွဲ့သားများနှင့် တိုင်ပင်ပြီးမှ အကျိုးအကြောင်း ပြောပြရသည်။

"ကျွန်တော်တို့ကလည်း ခရီးစဉ်တစ်ခုအတွက်နဲ့ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လာကြတာပါ၊ ဒီတော့ ခင်ဗျားပြောတဲ့ကိစ္စကို လက်ခံပါ့မယ်၊ အကူအညီလည်း ပေးပါ့မယ်၊

ကျွန်တော်တို့ အတူတူပေါင်းပြီး အတူတူပဲ သွားကြတာပေါ့. . . မကောင်းဘူးလား"

"ကောင်းပါတယ်. . . ဒီအကြံကောင်းပါတယ်၊ ဒီလိုဆိုရင် ဆရာတို့ သွားချင်တဲ့နေရာကိုလည်း ကျွန်တော်တို့က လိုက်ပို့ပေးပါ့မယ်"

ဟု ဝမ်းသာအားရ ပြောလေသည်။

နောက်တစ်ရက်နှစ်ရက်ခန့် ကြာသောအခါ ဦးဗန်ကောင်းနှင့် သိကျွမ်းသောမုဆိုး ပြန်ရောက်လာသဖြင့် ခရီးဆက်ရန် ပြင်ကြလေသည်။

ဦးစွာ ဘရန်ဆိုင်းတို့ရွာသို့ လိုက်ရမည်ဖြစ်ရာ မြစ်ကြီးနား၌ လိုအပ်သောပစ္စည်းများကို ဝယ်ယူဖြည့်ဆည်းကြသည်။

လမ်းပြမုဆိုး၏အကူအညီနှင့် လားနှစ်ကောင်ကိုပါ ရသဖြင့် ထိုလားများပေါ်မှာ ပစ္စည်းထုပ်များ တင်ပြီး နောက်တစ်နေ့ နံနက်စောစောအချိန်တွင် မြစ်ကြီးနားမှ အနေ့ာက်ဘက်စူးစူးသို့ စတင်၍ခရီးထွက်ကြလေတော့သည်။

ထိုခရီးသည် သူတို့အတွက် အန္တရာယ်ခရီးအစဆိုက မများပါချေ။





## အခန်း(၄)

## မရဏတောကြမ်း

မေဂျာဘရန်ဆိုင်းတို့ နေသောနေရာမှာ မြစ်ကြီးနားနှင့် ရှာဒူဇွပ်ကြားလောက်၌ ရှိပေသည်။

ခရီးလမ်းက ကားလမ်းပင် မရှိဘဲ တောနက်ကြီးများကို ဖြတ်သွားကြရသည်။

လူတစ်ယောက် သွားသာရုံနေရာများမှ သွားကြရသည်။ လမ်းဟူ၍သာ ခေါ်ရသော်လည်း လူတစ်ယောက် သွားသာရုံ ပြုလုပ်ထားပြီး အချို့နေရာများတွင် ပိတ်နေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဓါးများဖြင့် ခုတ်ထွင်ရှင်းသွားရသည်။

ထိုနယ်မြေတဝိုက်သည် လွန်ခဲ့သောနှစ်ပေါင်း(၆)နှစ်ခန့်က နာမည်ကျော်တပ်မဟာမှူး ဝင်းဂိတ်ဦးဆောင်သော ချင်းဒစ်တပ်(ခြသေ့်တပ်များ) စစ်ဆင်ရေး ပြုလုပ်ခဲ့သောနေရာများပင်ဖြစ်သည်။

လမ်းရောက်သောအခါ ၎င်းတို့ ခေါ်လာသော လမ်းပြမုဆိုးခွန်ဆန်က ပြောသည်။

"ဒီဘက်တွေကို တချို့လူအတော်များများ မလာဝံ့ကြဘူး. . . တောကြမ်းတယ်"

"ဘယ်လိုတောကြမ်းတာလဲ. . ပြောပါဦး"

"စစ်ဆင်ရေးတုန်းက ဒီနေရာတွေမှာ တိုက်ပွဲတွေ အများကြီးဖြစ်ကြတယ်၊ ဂျပန်တွေရော အင်္ဂလိပ်တွေရော ထောင်နဲ့သောင်းနဲ့ချီပြီး သေကြတယ်၊ အဲဒီလိုသေတဲ့လူတွေက သရဲဘဝရောက်ပြီး ရောက်လာသမျှလူတွေကို ဖမ်းစားတယ်လို့ သတင်းကြီးတယ်"

"မင်းရော ကြုံဖူးခဲ့လား"

"တစ်ခါတော့ အဖော်တွေနဲ့ ဒီဘက်လာရင်း သရဲခြောက်တာ ခံရသေးတယ်"

"ဘယ်လိုခြောက်တာလဲ"

"တောထဲမှာ နားနေတုန်း မီးခိုးငွေ့လို ခပ်ဝါးဝါး မြင်တဲ့လူတွေကို တွေ့ရတယ်၊ သူတို့သွားလာနေတာကို ဝါးဝါးလေးပဲ မြင်ရတယ်၊ အဲဒီတစ္ဆေတွေက နေ့အချိန်ဆိုရင် မမြင်ရဘူး၊





ညအမှောင်ထဲမှာဆိုရင်တော့ သူတို့ သွားလာလှုပ်ရှားနေတာကို မြင်ရတယ်"

"အဆန်းပါလား"

"ဒါကြောင့် နယ်ခံတွေက ဒီနေရာကို ညမြင်နေ့ပျောက်တစ္ဆေတောလို့ နာမည်ပေးထားတယ်"

ခွန်ဆန်က ထိုသို့ပြောသောအခါ ဘရန်ဆိုင်းကလည်း ဝင်ပြောသည်။

"သူပြောတာ မှန်တယ် ဆရာ၊ တောထဲမှာ ရှိတဲ့တစ္ဆေတွေကို မြင်ရတဲ့အခါ မြင်ပြီး မမြင်ရတဲ့အခါလည်း ရှိတယ်၊ အဲဒီတောထဲမှာ တစ္ဆေသရဲတွေထက် ပိုပြီးကြောက်ဖို့ကောင်းတဲ့လူရိုင်းတွေလည်း ရှိတယ်"

ဟု ပြောရာ အားလုံးသတိဝီရိယနှင့် သွားလာရန် တိုင်ပင်ကြလေသည်။

ညနေစောင်းအချိန် ရောက်လာသောအခါ ခရီးဆက်ရန် မလွယ်တော့သဖြင့် လမ်းမှာပင် စခန်းချရန် ပြင်ဆင်ကြလေသည်။

ထိုအခါ ဘရန်ဆိုင်းက ပြောသည်။

"ဒီနေရာက မိစ္ဆာတြိဂံနေရာအတွင်းကို ရောက်နေ့တော့ အပြင်မှာ ဒီအတိုင်း နေရတာနဲ့စာရင် လုံခြုံစိတ်ချရတဲ့ဂူထဲမှာ ဝင်နေတာ ပိုပြီးအန္တရာယ်ကင်းမယ် ဆရာ"

ဟု အကြံပေးသဖြင့် ၎င်းတို့လူစု ကောင်းစွာတည်းနိုင်သော ဂူပေါက်တစ်ခုကို ရှာဖွေကာ စခန်းချကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မီးဖိုများ ဖိုပြီး ပါလာသောအစားအစာများကို ချက်ပြုတ်စားကြလေသည်။

လားနှစ်ကောင်ကိုတော့ မီးပုံနှင့် မနီးမဝေးမှာပင် ကြိုးဖြင့် ချည်ထားသည်။

ညဘက် အနားယူတော့မှ ဒေါက်တာမင်းထင်ကျော်က မေးရသည်။

"စောစောက ခင်ဗျားပြောတဲ့အထဲမှာ 'မိစ္ဆာဘြိုဂံ' လို့ ကြားလိုက်တယ်၊ အဲဒါ ဘယ်နေရာမှာလဲဗျ"

"ဆရာ့မှာ မြေပုံပါတယ်မဟုတ်လား၊ ကျွန်တော်ပြပါ့မယ်"

ဒေါက်တာမင်းထင်ကျော်က လွယ်အိတ်အတွင်းမှ မြေပုံစာရွက်ကို ဖြန့်ချလိုက်သည်။

မြေပုံမှာ မြန်မာပြည်မြောက်ပိုင်းအတွက် သီးသန့်ကူးထားသောမြေပုံစာရွက်ဖြစ်သည်။

မြေပုံပေါ်မှာ အမိက ကျသောနေရာများကို ရေးမှတ်ထားလေသည်။

ဘရန်ဆိုင်းက မြေပုံတစ်နေရာသို့ လက်ဖြင့် ထောက်ပြလေသည်။

"ဟောဒါက အရှေ့ဘက်မှာ ရှိတဲ့မြစ်ကြီးနားနယ်နိမိတ်၊ အနောက်ဘက် သွားရင် ရှာဒူဇွတ် ရှိတယ်၊ တောင်ဘက်မှာ ဝင်းဂိတ်တို့ စခန်းချခဲ့တဲ့ ကာမိုင်းရှိတယ်၊

ဒီနေရာသုံးခုက ဘြိုဂံပုံသဏ္ဌာန်ဖြစ်နေတယ်၊ အလယ်





မှာ လူသူနေတဲ့နေရာ မရှိဘူး၊ တောနက်ကြီးတွေနဲ့ တောင်ပဲရှိတယ်၊ အဲဒီအလယ်မှာ ပေပေါင်း(၇၉၅၃)ပေ မြင့်တဲ့ ပိတောင်လည်း ရှိတယ်၊

အဲဒီနယ်မြေမှာ လူတွေကို ဖမ်းစားတတ်တဲ့ တစ္ဆေသရဲတွေတင် မကဘူး၊ ကိုယ်ပျောက်နိုင်တဲ့လူရိုင်းတွေ ရှိတယ်၊ သူတို့ကို အလင်းရောင်ရှိတဲ့ နေ့အချိန်မှာ မမြင်နိုင်ဘဲ ညအချိန်ရောက်မှ မြင်ရတယ်"

"ဒါကြောင့် ဒီနေရာက ဒီလောက်အန္တရာယ်များတာဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့လူစုတွေ အခုအချိန်ကစပြီး သတိဝီရိယ ရှိကြဖို့တော့ အရေးကြီးပြီပေါ့"

ဟု ပြောဆိုကာ ချက်ပြုတ်ပြီးသော အစားအသောက်များကို စားသောက်ကာ အလှည့်ကျ အိပ်ကြလေသည်။

အဖွဲ့သားများမှာ အားလုံး(၈)ယောက်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့က (၆)ယောက်ဖြစ်ပြီး ဘရန်ဆိုင်းနှင့်ခွန်ဆန်တို့နှစ်ယောက်နှင့်ဆိုပါက ရှစ်ယောက်ဖြစ်လေသည်။

ညဦးပိုင်းအချိန်တွင် အခြေအနေမှာ ထူးခြားမှုမရှိဘဲ မနီးမဝေးသောနေရာသို့ ရောက်လာကြသော တောကျောင့်အချို့ကိုသာ အရိပ်အယောင် တွေ့ရလေသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်လာသောအခါ ဒေါက်တာမင်းထင်ကျော်နှင့် ဘရန်ဆိုင်းတို့နှစ်ယောက် စောင့်ကြသည်။

ထိုအခါ ဘရန်ဆိုင်းက မီးဖိုပေါ်မှာ ဝါးကျည်တောင့်နှင့်


www.burmeseclassic.com

www.burmeseclassic.com

တည်ထားသော လက်ဖက်ခြောက်ခါးခါး ခပ်ထားသည့် လက်ဖက်ရည်သောက်ရင်း စစ်ကာလအတွင်းက အကြောင်းများကို ပြောပြနေလေသည်။

"ဝင်းဂိတ်က မြန်မာပြည်ကတဆင့် အိန္ဒိယကိုပါတဆင့်တက်ပြီး သိမ်းပိုက်ဖို့ ကြံရွယ်နေတဲ့ ဂျပန်တွေရဲ့အကြံအစည်ကို ဖျက်ဆီးဖို့ ကြံရွယ်ခဲ့တာပဲ၊

သူ့ရဲ့အဓိကရည်ရွယ်ချက်က ဂျပန်တပ်တွေရဲ့နောက်ပိုင်းက ဝင်ပြီးချေမှုန်းပစ်ဖို့ပဲ၊

ဒါပေမယ့် လူသုံးထောင်လောက်နဲ့ ဂျပန်တပ်ကြီးတစ်ခုလုံးကို ဖျက်ဆီးပစ်ဖို့ဆိုတာကတော့ စိတ်ကူးယဉ်အိပ်မက်တစ်ခုလိုပါပဲ"

ဘရန်ဆိုင်းစကား ကြားသောအခါ ဒေါက်တာမင်းထင်ကျော်က သူ့အနေနှင့် မမြင်ဖူးလိုက်သော စိတ်ဓါတ်ပြင်းထန်၍ ရည်ရွယ်ချက် ကြီးမားလှသော စစ်ခေါင်းဆောင်တစ်ဦး၏စိတ်ဓါတ်အား လေးစားမိလေသည်။

"လူအင်အား နည်းတာများတာ မဟုတ်ဘဲ နောက်ဆုံးတော့ သူ့ရဲနည်းဗျူဟာတွေနဲ့ ဂျပန်တပ်တွေကို အလဲထိုးနိုင်ခဲ့တာပဲ မဟုတ်လား"

"မှန်ပါတယ်. . . အရာရှိတွေ အတော်များများက မဖြစ်နိုင်တဲ့စစ်ဆင်ရေးတစ်ခုကို ကြံစည်စိတ်ကူးခဲ့တဲ့ ဝင်းဂိတ်ကို အရူးတစ်ယောက်လို့တောင် သတ်မှတ်ခဲ့ပါတယ်၊

နောက်ဆုံးတော့ သူ့ရဲ့မလျှော့သောဇွဲလုံ့လနဲ့ ကြံစည်





စိတ်ကူးမှုတွေကြောင့် အောင်မြင်မှု ရခဲ့တယ်"

"ဒါပေါ့ဗျာ. . . ဇွဲလုံ့လ ရှိတဲ့လူတစ်ယောက်ဟာ ရည်ရွယ်ချက်တစ်ခုကို လုပ်တော့မယ်ဆိုရင် ဘယ်လိုအခက်အခဲတွေ၊ ဆုံးရှုံးမှုတွေမျိုးနဲ့ တွေ့လို့မှ နောက်မဆုတ်တတ်ကြဘူး၊ သစ်ပင်က ကြီးပေမယ့် ဓါးသေးသေးနဲ့ အချက်ပေါင်းများစွာခုတ်ထစ်ရင် တစ်နေ့ကျ ပြတ်ကျသွားသလိုပေါ့၊

ဝင်းဂိတ်လိုလူမျိုးဟာ ဗြိတိသျှတပ်မတော်အတွက်အားကိုးထိုက်တဲ့ သူရဲကောင်းတစ်ယောက်ပါပဲ"

"ဒါပေမယ့် သူနဲ့အတူ လက်တွဲပြီး စစ်ဆင်ရေးထွက်ရတဲ့အခါမှာတော့ မလွယ်လှဘူး၊ မိုးတွင်းအခါတွေမှာ တရှိန်ထိုးကျလာတဲ့ချောင်းရေတွေနဲ့ ကြုံရတယ်၊ ဓါးသွားတွေလို ထက်လှတဲ့ ဝါးရွက်တွေ ရှိတဲ့ ဝါးတောတွေထဲမှာ ဖြတ်ရတယ်၊

နွံတောတွေ၊ နွံအိုင်တွေထဲမှာ အကြိမ်ကြိမ် ဖြတ်ခဲ့ရတယ်၊ တခြားသားရဲတိရစ္ဆာန်တွေနဲ့ တွေ့တဲ့အကြိမ်ပေါင်းလည်း မနည်းလှပါဘူး၊

မသေလို့ ကျန်ခဲ့ရတာပါ၊ ဒါထက် ဆရာ တစ္ဆေသရဲဆိုတာကော ယုံကြည်သလား"

"ယုံပါတယ်. . . ဝိညာဉ်လောကဆိုတာ ရှိတာပဲ"

"အဲဒီအချိန်တုန်းက တစ်နေ့တစ်နေ့ သေလိုက်ကြတာမပြောပါနဲ့၊ လေယာဉ်ကွင်း ဖောက်တုန်းကဆိုရင် အစုလိုက်အပြုံလိုက် သေကြတာပဲ၊ သရဏဂုံတောင် မတင်နိုင်ဘဲ တွင်းတူးပြီး အစုလိုက် မြှုပ်ပစ်ရတာတွေ ရှိတယ်၊ ညညကျရင်



www.burmeseclassic.com

www.burmeseclassic.com

ခြောက်လိုက်တာလည်း မပြောပါနဲ့တော့ ဆရာရယ်"

ထိုသို့ပြောနေရင်း တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာချေပြီ။

အပြင်ဘက်မှာ အမှောင်ရိပ်များ ဖုံးနေသော်လည်း သစ်ပင်ရိပ်များကြားမှ လရောင်တစွန်းတစကတော့ မြေပေါ်သို့ ကျနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသော်လည်း တစ်ခါတစ်ရံ အနားရောက်လာသော တောကောင်ကြီးများ၏လှုပ်ရှားသံများကိုတော့ ကြားနေရသည်။

ထို့ပြင် နှင်းစက်များ တဖြောက်ဖြောက် ကျနေသော အသံများအပြင် သစ်ရွက်များ၏လှုပ်ခတ်သံများကိုလည်း ကြားနေရသည်။

ထိုအခိုက်မှာပင် ဂူနှင့် မနီးမဝေးနေရာမှ တောတိုးလာသောခြေသံများကို စတင်ကြားလာရသည်။

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

ထိုအသံများကြားသောအခါ ဒေါက်တာမင်းထင်ကျော်က အိပ်နေသူများကိုပါ နှိုးလိုက်သဖြင့် ထလာကြသည်။

"ဘာဖြစ်တာလဲ"

ဒေါက်တာမင်းကျော်က အသံမထွက်စေရန် လက်ကာပြလိုက်သဖြင့် ထပ်မမေးတော့ဘဲ အသံကြားရာသို့ ကြည့်နေကြသည်။ အသံများ ပေါ်ထွက်နေသောနေရာမှာ ဂူနှင့် မဝေးလှပေ။





"ဖြောင်း. . ဖြောင်း. . ဖြောင်း"

ခြေသံများမှာ ဖြစ်သလို လျှောက်လာကြခြင်းမျိုး မဟုတ်ဘဲ တညီတညာတည်း လျှောက်လာကြသော ဖိနပ်သံများ ဖြစ်သဖြင့် အံ့သြနေကြသည်။

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

ခဏကြာတော့ ခြေသံများက ပိုမိုနီးလာပြီး သစ်တောအတွင်းမှ ထွက်လာသောလူများကို လှမ်းမြင်ကြရသည်။

"ဟာ. ."

၎င်းတို့မြင်ရသောလူများမှာ အခြားသူများ မဟုတ်ပေ၊ လက်နက်များ ကိုင်ထားပြီး ယူနီဖောင်း အပြည့်အစုံ ဝတ်ဆင်ထားသော ဗြိတိသျှစစ်သားများပင်ဖြစ်ကြလေသည်။

ရှေ့ဆုံးမှ လျှောက်လာသောစစ်ဗိုလ်မှာ အိန္ဒိယများ ဆောင်းလေ့ရှိသော ဖော့ဦးထုပ်ကို ဆောင်းထားပြီး နှုတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေးအရှည်များရှိသည်။

"ဟာ. . ဝင်း. . ဝင်းဂိတ်"

ဘရန်ဆိုင်းပါးစပ်မှ ယောင်ပြီးထွက်သွားသောကြောင့် ဒေါက်တာမင်းထင်ကျော်က အသံမထွက်စေရန် အချက်ပြလိုက်သည်။

ထိုအချိန်မှာပင် တန်းစီ၍ လျှောက်လာသော စစ်သားများက သူတို့ဂူရှေ့သို့ ရောက်လာကြသည်။

ထိုအခိုက်မှာပင် ဘရန်ဆိုင်းထံမှ အသံတစ်ချက် ထွက်သွားသဖြင့် ရှေ့ဆက်မသွားတော့ဘဲ ရပ်တန့်သွားကာ တပြိုင်



www.burmeseclassic.com

www.burmeseclassic.com

နက် လှည့်ကြည့်ကြလေသည်။

"ဟင်. . ."

ထိုအခါမှ ဘရန်ဆိုင်းမှာ များစွာကြောက်ရွံ့တုန်လှုပ်သွားလေသည်။ ခဏကြာတော့မှ ဗြိတိသျှစစ်သားများက ရှေ့သို့ဆက်လျှောက်သွားကြလေသည်။

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

ထိုမြင်ကွင်းကို မြင်သောအခါ ဘရန်ဆိုင်းမျက်နှာမှာ ဖြူဖတ်ဖြူလျော် ဖြစ်နေတော့သည်။

"လေယာဉ်ပျက်ကျလို့ ဝင်းဂိတ်သေသွားခဲ့ပြီပဲ၊ သူ့ အခု ဘယ်က ရောက်လာတာလဲ"

ဟု တစ်ယောက်တည်း ရေရွတ်နေစဉ် အပြင်ဘက်မှ ခြေသံလိုလို ကြားရသဖြင့် လှမ်းကြည့်လိုက်တော့ ဂူအပေါက်ဝမှ ခေါင်းငုံ့ကြည့်နေသော စစ်သားနှစ်ယောက်၏မျက်နှာကို လှမ်းမြင်ရသည်။

ဂူပေါက်ဝမှာ အတော်မြင့်သဖြင့် ခေါင်းမငုံ့ဘဲ ဝင်နိုင်လေရာ ထိုစစ်သားက ခေါင်းငုံ့ကြည့်နေရသည်ကို မြင်သောအခါ အတော်အရပ်အမောင်းမြင့်သည်ဟု ဆိုနိုင်ပေသည်။

"ခင်ဗျားကို ဗိုလ်ချုပ်က လိုက်ခဲ့ပါဆိုလို့ လာခေါ်တာ"

တစ်ယောက်က လှမ်းပြောသဖြင့် ဘရန်ဆိုင်းက ကယောင်ကတမ်းနှင့် နေရာမှ ကျုံးထရန် ဟန်ပြင်လေသည်။

သူသည် စစ်သားတစ်ယောက်ဖြစ်ခဲ့ဖူးသောကြောင့် အမိန့်ဆိုလျှင် နာခံတတ်သော အလေ့အကျင့်ရှိနေသည်။





"ဘာလုပ်တာလဲ. . . သေချင်လို့လား"

"ဟို. . ဟိုမှာ. ."

"အဲဒါ လူတွေမှ မဟုတ်တာ၊ ဝင်းဂိတ်သေတာပဲ ကြာလှပြီ၊ အခုတွေ့တာကို ဝင်းဂိတ်လို့ ထင်နေတုန်းပဲလား"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်မှ ထိုင်ရမလို ထရမလိုဖြစ်နေတော့သည်။

"ရဲဘော်. . လာလေ. . ဗိုလ်ချုပ်ခေါ်နေတယ်"

"မလိုက်ရင် ဝင်ပြီးဆွဲခေါ်ရလိမ့်မယ်"

ဟု ပြောကာ တစ်ယောက်က ဂူပေါက်ဝမှ အတွင်းသို့ ငုံ့ဝင်လာသောကြောင့် ဒေါက်တာမင်းထင်ကျော်က နံဘေးမှာ အဆင်သင့် ချထားသောသေနတ်ကို ကောက်ယူပြီး ပစ်လိုက်သည်။

"ဒိုင်း. ."

သေနတ်သံက ဂူအတွင်းမှာသာမက ပတ်ဝန်းကျင်၌ပါ ပဲ့တင်ထပ်သွားလေတော့သည်။

မီးခိုးငွေ့များ မှောင်သွားပြီး ခဏကြာ၍ ကြည့်လိုက်တော့ ဂူပေါက်ဝမှာ ဘာမှမတွေ့ရတော့ပေ။

ထိုအခါမှ ဘရန်ဆိုင်းမှာလည်း မျက်လုံးပြူးနေလေသည်။ ထိုသေနတ်သံမှာ လောလောဆယ် အန္တရာယ်ကင်းသွားသော်လည်း နောက်ထပ်အန္တရာယ်များကို ဖိတ်ခေါ်လိုက်သကဲ့သို့ ရှိသွားတော့သည်။

သန်းခေါင်ယံအချိန်ကျော်၍ ဒေါက်တာမင်းထင်ကျော်


www.burmeseclassic.com

www.burmeseclassic.com

တို့ အိပ်ပြီး စောထီးနှင့်ငမဲအောင်တို့နှစ်ယောက် စောင့်သော အချိန်ရောက်မှ အန္တရာယ်က ရောက်လာလေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် ထိုင်စောင့်နေ စဉ် ဂူပေါက်ဝမှာ ကြိုးချည်ထားသော လားနှစ်ကောင်မှာ တစ်စုံ တစ်ယောက်က ဆွဲယူနေသဖြင့် ရုန်းကန်နေသည်ကို လှမ်းမြင်ရ သည်။

ကြည့်တော့လည်း ဘာမှမမြင်ရပေ။

သို့သော် တစ်စုံတစ်ယောက်က ချည်ထားသောကြိုး များကို ဖြတ်ပြီး လားနှစ်ကောင်ကို အပြင်သို့ ဆွဲထုတ်နေသည်ကို တော့ အတိုင်းသား တွေ့နေရသည်။

"စောထီး. . . ဘာဖြစ်တာလဲ"

"ငါလဲ မသိဘူး၊ ဟိုမှာ လားတွေကို အပြင်ဆွဲယူနေတာ တော့ အသေအချာပဲ"

လားနှစ်ကောင်က ရုန်းရင်းကန်ရင်းနှင့် ဂူအပြင်သို့ ပါသွားလေသည်။

ထိုအခါ စောထီးက ဓါးကို ယူပြီး အပြင်သို့ ထွက်လိုက် သည်။

"စောထီး. . . သတိထားနော်"

နောက်မှ ငမဲအောင်က သတိပေးလိုက်၍သာ တော် ရှေ့သည်။ ဘယ်နေရာမှ ထွက်လာမှန်းမသိသော လှံရှည်တစ် လက်က သူရှိရာသို့ တန်းဝင်လာရာ မျက်စိရှင်လှသော စောထီး က နံဘေးသို့ လှိမ့်ရှောင်ပေးလိုက်ရာ သီသီကလေး လွတ်သွား





ပြီးနောက် ကျောက်နံ့ယံကို 'ချွင်'ကနဲ ထိပြီး ဘေးသို့ စင်ထွက် သွားသည်။

နောက်တစ်ခါမှာတော့ ဂူနှင့် မလှမ်းမကမ်းနေရာမှာ အစိမ်းရောင်သမ်းနေသော လူတစ်ယောက်က မြားဖြင့် ပစ် သည်။ ဝှစ်ကနဲ ဝင်လာသောမြားတံကို ရှောင်ချိန်မရတော့သဖြင့် ဓါးဖြင့် ခုတ်ထုတ်ပစ်ရသည်။

ထိုအခိုက်မှာပင် ငမဲအောင်က အပြင်ရောက်လာပြီး အခြေအနေကို မြင်သောအခါ နံဘေးမှာ ကျနေသောလှံကို ယူပြီး မြားဖြင့် ပစ်ရန်ပြင်နေသူကို ပစ်ထိုးချလိုက်ရာ တည့်တည့် မတ်မတ် စိုက်ဝင်ပြီး လဲကျသွားသည်ကို မသဲမကွဲ လှမ်းမြင်လိုက် ရလေသည်။

ထိုအခိုက်မှာပင် ဒေါက်တာမင်းထင်ကျော်၊ ဘရန်ဆိုင်း၊ ခွန်ဆန်တို့ ထွက်လာကြသည်။

၎င်းတို့လက်ထဲမှာ သေနတ်နှင့်လေးမြား ပါလာကြ သည်။

ထူးဆန်းသောအချက်မှာ ကိုယ်ပျောက်ထားသော ရန်သူများမှာ အလင်းရောင်ရှိသောနေရာ ရောက်လာလျှင် ပျောက်သွားပြီး အလင်းရောင် လုံးဝမရှိသော အမှောင်ထဲ ရောက်သွားလျှင် မီးစုန်းဓါတ်ကဲ့သို့ အစိမ်းရောင်ပုံရိပ်အချို့ကို မြင်တွေ့ရသည်။

ပုံသဏ္ဍာန်မှာ ပိုးစုန်းကြူးအရောင်နှင့် တူလေသည်။

ထိုသဏ္ဍာန်များကို မြင်ရသောအခါ များစွာအံ့ဩမိလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ လားနှစ်ကောင်ကိုလည်း အစိမ်းရောင်ပုံရိပ်နှစ်ခုက အတင်းဆွဲခေါ်နေသည်။

လားနှစ်ကောင်ကလည်း အတင်းရုန်းကန်နေလေသည်။ ဒေါက်တာမင်းထင်ကျော်က လားကို ဆွဲယူနေသော အစိမ်းရောင်နှစ်ကောင်ကို သေနတ်နှင့် ပစ်ချလိုက်လေသည်။

"ဒိုင်း. . . ဒိုင်း"

ထိုအခါ နှစ်ကောင်စလုံး လိမ့်ကျသွားလေသည်။

ထိုအခါ ကျန်လူများက လဲကျသွားသူနှစ်ယောက်ကို ဆွဲယူကာ တောထဲသို့ ဝင်ပြေးကြလေတော့သည်။

၎င်းတို့ ပြေးသွားရာနောက်တွင် ပိုးစုန်းကြူးများ ပျံဝဲနေသကဲ့သို့ အစိမ်းရောင်များက ဝေ့ဝဲလျက် ကျန်ခဲ့လေသည်။

အတန်ကြာသောအခါ အခြေအနေမှာ ပြန်လည်ငြိမ်သက်သွားလေသည်။

ထိုအခါမှ စောထီးနှင့်မဲအောင်တို့က ကြောက်လန့်နေသော လားနှစ်ကောင်ကို ပြန်ဆွဲယူလာသည်။

"ဘာကောင်တွေလဲ. . . ထူးဆန်းလှချည်လား"

"ညမြင်နေ့ပျောက် လူသားစားလူရိုင်းတွေပဲ၊ သူတို့က နေ့ဘက်မှာ မမြင်ရတော့ သူတို့လက်ချက်နဲ့ သေကြတာ များတယ်"

"ဒါပေမယ့် သူတို့မှာ လျှို့ဝှက်ချက်တစ်ခုခု ရှိမှာ သေချာတော့ ဒီလျှို့ဝှက်ချက်ရဲ့အဖြေကို ရှာနိုင်ရင် ရနိုင်ပါတယ်"

ဟု ပြောပြီး စောစောက အစိမ်းရောင်လူကို သေနတ်





ထိမှန်သွားသောနေရာသို့ သွားကြည့်သောအခါ မြေပြင်ပေါ်မှာ ဒရွတ်တိုက် ဆွဲယူသွားသော စွတ်ကြောင်းနှင့် သွေးကွက်များကို တွေ့ကြရသည်။

"သူတို့က ဆေးတစ်မျိုးကြောင့် သူတို့ကို မမြင်ရပေမယ့် ဒဏ်ရာရရင်တော့ သွေးထွက်တာပါပဲကွာ"

ဟု ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချလိုက်သည်။

သူတို့ ရောက်နေသောနေရာမှာ. . .

တကယ့် မရဏတောကြမ်းပါပေ။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

# တောနက်အတွင်းမှ ကိုယ်ပျောက်လူသတ်သမားများ

နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာပင် ရှေ့သို့ ခရီးဆက်ရန် ပြင်ကြလေသည်။

မီးရှိသေးသောကြောင့် ပါလာသောအစားအသောက်အချို့ကို ချက်ပြုတ်စားသောက်ပြီး ဝမ်းပြည့်အောင် ဖြည့်ကြရသည်။ ထိုအချိန်မှာပင် ငမဲအောင်က ညက ကျန်ခဲ့သောလှံကို ယူလာသည်။ လှံမှာ သံအသွားတပ်ပင် ဖြစ်သော်လည်း သေသေ



www.burmeseclassic.com

www.burmeseclassic.com

သပ်သပ် ပြုလုပ်ထားသည်တော့ မဟုတ်ပေ။

သံကို အပြားခတ်၍ အဖျားချွန်ထားသည်။

သို့သော် ထိပ်ဖျားမှာလည်း ပြာနှမ်းနှမ်းအရည်များ သုတ်ထားလေသည်။

မြားတံမှာလည်း ထိုအတိုင်းပင်. . . ။

သံချွန်တစ်ခုကို ဝါးတံထိပ်မှာ တပ်ထားပြီး နောက်ဘက်မှာ ငှက်မြီးရှည်အချို့ တပ်ထားသည်။

သံချွန်မှာလည်း ပြာနှမ်းနှမ်း အဆိပ်ရည်များ သုတ်ထားသည်။ ဒေါက်တာမင်းထင်ကျော်က မြားတံနှင့်လုံ့သွားကို အသေအချာကြည့်ပြီး မှတ်ချက်ချသည်။

"တောထဲမှာ နေတဲ့လူရိုင်းတွေဆိုပြီးတော့ အထင်သေးလို့တော့ မဖြစ်ဘူး၊ လုံ့သွား၊ မြားချွန်တွေကို ကြည့်ရင် လက်နက်လုပ်တာ ကျွမ်းကျင်ပုံရတယ်၊ မြားဆိပ်ကိုလည်း သုံးရမယ်ဆိုတာ သိတယ်၊ ဒီမြားဆိပ်နဲ့ ထိရင် တစ်ခါတည်း သေနိုင်မယ် ထင်တယ်"

"ကိုယ်ပျောက်နေတာကရော ဘယ်လိုလဲ ဆရာ"

"ကိုယ်ပျောက်တယ်ဆိုတာ သိဒ္ဓိတန်ခိုးကြောင့် ပျောက်နေတာ မဟုတ်ပါဘူး၊ ပြဒါးနဲ့ သက်ဆိုင်တဲ့ မီးစုန်းဓါတ်တစ်မျိုးကြောင့် ပျောက်နေတာပါ၊ ဒါပေမယ့် သေနတ်နဲ့ ပစ်ရင်တော့ သေမှာပဲ၊

ဘာကြောင့်လဲဆိုတော့ တကယ်ပျောက်နေတာမဟုတ်ဘဲ ပြဒါးဓါတ်ကြောင့် သူတို့ကို မမြင်ရတာပါ၊ ဒါပေမယ့် တကယ်





လို့ တိုက်ကြခိုက်ကြတဲ့အခါမှာတော့ သူတို့ဘက်က တစ်ပန်းသာတာပေါ့"

ဟု ပြောပြလေသည်။

ထို့နောက် စခန်းသိမ်းပြီးနောက် ထိုနေရာမှ ခရီးထွက်ခဲ့လေသည်။

ခရီးလမ်းမှာ တောတောင်များ ထူထပ်သောကြောင့် ခက်ခက်ခဲခဲ သွားကြရသည်။

လွန်ခဲ့သောလေးငါးနှစ်က ထိုနေရာတဝိုက်တွင် ဗြိတိသျှတပ်များ လာရောက်စခန်းချသွားသော ခြေရာလက်ရာများကိုပင် အစအနမျှပင် မတွေ့ရပေ။

"အခု ဘယ်နေရာကို သွားမလဲ"

ဒေါက်တာမင်းထင်ကျော်က ဘရန်ဆိုင်းကို မေးလိုက်သည်။

"နေဝင်ခါနီးလောက်ဆိုရင် တောင်ပေါ် နာဂရွာတစ်ရွာကို ရောက်မယ်၊ အဲဒီမှာ ခရီးတစ်ထောက်နားပြီးမှ လေယာဉ်ပျက်ကျတဲ့နေရာကို သွားကြမယ်၊ အဲဒီရွာမှာ လေယာဉ်ပျက်ကျတဲ့နေရာကို ရောက်ဖူးတဲ့လူတွေ ရှိတယ်၊ သူတို့ရဲ့အကူအညီယူရမယ်"

ဟု ဘရန်ဆိုင်းက ပြောပြသည်။

လမ်းခရီးတလျှောက်မှာတော့ အန္တရာယ်ကြီးကြီးမားမား မတွေ့ကြရပေ။

၎င်းတို့အနေနှင့် သားရဲတိရစ္ဆာန်များရန်ထက် ကိုယ်


www.burmeseclassic.com

www.burmeseclassic.com

ပျောက်နေသော လူရိုင်းများရန်ကို ပို၍ဂရုထားနေကြရလေသည်။

သို့သော်လည်း အနှောင့်အယှက်ပေးခြင်းတော့ မခံကြရပေ။

ညနေပိုင်းအချိန်ရောက်သောအခါ မိစ္ဆာတြိဂံ အလယ်နေရာလောက်တွင် ရှိသော တောင်ပေါ်နာဂရွာတစ်ရွာသို့ ရောက်သွားကြသည်။

ထူးခြားသောအချက်မှာ ခြံတံခါးများ ပွင့်နေပြီး ရွာထဲမှာလည်း ဆူဆူညံညံအသံများ ကြားရလေသည်။

ရွာလယ်မှာလည်း မီးတိုင်များ ထွန်းထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ လာတာ မြင်တော့ ထောင်ထားသောတံတားကို ချပေးသည်။

ဒီဘက်ချောက်ကမ်းမှ ရွာရှိသောကမ်းဘက်သို့ ကူးကြရလေသည်။

နာဂရွာလူကြီးမှာ ဘရန်ဆိုင်းနှင့် သိကျွမ်းသူဖြစ်သည်။

"ဘယ်လိုဖြစ်နေကြတာလဲ သူကြီး"

ဘရန်ဆိုင်းက မေးလိုက်သည်။

"ညတုန်းက ငါတို့ရွာထဲကို ကိုယ်ပျောက်လူရိုင်းတွေ ဝင်လာပြီး လူတွေလည်း ဖမ်းသွားတယ်၊ နွားတွေ ဝက်တွေလည်း ယူသွားတယ်၊ ဒို့အပြင် ငါ့သမီးကိုပါ ခေါ်သွားကြတယ်၊ ကယ်နိုင်ရင် ကယ်ပေးပါ"

ဟု နာဂဘာသာစကားဖြင့် ပြောလေရာ ဘရန်ဆိုင်းက





ဘာသာပြန်ပြရသည်။

"အခုပါလာတဲ့ ကျွန်တော့်ရဲ့မိတ်ဆွေတွေက ကိုယ်ပျောက်လူရိုင်းတွေကို ကောင်းကောင်းနှိမ်နင်းနိုင်တယ်၊ လမ်းမှာ ငါတို့ကို လာပြီးနှောင့်ယှက်လို့ နှစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်လိုက်တယ်"

ဘရန်ဆိုင်းက ခပ်ကြွားကြွား ပြောလိုက်သည်။

"သူတို့က ကိုယ်ပျောက်နေတာ ဘယ်လိုဖမ်းမလဲ"

"ကျုပ်တို့မှာ နည်းရှိပါတယ်၊ ဧည့်သည်တွေကို တည်းစရာနေရာ စီစဉ်ပေးပါ"

ဟု ပြောသဖြင့် ရွာလယ်ဘက်ရှိ တဲကြီးတစ်လုံးမှာ နေရာချပေးလေသည်။

ရွာလူကြီးက ဆော်ဩပေးသောကြောင့် အချို့က ၎င်းတို့ စားသော အစားအသောက်အချို့ကိုပင် လာပို့ပေးသည်။

အများအားဖြင့်တော့ မိန်းမရော ယောကျ်ားပါ အပေါ်အင်္ကျီမဝတ်ဘဲ ခါးမှာ အရှက်လုံရုံ သားရေပြားကလေးများသာ ပတ်ထားကြသည်။

မိန်းမပျိုများကတော့ ရောင်စုံပုတီးစေ့များကို နှစ်ကုံး သုံးကုံးကို လည်ပင်းမှာ ဆွဲကာ ရင်ဘတ်ပေါ် ချထားကြသည်။

ထိုပုတီးကုံးများမှာ ၎င်းတို့အတွက် ဘယက်တန်ဆာဆိုက မမှားပေ၊ ညအချိန်ရောက်တော့ ရွာလူကြီးနှင့်ရွာသားများကို ခေါ်ပြီး အကျိုးအကြောင်း ပြောပြရသည်။

"ဒီလူရိုင်းတွေက သူတို့ကို မမြင်ရဘူးဆိုတာ သူတို့ကိုယ်


www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှာ ဆေးတစ်မျိုး သုပ်ထားလို့ မမြင်ရတာပါ၊ ကြောက်စရာ မလိုပါဘူး”

“ဆရာကြီးတို့ လာမှပဲ အခုလို သိရတော့တယ်၊ ကျုပ်တို့မှာ သူတို့နှိပ်စက်သမျှ ခံနေရတာကြာပြီ၊ လာတိုက်ရင်လည်း သူတို့ကို မမြင်ရတော့ ဘာမှပြန်မလုပ်နိုင်ဘူး”

“စိတ်မပူပါနဲ့. . . ကျွန်တော်တို့ ရောက်နေတုန်း သူတို့ကို ဘယ်ပုံဘယ်နည်း ဖမ်းရမယ်ဆိုတာ ပြပေးခဲ့ပါ့မယ်”

“ကျေးဇူးတင်လိုက်တာဗျာ. . . ဒီလိုသာဆိုရင် ဒီက ဆရာကြီးတို့အတွက် လိုတဲ့အကူအညီကိုလည်း အသက်စွန့်ပြီး ပေးဖို့ ဝန်မလေးပါဘူး၊ လိုတာသာ ပြောပါ”

ဟု ရွာလူကြီးက အားတက်သရော ပြောလေသည်။

အခြားရွာသားများကလည်း စိတ်အားတက်ကြွလာလေသည်။ ထိုအခါ ဘရန်ဆိုင်းက လေယာဉ်ပျံ ပျက်ကျသောနေရာကို သွားလိုသဖြင့် လမ်းပြပေးပါရန် ပြောလိုက်လေသည်။

ထိုစကားကြားသောအခါ ရွာလူကြီးအပါအဝင် နာဂအတော်များများမှာ မျက်စိမျက်နှာပျက်သွားကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေရင်းမှ အတန်ကြာသောအခါ ရွာလူကြီးက အကြောင်းစုံ ပြောပြလေသည်။

“ဗြိတိသျှတွေ ဒီကိုရောက်လာတော့ ကျုပ်တို့ကို အထုပ်အပိုး ထမ်းဖို့နဲ့ လမ်းပြပေးဖို့ လာခေါ်ပါတယ်၊ လမ်းပြခအတွက် ရွှေဒင်္ဂါးပြားတွေကို ပေးပါမယ်၊





အဲဒီတုန်းက ရတဲ့ ရွှေဒင်္ဂါးပြားတွေတောင် ဘယ်နေရာမှ သုံးစရာမရှိလို့ သိမ်းထားတာ ရှိပါသေးတယ်”

ဟု ပြောကာ ရွာလူကြီးက ၎င်းသိမ်းထားသော ရွှေဒင်္ဂါးပြားများကို ထုတ်ပြလေသည်။

ထိုရွှေဒင်္ဂါးများကို ထွေထွေထူးထူး သိမ်းထားခြင်းမရှိဘဲ ဝါးဆစ်ဖူးအတွင်း ထည့်၍ အပေါ်မှ ပျားဖယောင်းနှင့် ပိတ်ကာ ထုတ်တန်းမှာ ချိတ်ဆွဲထားခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ကို ပြတော့မှ ထိုဝါးဆစ်ဖူးကို ထယူပြီး ဖျာပေါ်တွင် သွန်ချပြခြင်းဖြစ်သည်။

ရွှေဒင်္ဂါးများမှာ ဆယ်ပြားခန့်ရှိသည်။

ရှေးခေတ်သုံး ရွှေဒင်္ဂါးများဖြစ်ပြီး ဂျော့ဘုရင်တံဆိပ်နှင့် ဖြစ်သည်။

“အဲဒီဗိုလ်ကြီးက တစ်ခေါက်ခေါ်ရင် ရွှေဒင်္ဂါးတစ်ပြား ပေးတယ်၊ ကျုပ်တို့ကတော့ သူပေးတာသာ ယူထားလိုက်ရတာပါ၊ ဒီအပြားတွေကို ဘယ်မှာ သုံးရမှန်းလည်း မသိပါဘူး”

ဟု ရိုးသားစွာ ပြောလေသည်။

“အင်း. . . ဆက်ပြောပါဦး”

“နောက်တော့ ဂျပန်တပ်တွေနဲ့ တိုက်ပွဲတွေ ဖြစ်ကြတယ်၊ ဒီကနေ ကွမ်တောင်ဘက်ကို သွားရင် သူတို့ ဖောက်ခဲ့တဲ့ လေယာဉ်ကွင်းဟောင်းတွေ ရှိတယ်၊ အဲဒီဘက်မှာတော့ အပျက်အစီးတွေ အများကြီး ရှိသလို တစ္ဆေသရဲတွေလည်း အများကြီး ရှိတယ်”


www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . . တစ္ဆေသရဲတွေကို ခင်ဗျားတို့ မြင်ရလို့လား"

"တွေ့ပါတယ်. . သေနတ်ထမ်းပြီး လျှောက်နေတာတွေရော၊ ခြေပြတ်လက်ပြတ်နဲ့ ကြောက်စရာကောင်းတဲ့ ပုံပန်းသဏ္ဌာန်တွေ ဖြစ်နေတာတွေလည်း တွေ့ခဲ့ရတယ်၊ ကျုပ်တို့ကတော့ ကိစ္စအရေးမကြီးဘဲ အဲဒီဘက်ကို သွားလေ့မရှိကြဘူး"

ဟု ပြောသည်။

"ကျွန်တော်တို့က လေ့လာရေးအတွက် သွားမှာပါ။ ဒီရွာက လမ်းပြကောင်းကောင်းထည့်ပေးပါ။ ဒီရွာက ဖမ်းသွားတဲ့လူတွေနဲ့ ခင်ဗျားရဲ့သမီးကို လူရိုင်းတွေလက်က ကယ်လာပေးဖို့လည်း တာဝန်ယူပါ့မယ်"

ထိုစကားကြားသောအခါမှ ရွာလူကြီးက အကူအညီပေးမည့်အကြောင်း ပြောလေသည်။

နောက်တစ်နေ့တွင် ဒေါက်တာမင်းထင်ကျော်က ကိုယ်ပျောက်လူရိုင်းများကို ဖမ်းဆီးရန်အတွက် အစီအစဉ်များကို စတင်ပြုလုပ်လေတော့သည်။

နာဂရွာမှာ တောင်ကျောတစ်ခုပေါ်မှာ တည်ထားခြင်းဖြစ်ပြီး အခြားနေရာနှင့် အတန်ငယ် လှမ်းသော ချောက်ကမ်းပါးတစ်ခုခြားနေလေသည်။

ဟိုဘက်သည်ဘက် ကမ်းပါးပေါ်မှာတော့ သစ်ပင်အမြင့်များ ရှိကြသည်။

ရွာသူရွာသားများကတော့ တစ်ဖက်သို့ ကူးလိုလျှင် ပြုလုပ်ထားသော ဝါးလှေခါးများကို ချကူးသည်။





အသုံးပြုပြီးပါက လှေခါးကို ပြန်ဆွဲယူသထားသည်။ ထိုသို့ပြုလုပ်ထားခြင်းမှာ သားရဲတိရစ္ဆာန်များ ရွာဘက်သို့ ကူးမလာနိုင်စေရန်အတွက်ဖြစ်သည်။

ရွာမှလူများ အဝင်အထွက်မရှိတော့လျှင်လည်း တံတားကို ပြန်ဆွဲ၍ သိမ်းထားလေသည်။

ထို့ပြင် ခြံတံခါးကိုလည်း သစ်လုံးတိုင်များ အခိုင်အမာစိုက်ပြီး တံခါးပိတ်ထားသည်။

ချောက်ကမ်းပါးရှိသော သစ်ပင်ကြီးများမှာတော့ နွယ်ကြိုးများ တန်းလန်းကျနေသည်။

ကိုယ်ပျောက်လူရိုင်းများက သည်ဘက်ကမ်းသို့ ကူးသောအခါ ထိုနွယ်ကြိုးများကို ဆွဲ၍ လွှဲကူးလာကြခြင်းဖြစ်လေသည်။ ဦးစွာ ဒေါက်တာမင်းထင်ကျော်က သည်ဘက်ကမ်းထိပ်တွင် ကျင်းနက်ကြီးတစ်ကျင်း တူးထားပြီး အတွင်း၌ ဝါးချွန်များထောင်ထားသည်။

အပေါ်မှ ဝါးရွက်ခြောက်များ ဖုံးထားသည်။

ထို့ပြင် ရွာသားအချို့ကို ဒီဘက်ကမ်းမှာ ရှိသော သစ်ပင်များပေါ်သို့ တက်ကာ ဝါးရွက်ပြာမှုန့်များကို အဆင်သင့်ဆောင်ခိုင်းထားသည်။

သေနတ်သံ ကြားသည်နှင့် ပြာမှုန့်များ ဖြူးချရန် မှာကြားထားသည်။

ထိုသို့စီမံပြီးသောအခါ ရွာထဲမှာ ရေနွေးဒယ်ကြီးများကို ဆူပွက်အောင် ပြင်ဆင်ထားသည်။ အားလုံးပြီးလျှင် သေနတ်



www.burmeseclassic.com

www.burmeseclassic.com

လေးမြား၊ ဓားလှံများကို အဆင်သင့် ကိုင်ကာ တံခါးပေါက်မှ
စောင့်ကြလေသည်။

ညဦးပိုင်းတစ်ချိန်လုံး အခြေအနေ မထူးခြားပဲ ရှိနေရာ
မှ ညဥ့်နက်ပိုင်း ရောက်သောအခါမှ တစ်ဖက်ကမ်းဘက်မှ လှုပ်
ရှားမှုများကို စတင်မြင်လာရသည်။

လူမမြင်ရသော်လည်း တိုးထွက်လာသဖြင့် သစ်ပင်
သစ်ကိုင်းများ လှုပ်ယမ်းနေသည်ကို လှမ်းမြင်ရသည့်အပြင်
တိတ်ဆိတ်နေသောအချိန်မျိုးမို့ တောတိုးလာသံများပါ ကြားလာ
ရသည်။

"ကျွီ. . . ကျွီ. . . ကျွီ"

သစ်ပင်ပေါ်မှာ ရောက်နေသူများက အချက်ပေးကြ
လေသည်။ အောက်မှာ စောင့်နေကြသူများကလည်း သေနတ်
များနှင့် လေးမြား စသည်တို့ကို အဆင်သင့်ပြင်ကာ မျက်တောင်
မခတ် စိုက်ကြည့်နေကြသည်။

ခဏကြာတော့ နွယ်ကြိုးများ လှုပ်ယမ်းလာသည်ကို
လှမ်းမြင်ရပြီးနောက် လူမမြင်ရဘဲ ဒန်းလွှဲသလို လွှဲလာသည်။

ကောင်းကင်မှာ လရောင်အနည်းငယ် ရှိနေသော
ကြောင့် ဝိုးတဝါးမျှသာ လှမ်းမြင်ရသည်။

ကြည့်နေရင်းမှာပင် ချောင်းကျင်းထဲသို့ ဝုန်းကနဲ ပြုတ်
ကျသံ ကြားကြရသည်။

"ဝုန်း. . ."

ရှေ့ဆင့်နောက်ဆင့်ဆိုသလို တစ်ယောက်ပြီးတစ်





ယောက် ပြုတ်ကျသံများ ပေါ်ထွက်လာသည်။

တွင်းနက်ထဲမှ ဗူးဗူးဝါးဝါး အော်သံများလည်း ပေါ်ထွက်
လာလေသည်။

ဒေါက်တာမင်းထင်ကျော်က တွင်းပေါက်ဝမှ အောက်
သို့ ငုံ့ကြည့်နေသော သဏ္ဌာန်တစ်ခုကို သေနတ်ဖြင့် လှမ်းပစ်ချ
လိုက်သည်။

"ဒိုင်း. . ."

ဂုင်းထံမှ သေနတ်သံကြားသည်နှင့် သစ်ပင်ပေါ်မှ ပြာ
မှုန့်ထုပ်များ ဖြည်ချလိုက်လေတော့သည်။

ပြာမှုန့်များ ကျလာသည်နှင့် တွင်းထဲ မကျသော လူရိပ်
အချို့မှာ ရုပ်လုံးများ ပေါ်လာတော့သည်။

ကိုယ်ပေါ်မှာ သုတ်ထားသော ပြဒါးရည်နှင့် ထိသော
အခါ ပြာမှုန့်များက ကပ်သွားလေရာ အလွယ်တကူ မြင်နိုင်
သဖြင့် သေနတ်၊ လေးမြားတို့ဖြင့် တစ်ပြိုင်နက်ထဲ ပစ်ချလိုက်
တော့သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဝှစ်. . . ဝှစ်. . . ဝှစ်"

ဒေါက်တာမင်းထင်ကျော်တို့မှာ သေနတ်နှစ်လက်၊
ဘာရန်ဆိုင်းမှာ တစ်လက်နှင့် သေနတ်သုံးလက်နှင့် တစ်ပြိုင်နက်
တည်း ပစ်ရာ ဆူညံသွားလေတော့သည်။

ထို့ပြင် နာဂရွာသားများ ပစ်လွှတ်လိုက်သော အဆိပ်
လူးမြားတံများကလည်း ပိတုံးကောင်များပမာ ပြေးထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

ကာ ထိမှန်ကြလေရာ တအီးအီး တအားအား အော်သံများကို အတိုင်းသား ကြားနေရသည်။

နောက်ဆုံး တစ်ယောက်မကျန် သုတ်သင်ပြီးသောအခါမှ အသင့်ထားသော ရေနွေးပူပူများဖြင့် တွင်းများထဲသို့ လောင်းချရာ ငယ်သံပါအောင် အော်ဟစ်သံများ ကြားကြရသည်။

ထိုအသံများကြောင့် တစ်ဖက်ကမ်းမှာ ကျန်ခဲ့သော ကိုယ်ပျောက်နာဂများမှာ ကူးမလာဝံ့တော့ဘဲ နောက်ကြောင်းပြန်လှည့်ပြေးကြလေတော့သည်။

နောက်တစ်နေ့နံနက်လင်းမှ လိုက်လံကြည့်သောအခါ ကိုယ်ပေါ်မှာ ပြဒါးကဲ့သို့ အရည်တစ်မျိုး သုတ်ထားသောကြောင့် မီးစုန်းအရောင်တောက်နေသည့် လူရိုင်းအများအပြားကို တွေ့ကြရလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာလည်း ထိုကဲ့သို့ အကူအညီပေးလိုက်ရသဖြင့် များစွာကျေနပ်စရာ ဖြစ်သလို ရှေ့ဆက်ရမည့်ခရီးအတွက် ထိုရွာမှ လမ်းပြကျွမ်းကျင်သူများ ရရှိလေတော့သည်။





## အခန်း(၆)

# ဝိညာဉ်တို့ ပျော်မွေ့သောနေရာ

လူရိုင်းအချို့မှာ အသက်မသေဘဲ ရှိနေရာ ဒေါက်တာမင်းထင်ကျော်တို့က ရွာထဲသို့ ခေါ်လာပြီး ဆေးထည့်ပေးသည်။ ၎င်းတို့မှာ နာဂမျိုးနွယ်အများအပြား ရှိသည့်အထဲမှ တောနက်ထဲများတွင်သာ နေကြသည့် လူရိုင်းများဖြစ်ကြသည်။ ခန္ဓာကိုယ်မှာ ကျစ်လစ်ပြီး တစ်ကိုယ်လုံး အမည်းရောင်ဖြစ်သည်။ ခါးမှာ နံငယ်ပိုင်းကဲ့သို့ သားရေပြားချပ်ကလေးသာ ကပ်ထားပြီး ကိုယ်ပေါ်မှာတော့ ဘာမှမရှိပေ။


www.burmeseclassic.com

www.burmeseclassic.com



အချို့မှာ တိရစ္ဆာန်အစွယ်များကို သီပြီး လည်ပင်းမှာ ဆွဲထားကြသည်။

အများအားဖြင့်တော့ မီးစုန်းခတ်ပါသော အဖြူရောင်အရည်များ သုတ်ထားသောကြောင့် အလင်းရောင်နှင့် ထိသောအခါ ကိုယ်ပျောက်သကဲ့သို့ ရှိနေလေသည်။

ညအချိန်ရောက်လာသောအခါ မီးစုန်းခတ်များက အရောင်ထွက်လာသောကြောင့် ပိုးတဝါးမြင်ရသည်။

၎င်းတို့ကို ရုတ်တရက် မမြင်ရသောကြောင့် တိရစ္ဆာန်များကို ဖမ်းဆီးရာမှာသော်လည်းကောင်း၊ ရန်သူများကို ချောင်းမြောင်းတိုက်ခိုက်ရာမှာသော်လည်းကောင်း များစွာတပန်းသာလေသည်။

လမ်းပြမုဆိုး ခွန်ဆန်က ၎င်းတို့စကားကို အတန်အသင့်နားလည်သဖြင့် သီလိုသမျှ မေးမြန်းကြည့်ရသည်။

"မင်းတို့ ဘယ်က လာတာလဲ"

"ငါတို့ ကျောက်မျက်နှာဂူမှာ နေတယ်"

ထိုစကားကြားသောအခါ ခွန်ဆန်မှာ များစွာအားရှိသွားလေသည်။

၎င်းမှာ ကျောက်မျက်နှာတောင်သို့ တစ်ခေါက်ရောက်ခဲ့ပြီးဖြစ်ကာ ထိုအကြောင်းများကို ဦးဗန်ကောင်းအား ပြောပြခဲ့ခြင်းဖြစ်သည်။

"မင်းတို့ လူဘယ်လောက်ရှိသလဲ"

"အများကြီး ရှိတယ်"





"ဒီရွာက လူတွေကို ဘာကြောင့် ဖမ်းသွားတာလဲ"

"ငါတို့ ယဇ်ပူဇော်ဖို့ ဖမ်းခေါ်သွားတာ"

"ရွာလူကြီးသမီးကိုရော သတ်လိုက်ပြီလား"

"သူကိုတော့ မသတ်ဘဲ ထားတယ်"

"မင်းတို့ကိုယ်ပေါ်မှာ ဘာတွေသုတ်ထားတာလဲ"

"အဲဒီလို အရည်တွေက ကျောက်ဂူထဲမှာ ရှိတယ်၊ အဲဒီအရည်ကို သုတ်ထားရင် တောကောင်တွေက ငါတို့ကို မမြင်ရတော့ အလွယ်တကူ ဖမ်းလို့ရတယ်"

"ဒီလိုလုပ်ရမယ်လို့ ဘယ်သူက ပြောသလဲ"

"ငါတို့မှာ နတ်ဆရာလည်း ရှိတယ်၊ အားလုံးကို အုပ်ချုပ်နေတဲ့သခင်မလည်း ရှိတယ်၊ အားလုံး သူ့စကား နားထောင်ရတယ်၊ သူ့ကို ကြောက်ရတယ်၊ သူ့ဆီမှာ အစွမ်းထက်တဲ့ပညာတွေ အများကြီး ရှိတယ်၊ ငါတို့က သူ့ကို ကျောက်မျက်နှာသခင်မလို့ ခေါ်ရတယ်"

"မင်းတို့ ဒီမှာ ဒုက္ခရောက်နေတာကို သူတို့က မသိဘူးလား"

"သိတယ်. . . ငါတို့ကို သတ်တဲ့လူတွေကို မကြာခင် ပြန်သတ်လိမ့်မယ်"

ဟု ပြောသည်။

ထို့နောက် ဒဏ်ရာရထားသော လူရိုင်းနှစ်ယောက်ကို သူတို့စားသည့် အစားအစာများ ကျွေးသော်လည်း မစားကြချေ။ ကြိုးဖြင့် တုပ်ထားသောကြောင့် မပြေးသာသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

အချိန်ရပါက ထွက်ပြေးရန် ကြံစည်နေကြဟန်ရှိသည်။ နာဂရွာသို့ လာရောက်တိုက်ခိုက်သောလူများမှာ ၎င်းတို့နှစ်ယောက်သာ ဒဏ်ရာနှင့် ကျန်ခဲ့ပြီး ကျန်လူများကတော့ အားလုံးသေဆုံးသွားကြသည်။

ထောင်ချောက်ကျင်းထဲ ကျသူများမှာ တစ်ယောက်မှ အသက်မရှင်ကြတော့ပေ။

ညနေဘက်တွင် စွန်ဆန်က ၎င်းတို့နှစ်ယောက်ကို ခေါ်ရည်တိုက်သည်။

ပထမတော့ မသောက်ဘဲ ငြင်းဆန်နေသည်။

နောက် ၎င်းတို့ နားလည်နိုင်သော နာဂဘာသာစကားဖြင့် ချော့မော့တိုက်တော့မှ တစ်ယောက်တစ်ခွက်စီ သောက်ကြလေသည်။

သောက်ပြီးသောအခါမှာလည်း ကောင်းမှန်း သိသွားကြသောကြောင့် နောက်ထပ်တောင်းနေရာ နောက်ထပ်တစ်ခွက်စီ ထပ်တိုက်သောအခါ အတော်ကလေး မူးလာပြီး မေးသမျှ ပြောလေသည်။

"မင်းတို့နေတဲ့ ကျောက်မျက်နှာတောင်ထဲမှာ ဘာတွေရှိသလဲ"

"အစွမ်းထက်တဲ့ဆေးပင်တွေ ရှိတယ်၊ ကိုယ်ပျောက်နိုင်တဲ့ဆေးရည်တွေ ရှိတယ်၊ ငါတို့ ဒဏ်ရာရရင် အဲ့ဒီဆေးပင်တွေနဲ့ ကုရင် ချက်ချင်းပျောက်တယ်၊ ကျောက်မျက်နှာသခင်မက ကျောက်မျက်နှာတောင်ကြီးကို လူသွေးနဲ့ ယဇ်ပူဇော်ပေးရင်





ငါတို့အားလုံး အန္တရာယ်ကင်းတယ်"

"ဒါဖြင့် လူတွေကို လိုက်ဖမ်းတာ ယဇ်ပူဇော်ဖို့ပေါ့. . . ဟုတ်လား"

"ဟုတ်တယ်. . . လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်ပြီးရင် ယဇ်ကောင်ကို မီးဖုတ်ပြီး စားလိုက်ကြတယ်"

ထိုစကားကြားရသောအခါ အားလုံးမှာ စိတ်မချမ်းမသာဖြစ်သွားကြလေသည်။

"ကျောက်မျက်နှာတောင်ကိုသွားရင် ဘယ်လိုအန္တရာယ်မျိုးတွေ တွေ့နိုင်သလဲ"

"တခြားတော့ မရှိပါဘူး၊ သဘာဝ ဘေးအန္တရာယ်တွေနဲ့ တစ္ဆေသရဲတွေရဲ့ရန်ပဲ ရှိပါတယ်"

"ဘယ်လို တစ္ဆေသရဲတွေလဲ"

"အရင်တုန်းက ဒီတောနက်ထဲမှာ လူတွေ အစုလိုက်အပြုံလိုက် သေထားတာတွေ ရှိတယ်၊ သူတို့တတွေက တစ္ဆေသရဲဘဝနဲ့ တောထဲမှာ အများကြီးရှိတော့ လာသမျှလူတွေကို အန္တရာယ်ပေးကြတယ်"

စစ်ပွဲကာလအတွင်း၌ သေဆုံးခဲ့ကြသော ဂျပန်စစ်သားများနှင့် ဗြိတိသျှစစ်သားများကို ရည်စူးပြီး ပြောဟန်ရှိလေသည်။

"ဂူထဲ ဝင်ရင်ကော ဘယ်လိုအန္တရာယ်မျိုးတွေ ရှိသလဲ"

"ကျောက်မျက်နှာသခင်မက ဂူထဲကို ရန်သူတွေ ဝင်လာမှန်း သိရင် သိတာနဲ့ သေစေနိုင်တဲ့ အဆိပ်ငွေ့တွေ လွှတ်ပြီး သတ်လေ့ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါတွေ မထိအောင် ဘယ်လိုလုပ် ဝင်မလဲ"

"ကျောက်မျက်လုံးကို ဖောက်ပြီးဝင်မှ အထဲကို ရောက်လိမ့်မယ်"

"လွယ်လွယ်နဲ့ရော ဖောက်လို့ရနိုင်ပါ့မလား"

"ကျောက်မျက်လုံးနှစ်လုံးက ကျောက်ဂူထဲကို ရန်သူတွေ မဝင်နိုင်အောင် တပ်ထားတာပဲ၊ နေ့လည်ဘက် နေရောင်ခြည်လို အလင်းရောင် ရှိနေရင် မျက်လုံးတစ်ဖက်က အနီရောင်ထွက်နေတယ်၊ ညဘက် လရောင်ထွက်လာရင် မျက်လုံးတစ်ဖက်က အစိမ်းရောင် ထွက်နေတယ်၊ အဲ့ဒီအလင်းရောင်တွေကြောင့် ဂူထဲမှာ အမြဲတမ်း လင်းနေတယ်၊ နေ့ဘက်မှာ အထဲဝင်ရင် အစိမ်းရောင် ထွက်တဲ့မျက်လုံးကို ဖောက်ဝင်ရတယ်၊ ညဘက်ဝင်ရင် အနီရောင် ထွက်တဲ့ မျက်လုံးကို ဖောက်ဝင်မှရတယ်"

ဟု လျှို့ဝှက်ချက်များကို ပြောပြလေသည်။

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်တို့လည်း များစွာစိတ်ဝင်စားသွားကြသည်။

ပထမ မုဆိုးခွန်ဆန် ပြောစဉ်က သေသေချာချာ မသိရဘဲ ရှိနေရာမှ ယခု လူရိုင်းများ ပြောပြတော့မှ လျှို့ဝှက်ချက်အတော်များများကို သိကြရသည်။

"မင်းတို့ ဂူထဲမှာ ဘာတွေစားနေသလဲ"

"ယဇ်ကောင်တွေ ဖမ်းမိရင် သူတို့ကို စားတယ်၊ ဒါမှမရရင် တိရစ္ဆာန်တွေ ဖမ်းစားတယ်၊ ငါတို့အတွက်က အစားအတွက်





အရေးမကြီးဘူး၊ ကျောက်တုံးတွေကို မီးနဲ့ ပြုတ်စားရင် ဗိုက်ပြည့်ပြီး ဘာမှ မစားချင်တော့ဘူး"

ဟု ပြောရာ ကျန်လူများက မယုံကြည်နိုင်ဘဲ ရှိကြသော်လည်း ဦးဗန်ကောင်းကတော့ ဝမ်းသာသွားသည်။

ဒေါက်တာမင်းထင်ကျော်က ဦးဗန်ကောင်း အမူအယာကို ကြည့်ပြီး မေးသည်။

"သူတို့ ပြုတ်စားတဲ့ကျောက်တုံးက ဆရာကြီးပြောတဲ့ ကျောက်ပုတ်ဆိုတာများလား"

"အမှန်ပေါ့ . . . ကျောက်ပုတ်မို့သာ အခုလို ပြုတ်စားလို့ရတာပေါ့၊ အခြားကျောက်တုံးတွေဆို ပြုတ်လို့ နူးပါ့မလား၊ ငါတို့တော့ လာရကျိုးနပ်ပြီထင်တယ် မောင်ထင်ကျော်"

ဟု ဝမ်းသာအားရ ပြောလေသည်။

ထို့နောက်တွင် ဖမ်းထားသော လူရိုင်းနှစ်ယောက်ကို ကောင်းမွန်စွာ ကျွေးမွေးထားရင်းမှပင် နောက်တစ်ရက် နံနက်လင်းသောအခါ နှစ်ယောက်စလုံး သေဆုံးနေသည်ကို တွေ့ကြရသည်။

၎င်းတို့ကိုယ်ပေါ်မှာ တွေ့ရသော ဒဏ်ရာများကို ကြည့်ရုံနှင့် သူတို့အကြောင်းများ မသိစေလိုသောကြောင့် အခြားလူရိုင်းနာဂများက လာရောက်သတ်ဖြတ်သွားခြင်းဖြစ်ကြောင်း သိနိုင်လေသည်။

နောက်တစ်ရက် နာဂရွာမှ ထွက်ကာနီးသောအခါ ရွာလူကြီးက လမ်းပြအချို့အပြင် အခြားလိုအပ်သော စားနပ်ရိက္ခာ


www.burmeseclassic.com

www.burmeseclassic.com

များပါ ထည့်ပေးလိုက်သည်။

"စိတ်မပူပါနဲ့ သူကြီး၊ တကယ်လို့ ခင်ဖျားသမီး အသက်ရှင်ရက်နဲ့ ရှိနေသေးရင် ရအောင်ကယ်လာပေးပါ့မယ်"

ဟု ပြောခဲ့ရာ များစွာဝမ်းမြောက်ဝမ်းသာဖြင့် ကျန်ခဲ့လေသည်။

၎င်းတို့သည် မူလစီစဉ်ထားသည့်အတိုင်း မိစ္ဆာကြိုက်နယ်မြေအတွင်းမှ ဝင်းဂိတ်တို့ လေယာဉ်ပျက်ကျသောနေရာရောက်အောင် မြေပုံများအတိုင်း သွားကြလေသည်။ တောတွင်းမှာ သုံးညခရီးမျှ သွားမိသောအခါ စစ်အတွင်းက ဗြိတိသျှတပ်များ အသုံးပြုရန် ပြင်ဆင်ထားပြီးမှ ဂျပန်တပ်များက လက်ဦးသွားကာ ဖျက်ဆီးထားခဲ့သော ပစ်ကာဒီဂီ လေယာဉ်ကွင်းအဟောင်းနေရာသို့ ရောက်သွားကြလေသည်။

ထိုလေယာဉ်ကွင်းနေရာမှာ ယခုတိုင်ပင် သစ်ပင်ကြီးများ မပေါက်ဘဲ ချုံနွယ်ပိတ်ပေါင်းများသာ ဖုံးလွှမ်းနေသည်။

မြေပေါ်တွင် ကျင်းများ၊ ချိုင့်ကြီးများအပြင် ကန့်လန့်ချထားသော သစ်တုံးကြီး အမြောက်အမြားတို့ကို တစ်စွန်းတစ်စတွေ့ကြရသည်။

အချို့မှာ မြေအောက်နစ်မြုပ်နေပြီး အချို့မှာ မြေပေါ်သို့ တစ်စွန်းတစ်စ ပေါ်နေသေးသည်။

"ဒါ မစ်ကာဒီဂီ လေယာဉ်ကွင်းအဟောင်းနေရာပဲ၊ ဝင်းဂိတ်ရဲ့စက်မဲ့လေယာဉ်တွေ ဆင်းဖို့ စီမံထားပေမယ့် ဂျပန်တွေက လက်ဦးသွားလို့ ဘရော့ဒ်ဝေးမှာ ပြောင်းဆင်းရတာပဲ၊





ဒီညတော့ ဒီနေရာမှာပဲ စခန်းချတာ သင့်လျော်မယ်ထင်တယ်၊ ချောင်းနဲ့လည်း မဝေးလှဘူး"

ဟု မေဂျာဘရန်ဆိုင်းက ပြောသဖြင့် ချောင်းနှင့် မဝေးလှသောနေရာမှာ ယာယီတဲများ ထိုး၍ စခန်းချရန် ပြင်ကြလေသည်။

အချိန်မှာ ညနေပိုင်းအချိန်ဖြစ်သဖြင့် ခွန်ဆန်နှင့် နာဂအချို့က တောထဲ ဝင်သွားကြရာ အတန်ကြာသောအခါ ဆတ်ဖားတစ်ကောင် ရလာကြသဖြင့် ထိုနေ့ညအတွက် ဟင်းစားရသွားတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့က မြေပုံကို ကြည့်ပြီး ခရီးဆက်ရမည့်လမ်းများကို ရွေးချယ်တွက်ချက်နေစဉ် ခွန်ဆန်ခေါင်းဆောင်သောအဖွဲ့က ဆတ်သေကောင်ကို ချောင်းစပ်ဆွဲယူသွားပြီး ကမ်းစပ်မှာပင် ဖျက်ကြလေသည်။ အားလုံးပြီးမှ ပြန်ယူလာပြီး မီးဖိုပေါ်မှာ ကင်တန်တာကင်၊ ချက်တန်တာ ချက်ပြုတ်စားသောက်ကြလေသည်။

ထိုနေ့ ညပိုင်းအချိန်ရောက်သောအခါ ပါလာသော မီးအိမ်ကို ထွန်း၍ ရှေ့အစီအစဉ်များ တိုင်ပင်ပြီး လမ်းကြောင်းများကို ရွေးချယ်ကြပြီး အချို့မှာ လက်ဖက်ရည်ခါးခါးနှင့် ဆတ်သားမီးကင်စားရင်း ထိုင်စောင့်ကြသည်။

ညဉ့်နက်ပိုင်းရောက်သောအခါ တောထဲမှ ဆူဆူညံညံအသံများ စတင်ကြားလာရပြီး ခဏကြာတော့ ဂျပန်စစ်သားများထွက်လာကြသည်။


www.burmeseclassic.com

www.burmeseclassic.com

ရင်းတို့သည် သစ်တုံးကြီးများကို မနိုင်မနင်း တွန်းရွှေ့လာကြပြီး ကွင်းအလယ်မှာ လာချကြသည်။

ပြီးလျှင် သူတို့ရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီး တောထဲ ပြန်ဝင်သွားကြသည်။

အတန်ကြာအောင် ငြိမ်နေပြီးမှ နောက်တစ်ခေါက် သစ်လုံးကြီးများကို တွန်းရွှေ့လာပြန်သည်။

ပြီးသည်နှင့် တောထဲ ပြန်ဝင်သွားကြသည်။

ဂျပန်စစ်သားများမှာ သစ်တုံးကြီး တွန်းထုတ်လာလိုက်၊ တောထဲသို့ ပြန်ဝင်သွားလိုက်နှင့် တစ်ညလုံး အလုပ်ရှုပ်နေကြသည်။ ဒေါက်တာမင်းထင်ကျော်တို့အတွက်ကတော့ ထိုကဲ့သို့ မြင်ကွင်းများကို မကြာခဏ မြင်နေရသောကြောင့် မထူးဆန်းသလို လှမ်းကြည့်နေကြသည်။

သို့သော်လည်း သတိမလစ်စေဘဲ အနားမှာ သေနတ်များ ချထားလေသည်။

ဘရန်ဆိုင်းကတော့ ဘရော့ဒ်ဝေးစခန်း ရောက်လျှင် သူ ဝှက်ထားသော သေနတ်နှင့် စစ်လက်နက်ပစ္စည်းများ ရှိသည်ဟု ပြောပြလေသည်။

ဂျပန်စစ်သားများကတော့ သစ်တုံးကြီးများ တွန်းထုတ်လာလိုက်၊ တောထဲ ပြန်ဝင်သွားလိုက်နှင့် အပ်ကြောင်းထပ်နေသည်။ ရုပ်ရှင်ပြကွက်ကို ကြည့်နေရသကဲ့သို့ ဖြစ်နေလေသည်။

"ဒါတွေက ဘာတွေလဲ"

ဟု ခွန်ဆန်က မေးသည်။





"တခြားမဟုတ်ဘူး. . . စစ်အတွင်းက သေသွားတဲ့ ဂျပန်စစ်သားတွေရဲ့ဝိညာဉ်တွေပဲ"

"ဝိညာဉ်ဆိုတာ သရဲတစ္ဆေတွေပဲ မဟုတ်လား"

"မှန်ပါတယ်. . . တောထဲမှာ သရဏဂုံ မတင်ရ၊ အမျှအတန်း ဝေတဲ့လူ မရှိဘဲ သေကြတော့ မကျွတ်မလွတ်တဲ့ဘဝနဲ့ ဒီမှာပဲ ရှိနေကြရတယ်၊ တွေးကြည့်ရင်တော့ သနားစရာပဲပေါ့"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောပြနေစဉ် လမ်းပြနာဂများ နေသောတဲဆီမှ စူးစူးဝါးဝါး အော်သံတစ်ချက် ပေါ်ထွက်လာသည်။

"အား. . . ကယ်ပါဦး. . . ကယ်ပါဦး"

"ဘာဖြစ်တာလဲဟေ့"

သေနတ်များ ကောက်ကိုင်ကာ လှမ်းမေးလိုက်သည်။

"မည်းမည်းအကောင်ကြီးတစ်ကောင် အိပ်နေတဲ့လူတစ်ယောက်ကို ဝင်ဆွဲသွားလို့"

ဟု အော်ပြောသဖြင့် လက်နှိပ်ဓာတ်မီးများ၊ သေနတ်များပါ ယူပြီး ထိုနေရာသို့ လာခဲ့ကြသည်။

"ဘယ်ကို ဆွဲသွားသလဲ"

"ဟိုတောထဲကို ဆွဲသွားတာ"

ထိုနေရာဘက်သို့ လှမ်းကြည့်လိုက်သောအခါ သစ်ပင်၊ ကိုင်းပင်များ ကျိုးကြေနေသော စွတ်ကြောင်းကြီးကို လှမ်းမြင်ရသဖြင့် ဒေါက်တာမင်းထင်ကျော်တို့က လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ ဝင်လိုက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာမှာ လမ်းတစ်ခုလို ဖြစ်နေပြီး ညနေပိုင်းက သူတို့တတွေ ရေစပ်ဘက်သို့ ဆင်းသော နေရာဖြစ်သည်။

စွတ်ကြောင်းကြီး ဖြစ်နေသောလမ်းအတိုင်း လိုက်ကြည့်တော့လည်း ဘာမှမတွေ့ရတော့ပေ။

ဒေါက်တာမင်းထင်ကျော်က မြေပေါ်တွင် စွန်းပေနေသော သွေးကွက်များနှင့် လမ်းဘေးသစ်ပင်များ၌ စွန်းပေနေသောအရာများကို လေ့လာကြည့်သောအခါ ပရလောကသားမဟုတ်ဘဲ ချောင်းထဲမှ တက်လာသော သတ္တဝါတစ်ကောင်ကောင်ဖြစ်ရမည်ဟု မှတ်ချက်ချလိုက်သည်။

"ဘာကောင်ဖြစ်မလဲ ဆရာ"

ကျော်စွာက မေးသည်။

"ငါလည်း အသေအချာ မသိသေးဘူး"

ထိုအခါ စာရေးဆရာအောင်မင်းအောင်က အခြေအနေကို သုံးသပ်ပြီး သူ့ထင်မြင်ချက်ကို ပြောသည်။

"မြေပေါ်မှာ ဝမ်းဗိုက်ရာ ထင်ကျန်နေမှတော့ လူတစ်ယောက်လုံးကို အသာကလေး ချီယူသွားနိုင်တဲ့ မြွေကြီးဖြစ်မယ်"

"မြွေဆိုရင်လည်း လူတစ်ယောက်လုံးကို ချီပြီး မြိုမှတော့ ဒီနေရာက ချက်ချင်းသွားနိုင်မယ် မထင်ဘူး"

ဟု ပြောဆိုကာ အနီးတစ်ဝိုက်သို့ လိုက်လံကြည့်ရှုသော်လည်း အခြေအနေ မထူးတော့ပဲ ငြိမ်သက်နေသောကြောင့် စခန်းသို့ ပြန်လာပြီး ထိုင်စောင့်ကြသည်။

ဒီတစ်ခါတော့ လူနှစ်စု မခွဲတော့ပဲ အားလုံး မီးပုံနံဘေး





မှာ ဝိုင်းထိုင်ပြီး အခြေအနေကို နားစွင့်နေကြလေသည်။

၎င်းတို့လူတစ်ယောက် မကောင်းဆိုးဝါး အဆွဲခံရသောကြောင့် ကျန်နာဂများမှာ မျက်နှာမကောင်းကြပေ။

သန်းခေါင်ယံအချိန် ကျော်သောအချိန်တွင် တောတိုးလာသောအသံများ ထပ်ကြားရသောကြောင့် အသံကြားရာဘက်သို့ သေနတ်များနှင့် ချိန်ထားလိုက်သည်။

ခဏကြာတော့ အမှောင်ရိပ်ထဲမှာ လူနှစ်ယောက် ထွက်လာပြီး သေနတ်များနှင့် ချိန်ထားသောကြောင့် တောစပ်မှာပင် ရပ်နေသည်။

"ခင်ဗျားတို့အထဲမှာ အင်္ဂလိပ်စစ်တပ်မှာ အမှုထမ်းခဲ့ဖူးတဲ့လူ ပါတယ်မဟုတ်လား"

ဟု လေသံခပ်ဝဲဝဲနှင့် လှမ်းမေးသည်။

"နေစမ်းပါဦး. . . မင်းတို့က ဘယ်သူတွေလဲ"

"ငါတို့က ဂျပန်စစ်တပ်က တပ်သားဟောင်းတွေပဲ"

"ဟင်. . ."

ထိုစကားကြားသောအခါ နည်းနည်းတော့ အံ့ဩသွားကြလေသည်။

"အခု ဘာလာလုပ်တာလဲ"

"သတင်းပေးစရာရှိလို့ လာတာ"

"ဘာသတင်းလဲ"

"မင်းတို့လူတစ်ယောက် ချောင်းစပ်မှာ တွေ့ခဲ့တယ်၊ အသက်တော့ မရှိတော့ဘူး၊ သူ့ဝိညာဉ်ကို တွေ့ချင်ရင် နောက်


www.burmeseclassic.com

www.burmeseclassic.com

ညမှာ ငါတို့ ခေါ်လာပြီး ပြမယ်"

ဟု ပြောကာ တောထဲ ပြန်ဝင်သွားကြလေသည်။

ထိုအခါ ဦးဇန်ကောင်းက ပြောသည်။

"အင်း. . . ဝိညာဉ်လောကဆိုတာ တယ်လည်း လူ့လောကနဲ့ နီးစပ်ပါလား၊ ဟုတ်မဟုတ် သိရအောင် ချောင်းစပ်တကျော့ပြန်သွားရင် ကောင်းမယ်ထင်တယ်"

"စောစောက ဆင်းကြည့်တော့ ဘာမှမတွေ့ခဲ့ဘူး"

"ဝိညာဉ်ဆိုတာ အကြောင်းမရှိဘဲ လာပြောမှာ မဟုတ်ဘူး၊ လာဟေ့ ငမဲအောင်၊ ငါတို့ သွားကြည့်ရအောင်"

ဟု ခေါ်ရာ စောထီးပါ လိုက်လာလေရာ သုံးယောက်ဖြစ်သွားလေတော့သည်။

စောစောက လမ်းအတိုင်း ဆင်းလာကြရာ ကမ်းစပ်ရောက်သောအခါ ချောင်းရေစပ်မှာ တင်နေသော အလောင်းတစ်လောင်းကို တွေ့ရသည်။

၎င်းမှာ စောစောက ပျောက်သွားသော နာဂပင် ဖြစ်သော်လည်း ပုံပျက်ပန်းပျက်ဖြစ်နေချေပြီ။

တစ်ကိုယ်လုံး သွေးများ မရှိတော့ဘဲ ဖြူဖတ်ဖြူလျော်နှင့် ပိန်ကပ်နေချေပြီ။

သို့ကြောင့် သုံးယောက်သား ကမ်းစပ်မှ အလောင်းကို ဆွဲတင်ပြီးနောက် ကမ်းပေါ်သို့ ယူလာကြသည်။

စခန်းက လူများကလည်း အလောင်းကို တွေ့လာသောကြောင့် များစွာအံ့သြနေကြသည်။





"ဟာ. . . တကယ်တွေ့လာတာပါလား"

"တစ်ကိုယ်လုံး သွေးမရှိတော့ဘဲ ဘယ်လိုဖြစ်သွားတာလဲ"

"ပထမက မြွေမြိုတယ်လို့ ထင်နေတာ၊ အခုတော့ မဟုတ်ပါလား"

"ဘယ်လိုလုပ်ကြမလဲ"

ဒေါက်တာမင်းထင်ကျော်က အလောင်းကို အသေအချာ စစ်ဆေးကြည့်သောအခါ တစ်ကိုယ်လုံး ချွဲများ ကပ်နေပြီး လည်ပင်းမှာ အပေါက်ကြီးဖြစ်နေသည်။

ထိုအပေါက်ကြီးမှ တစ်ကိုယ်လုံးမှ သွေးများကို စုပ်ယူသွားခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် အတွေ့အကြုံအရဆိုလျှင် သွေးစုပ်သတ္တဝါတစ်ကောင်လက်ချက်မှန်းတော့ ချက်ချင်းသိလိုက်သည်။ သို့သော် ဘယ်လိုသတ္တဝါမျိုးလဲ။

"ဘယ်လိုလုပ်ကြမလဲ"

"ဟိုဂျပန်နှစ်ယောက် ပြောတဲ့အတိုင်းဆိုရင် နောက်ညမှာ သူ့ဝိညာဉ်ကို တွေ့ရနိုင်တယ်၊ တစ်ညလောက် နေကြည့်ကြရင် ကောင်းမလား"

ထိုအခါ ဘရန်ဆိုင်းက ပြောသည်။

"ဆရာ. . . ဒီနေရာမှာ အန္တရာယ် ဒီလောက်များနေတာ၊ ကျွန်တော်တို့အတွက်လည်း ဘာမှအကျိုးမရှိတဲ့ကိစ္စဆိုတော့ မိုးလင်းတာနဲ့ ခရီးဆက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောသဖြင့် အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြလေသည်။

အချိန်မှာလည်း အရုဏ်တက်ချိန်နီးလာပြီဖြစ်သဖြင့် မီးဖိုပေါ်မှာ ကင်ထားသော ဆတ်သားခြောက်နှင့် လက်ဖက်ရည်ကြမ်း၊ ကော်ဖီ၊ ပေါင်မုန့်ခြောက်တို့ကို ဝလင်အောင် စားသောက်ပြီး ခရီးဆက်ရန်အတွက် ပစ္စည်းများကို သိမ်းဆည်းကြလေသည်။

ထိုအခိုက်မှာပင် ချောင်းကမ်းစပ်ဘက်မှ တက်လာဟန်ရှိသော တောတိုးသံကြီးကို အရင်ကြားရသည်။

ပြီးမှ သစ်ပင်ကြီးများ လှုပ်ယမ်းနေသည်ကို အတိုင်းသား လှမ်းမြင်ရသည်။

"လူသတ်ကောင် လာနေပြီ"

ဒေါက်တာမင်းထင်ကျော်တို့က သေနတ်များကို မောင်းတင်ကာ အဆင်သင့် စောင့်နေကြသည်။

ခဏကြာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းနေသော တောစပ်မှ မည်းမည်းသဏ္ဌာန်ကြီးများ ထွက်လာလေသည်။ ဒေါက်တာမင်းထင်ကျော်က လက်နှိပ်ဓာတ်မီးရောင်နှင့် လှမ်းထိုးလိုက်သည်။

ပထမတော့ မြွေကြီးများဟု ထင်လိုက်မိသော်လည်း မဟုတ်ပေ။ တစ်ကောင်လျှင် ပေါင်လုံးအရွယ်ခန့်ရှိသော သွေးစုပ်မျှော့ကြီးများပင်ဖြစ်တော့သည်။

"ဟာ. . . သွေးစုပ်မျှော့ကြီးတွေဟ"





မျှော့ကြီးများမှာ တစ်နေရာတည်းမှ လာခြင်းမဟုတ်ဘဲ နေရာအနှံ့မှ ထွက်လာခြင်းဖြစ်သည်။

ညနေပိုင်းက ဆတ်သေဖျက်သောနေရာမှ သွေးနံ့များရကာ ထိုမှတစ်ဆင့် သွေးရနိုင်သောလူများ ရှိရာသို့ ရောက်လာပြီး လူတစ်ယောက်ကို ဆွဲယူသွားခြင်းဖြစ်၏။

၎င်းတို့သည် ခေါင်းထောင်၍ အနံ့ခံလိုက်၊ ရှေ့သို့ တိုးလာလိုက်နှင့် ရှိရာ မလှမ်းမကမ်း ရောက်လာသောအခါ ဘရန်ဆိုင်းက သေနတ်နှင့် လှမ်းပစ်သည်။

"ဒိုင်း. . . ဒိုင်း"

ကျည်ဆန်ထိသော်လည်း အနည်းငယ် တွန့်ရုံသာ တွန့်သွားပြီး ရှေ့သို့ ဆက်တိုးလာသည်။

တစ်ကောင်ထွက်လာပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို နောက်မှ အကောင်များလည်း ထွက်လာရာ အကောင်အရွယ်အစားအမျိုးမျိုး ရှိသော သွေးစုပ်မျှော့ကြီးများမှာ တဖြည်းဖြည်းများလာတော့သည်။

"သေနတ်နဲ့ ပစ်လို့မရဘူး၊ ဒီနေရာက အမြန်ပြေးကြမှဖြစ်မယ်"

ဟု ဒေါက်တာမင်းထင်ကျော်က အော်ပြောလိုက်သဖြင့် မိမိတို့ပစ္စည်းများကို အလျင်အမြန် သိမ်း၍ လားများပေါ် တင်ကာ ထိုနေရာမှ ထွက်ရန် ပြင်ကြလေသည်။

လားနှစ်ကောင်မှာ သွေးစုပ်မျှော့ကြီးများ မြင်သည်နှင့် ကြောက်လွန်းသောကြောင့် ခုန်ပေါက်နေရာ မနည်းထိန်းထားရ


www.burmeseclassic.com

www.burmeseclassic.com

သည်။

နောက်ဆုံး သွေးစုပ်မျှော့ကြီးများက မနီးမဝေး ရောက်လာရာ မီးဖိုမှ မီးတုတ်များနှင့် ပစ်ပေါက်ကာ တားထားပြီးမှ ကျန်သောပစ္စည်းများကို အလျင်အမြန် သိမ်းယူပြီး ထိုနေရာမှ ထွက်ပြေးကြရတော့သည်။





# အခန်း(၇)

## တစ်ကျော့ပြန်လာသော ဝိညာဉ်သံသရာ

နောက်ထပ်နှစ်ရက်ခန့် ခရီးဆက်မိသောအခါ ဘာရော့ဒ်ဝေး လေယာဉ်ကွင်းဟောင်းစခန်းနေရာသို့ ရောက်ကြလေသည်။ ထိုနေရာမှာ ဂျပန်များကို စစ်ဆင်ရေး ပြုလုပ်ရာ၌ လူ့အသေအပျောက်နှင့် အပျက်အစီး အများဆုံးနေရာဖြစ်ခဲ့သလို စစ်ဆင်ရေး အောင်ပွဲရရန် အထောက်အကူရခဲ့သော နေရာတစ်ခုဆိုလျှင်လည်း မများပေ။

လေယာဉ်ကွင်းကို ဂျပန်တပ်များက ဖျက်ဆီးထား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် စစ်မက်လေယာဉ်များ ဆင်းလာသောအခါ အားလုံး သေကြေပျက်စီးကြရလေသည်။

နောက်ဆုံး ကံအားလျော်စွာ ဆင်းသက်လာသော စစ်မက်လေယာဉ်တစ်စင်း လွတ်မြောက်သွားပြီး မြေညှိစက်၊ မြေထိုးစက်များအပြင် အင်ဂျင်နီယာစစ်ဗိုလ်ပါ အသက်ဘေးကင်းခဲ့သောကြောင့် အချိန်မီ လေယာဉ်ကွင်း ဖောက်လုပ်နိုင်ခဲ့သောကြောင့် အခြားလေယာဉ်ပျံများ ဆင်းသက်နိုင်ခဲ့ပြီး စစ်ဆင်ရေး အောင်မြင်ခဲ့ခြင်းဖြစ်ပေသည်။

လွန်ခဲ့သောငါးနှစ်ခန့်က ထိုနေရာတွင် လေယာဉ်ပေါင်းများစွာ၊ စစ်သားပေါင်းများစွာ ဆင်းသက်ခဲ့သောနေရာပင်ဖြစ်ပေသည်။

ထိုနေရာသို့ ရောက်သွားသောအခါ သစ်ပင်ချုံနွယ်များ ဖုံးအုပ်နေစေကာမူ လေယာဉ်ကွင်းနေရာများ၊ ကျင်းများ၊ ချိုင့်များ၊ လေယာဉ်အပျက်အစီးများ၊ ထို့ပြင် ပျက်စီးယိုယွင်းပြီး ချုံများတက်နေသော မြေထိုးစက်၊ မြေညှိစက်အဟောင်းများကို တွေ့ကြရသည်။ ဒေါက်တာမင်းထင်ကျော်က ထိုနေရာတစ်ဝိုက်မှာ စခန်းချရန် ပြင်သောအခါ ဘရန်ဆိုင်းက ပြောသည်။

"ဆရာရေ. . . ဒီနေရာက ဟိုနေရာထက် ပိုဆိုးမယ်ထင်တယ်"

"ဘာကြောင့်လဲဗျ"

"ဟိုနေရာက လူအသေအပျောက် သိပ်မရှိခဲ့ဘူး၊ ဒီနေရာမှာက လေယာဉ်တွေ ပျက်ပြီး လူတွေ ရာနဲ့ချီပြီး သေခဲ့တဲ့နေရာဆိုတော့ စခန်းချလို့မှ ဖြစ်ပါ့မလား၊ တော်ကြာ ညအချိန် မတော်ကြီး ထပြေးနေရရင်တော့ အခက်ပဲ"

"ဘာကြောက်စရာရှိသလဲဗျာ၊ ဝိညာဉ်ဆိုတာ မိတ်ဆွေဖွဲ့တတ်ရင် အကူအညီတောင် ရပါသေးတယ်၊ အခြားနေရာထက်စာရင် ဒီနေရာက တောရှင်းတော့ စခန်းချရတာ ပိုပြီး အဆင်ပြေတာပေါ့"

ဟု ပြောကာ လေယာဉ်ကွင်းအစပ်နေရာ အတန်အသင့် ရှင်းသော ကုန်းတစ်ခုပေါ်မှာ ယာယီတဲများ ထိုးကာ စခန်းချကြလေသည်။

အခြားသူများက စားသောက်ရန်အတွက် စီမံနေကြစဉ်မှာ ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်း၊ အောင်မင်းအောင်၊ ကျော်စွာ၊ ဘရန်ဆိုင်း၊ မုဆိုးခွန်ဆန်နှင့် နာဂရွာမှ လိုက်လာသော လမ်းပြတစ်ယောက်တို့မှာ တဲအတွင်း၌ မြေပုံကားချပ်ကြီး ချ၍ ရှေ့ခရီးစဉ်အတွက် အနီးဆုံးနှင့် အဆင်အပြေဆုံး လမ်းကြောင်းကို ရွေးချယ်နေကြလေသည်။

ဘရန်ဆိုင်းက မြေပုံပေါ်မှ တစ်နေရာကို လက်ဖြင့် ထောက်ပြကာ ပြောသည်။

"ကျွန်တော်တို့ အခုရောက်နေတဲ့နေရာက မိစ္ဆာတြိဂံရဲ့ အလယ်နေရာလောက်မှာ ရှိတယ်"

သူထောက်ပြသောနေရာမှာ အရှေ့ဘက်တွင် မြစ်ကြီးနား၊ အနောက်ဘက်၌ ရှာဒူဇွတ်နှင့် တောင်ဘက်တွင် ကာမိုင်း ရှိသောနေရာပင်ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာသည် တြိဂံပုံသဏ္ဍာန် ရှိနေပြီး အလယ်၌ တောနက်ကြီးများသာ ရှိပေသည်။

"ဒီကနေ့ အနောက်မြောက်ယွန်းယွန်းကို နှစ်ညအိပ် ခရီးလောက် ဆက်သွားလိုက်တာနဲ့ ဝင်းဂိတ်တို့ လေယာဉ်ပျက် ကျခဲ့တဲ့နေရာဘက်ကို ရောက်မယ်၊ မြေပုံအတိုင်းဆိုရင် အဲဒီ နေရာက ကျောက်မျက်နှာတောင် ရှိတဲ့နေရာနဲ့ မဝေးတော့ဘူး"

ထိုသို့ပြောသောအခါ ကျောက်မျက်နှာတောင်သို့ ရောက်ခဲ့သော မုဆိုးခွန်ဆန်ကလည်း ဟုတ်ကြောင်း ပြောသည်။

၎င်းပြောပြသောနေရာမှာ မြေပုံအတိုင်း ဖော်ပြရန် မလွယ်သေးသော်လည်း ရှာဒူဖွတ်အလွန်လောက်တွင်ရှိကြောင်း ခန့်မှန်းမိကြသည်။

မုဆိုးခွန်ဆန်ကတော့ မြေပုံနှင့် မှတ်သားခြင်းမျိုးမဟုတ် ဘဲ ၎င်းတတ်ကျွမ်းသော မုဆိုးအတတ်ပညာနှင့် မှတ်သားထားခဲ့ ခြင်းဖြစ်သည်။

အားလုံး အခြေအနေ သုံးသပ်ကြည့်ပြီးသောအခါ ဒေါက်တာမင်းထင်ကျော်က ပြောလေသည်။

"အခု သွားရမယ့်နေရာတွေ သိပြီဆိုတော့ အစီအစဉ် တွေ ချကြည့်ရအောင်၊ အခု ခရီးစဉ်အတိုင်း သွားမယ်ဆိုရင် လေယာဉ်ပျက်ကျတဲ့နေရာကို အရင်ရောက်မယ်၊

အဲဒီမှာ လိုချင်တဲ့ပစ္စည်းတွေ ရှာဖွေကြမယ်၊ ပြီးမှ ကျောက်မျက်နှာတောင်ကို ခရီးဆက်ကြတာပေါ့. . . မကောင်း ဘူးလား"





"ကောင်းပါတယ်. . . ဆရာက ဒီအဖွဲ့ရဲ့ခေါင်းဆောင် ပဲ၊ ဆရာကောင်းသလိုသာ စီစဉ်ပါ"

ထို့နောက်. . .

စောထီးနှင့်ငမဲအောင်တို့ စီမံချက်ပြုတ်ထားသော အစားအသောက်များကို စားသောက်ပြီးနောက် အနားယူကြ လေသည်။

ထိုနေရာမှာ တောကလည်းနက်၊ သားရဲတိရစ္ဆာန်များ ကလည်း ပေါများလွန်းသောကြောင့် စိတ်ချလက်ချတော့ မနေရဲ ကြပေ။

တဲပတ်ဝန်းကျင်မှာ မီးပုံကြီးနှစ်ပုံ ဖိုထားပြီး လားနှစ် ကောင်ကိုပါ လူများအနီးမှာ ချည်ထားရသည်။

ညအချိန်ရောက်လာသောအခါ မကြာခဏဆိုသလို တောဆင်ရိုင်းများအသံ ကြားရသလို တောကောင်ကြီးများ၏ မာန်ဖီသံများကိုလည်း အတိုင်းသား ကြားနေရသည်။

တောကောင်ကြီးများမှာ အတင့်ရဲစွာဖြင့် စခန်းအနီးသို့ ရောက်အောင်တိုးကပ်လာကြလေသည်။

သို့သော်လည်း မိမိတို့အား ရန်မူခြင်း မရှိသောကြောင့် ကျည်ဆန်ကို ချွေတာသောအားဖြင့် ပစ်ခတ်ခြင်းတော့ မပြုကြ ပေ။

ထိုနေရာမှာ မိစ္ဆာတြိဂံဟု အမည်နှင့် လိုက်အောင် တောရိုင်းတိရစ္ဆာန်များကလည်း ပေါလှပေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ စခန်းအနီးပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com

ကျင်မှာ မြွေတွန်သံများ ကြားရသောကြောင့် ထိတ်လန့်ကြရသေးသည်။

တောနက်အတွင်း၌ ရှိသော မြွေကြီးများမှာ သေနတ်နှင့် ပစ်ခတ်ရုံလောက်နှင့် ဘာမှမဖြစ်လောက်အောင် အရွယ်အစား ကြီးမားလှရာ အကယ်၍ စခန်းရှိရာသို့ ဆင်းလာပါက ဘယ်လိုမှ တတ်နိုင်ကြမည် မဟုတ်ပေ။

သို့ကြောင့် ဘယ်သူမှ ကောင်းစွာမအိပ်ဝံ့ကြဘဲ မီးပုံနားမှာ ထိုင်ရင်း စကားပြောနေကြသည်။

"ခင်ဗျား ဗြိတိသျှလက်အောက်မှာ အမှုထမ်းခဲ့တာ အတော်ကြာသလား"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"(၁၅)နှစ်လောက် ကြာတယ်၊ စစ်ပြီးတော့မှပဲ ထွက်လိုက်တယ်ဆိုပါတော့"

"ဒါဆို ဝင်းဂိတ်တို့ ပထမဆုံးအကြိမ် စစ်ဆင်ရေးအတွက် လာကြတော့ ခင်ဗျားပါလာတာပေါ့"

"ဟုတ်တယ်. . . ပါလာတယ်၊ ကျွန်တော့်လို ဗြိတိသျှတပ်ထဲ ရောက်နေတဲ့ ကချင်၊ ချင်းတွေလည်း အများကြီးပါတယ်၊ အများဆုံးကတော့ ဂေါ်ရခါးစစ်သားတွေပေါ့၊ သူတို့က မြန်မာပြည်ကို စစ်ဆင်ရေး လုပ်ဖို့ စီမံတော့ မြန်မာပြည်နဲ့ ကျွမ်းဝင်တဲ့ စစ်သားတွေချည်း ရွေးတာဆိုတော့ ပါလာတာ၊

ပထမတော့ မအောင်မြင်လို့ ပြန်ပြေးရတော့ ဒီမှာ ကျန်နေခဲ့တဲ့လူတွေ အများကြီးပဲ"





ပထမတစ်ခေါက် စစ်ဆင်ရေး လုပ်ရန် လာကြစဉ် ရာသီဥတု ဆိုးဝါးသောဒဏ်၊ တောကြမ်းသောဒဏ်ကြောင့် တပ်ပျက်ပြီး ပြန်ပြေးရစဉ်က ကချင်တပ်သား၊ ချင်းတပ်သားများမှာ အိန္ဒိယသို့ ပြန်မလိုက်ကြဘဲ နေရပ်မှာပင် ကျန်ရစ်ခဲ့ကြလေသည်။

"အဲဒီလို ကျန်နေခဲ့တဲ့စစ်သားတွေဆီမှာ လက်နက်တွေလည်း ရှိမှာပေါ့၊ သူတို့လည်း ဒီအကြောင်းတွေကို သိတန်သလောက် သိကြမှာဆိုတော့ လေယာဉ်ပျက်ကျတဲ့နေရာကို သွားမရှာဘူးလို့ မပြောနိုင်ဘူး"

ဒေါက်တာမင်းထင်ကျော်က တွေးတွေးဆဆ ပြောလိုက်ရာ ဘရန်ဆိုင်းမှာ အနည်းငယ် တွေသွားလေသည်။

"ဒါလည်း ဖြစ်နိုင်တဲ့ကိစ္စပါပဲ၊ ဒါကတော့ ကံတရားပဲပေါ့ ဆရာရယ်၊ တကယ်လို့ ကျွန်တော်တို့ လိုချင်တာ မရခဲ့ရင်တောင်လည်း ဆရာတို့ သွားရာနောက်ကို လိုက်ခဲ့ရုံပဲ ရှိတာပေါ့"

ဟု ပြောလေသည်။

ထိုညက အတော်ညဉ့်နက်ချိန်အထိ ထိုင်စကားပြောနေကြသော်လည်း ဘာမှ ထူးထူးခြားခြား မတွေ့ရသောအခါ ဦးဇန်ကောင်းက ပြောသည်။

"ဘယ်လိုလဲ. . . ဒီညတော့ ထူးထူးခြားခြား ငြိမ်သက်နေပါလား၊ ဒီနေရာမှာ လေယာဉ်တွေ ပျက်ကျပြီး လူတွေအများကြီး သေခဲ့တဲ့နေရာ မဟုတ်လား၊

တကယ်ဆိုရင် ဒီနေရာက ပိုပြီးထူးခြားတာတွေ တွေ့ဖို့



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတယ်"

"ဘာလဲ. . . အဘက ဝိညာဉ်တွေ မလာလို့ ပျင်းနေတယ် ထင်ပါရဲ့"

ဟု ကျော်စွာက မေးသည်။

"ပျင်းတယ်တော့ ဘယ်ဟုတ်ပါ့မလဲကွာ၊ တွေ့ရမယ့်နေရာမှာ ဘာမှမတွေ့ရတော့ ထူးခြားတယ် ထင်နေမိလို့ပါ"

"မပူပါနဲ့ အဘရယ်၊ တကယ်လို့ သူတို့ရှိနေရင် အချိန်တန်တော့ လာမှာပေါ့"

ကျော်စွာက ခပ်ပေါ့ပေါ့ ပြောလိုက်သော်လည်း ညဉ့်နက်ပိုင်းအချိန် ရောက်လာသောအခါ ထူးခြားမှုများကို စတင်ကြားလာရသည်။

သန်းခေါင်ယံအချိန် ရောက်သောအခါ ကောင်းကင်မှ လေယာဉ်သံများကို စတင်ကြားလာရသည်။

"ဟော. . . ပြောရင်းဆိုရင်း သူတို့ လာကြပြီ"

ဘရန်ဆိုင်းက ပြောလိုက်သဖြင့် နားစွင့်လိုက်ကြရာ ကောင်းကင်မှ ပျံသန်းလာသော လေယာဉ်သံများကို တဝီဝီနှင့် ကြားကြရသည်။

ခဏကြာတော့ တဖြည်းဖြည်းနှင့် နီးလာပြီးနောက် သစ်တောများအပေါ်မှ ပျံဝဲနေသော လေယာဉ်များကို ခပ်ဝါးဝါး လှမ်းမြင်ရသည်။

အတန်ကြာတော့ စက်မဲ့လေယာဉ်တစ်စင်း မြေပြင်သို့ ထိုးဆင်းလာသည်ကို အားလုံးလှမ်းမြင်ရသည်။





ထိုအခါမှ လရောင်မှုန်ပျပျနှင့် မြင်နေရသော လေယာဉ်ကွင်းမှာလည်း သူတို့ရောက်စကလို ချုံနွယ်သစ်ပင်များ မရှိတော့ဘဲ ရှင်းလင်းနေသည်ကို အံ့ဩဖွယ်ရာ တွေ့ကြရသည်။

ထို့ထက် ပတ်ဝန်းကျင်အခြေအနေမှာလည်း ရောက်စကနှင့် မတူဘဲ အပြောင်းလဲကြီး ပြောင်းလဲနေလေသည်။

သစ်ပင်များ အပေါ်မှ ပျံဝဲဆင်းလာသော စက်မဲ့ လေယာဉ်မှာ ပြေးလမ်းပေါ် ရောက်သောအခါ ကွင်းပေါ်မှာ ရှိနေသော သစ်လုံးအချို့နှင့် တိုက်မိပြီး လမ်းဘေးသို့ ထိုးကျကာ ပျက်စီးသွားလေသည်။

လေယာဉ်အရှိန်ပြင်းသောကြောင့် လေယာဉ်ပေါ်မှာ လိုက်ပါလာသူများမှာ မရှုမလှ သေဆုံးသွားလေတော့သည်။

ခဏကြာတော့ 'ဝုန်း'ကနဲ ပေါက်ကွဲသံကြီးနှင့် မီးတောက်ကြီးများ ထလာသည်။

"ဟာ. . . သေကုန်ပြီဟ"

သူတို့အဖွဲ့ထဲမှ တစ်ယောက်က အမှတ်တမဲ့နှင့် အော်လိုက်လေသည်။

တိတ်ဆိတ်နေသောအချိန်မို့ ၎င်းအော်သံမှာ အတော်ကလေး ကျယ်လောင်သွားသည်။

၎င်းအသံပေါ်ပြီး မကြာမီ မီးတောက်များအတွင်းမှ လူအချို့ထွက်လာသည်။

၎င်းတို့ကိုယ်ပေါ်မှာ မီးတောက်များ စွဲပြီး တောက်လောင်နေသော်လည်း မီးတောက်အတွင်းမှ အပြင်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာသောအခါ လက်များဖြင့် ပုတ်သပ်ချလိုက်သောအခါ မီးများ ငြိမ်းသွားတော့သည်။

လေယာဉ်ပျက်ကျသောနေရာမှာ သူတို့ စခန်းချနေ သောနေရာနှင့် မဝေးလှသောကြောင့် ၎င်းတို့ပုံပန်းသဏ္ဍာန်နှင့် အဖြစ်အပျက်များကို အတိုင်းသား လှမ်းမြင်နေကြရသည်။

မီးပုံထဲမှ ထွက်လာသူများက မီးတောက်များကို သပ်ချ ပြီးနောက် သူတို့ရှိရာဘက်သို့ လှည့်ကြည့်ကာ ပြုံးပြသည်။

"မသေပါဘူးဗျ"

ဟု အင်္ဂလိပ်ဘာသာစကားနှင့် ပြောကာ အေးအေး ဆေးဆေး အမူအယာနှင့် တောထဲ ဝင်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ပရလောကသားများ နှင့် ပတ်သက်ပြီး အတွေ့အကြုံ ရှိကြသူများပေမို့ ထွေထွေထူး ထူး မရှိကြသော်လည်း ကျန်လူများကတော့ ကြောက်ရွံ့ထိတ် လန့်နေကြဟန် ရှိလေသည်။

ကြည့်နေရင်းမှာပင် ကောင်းကင်မှာ ပျံဝဲနေသောစက်မဲ့ လေယာဉ်အချို့မှာ တစ်စင်းပြီးတစ်စင်း ထိုးဆင်းလာကြသည်။

ဆင်းလာသမျှလေယာဉ်တို့မှာလည်း မီးလောင်ပေါက် ကွဲသည့်လေယာဉ်က ပေါက်ကွဲ၊ သစ်ပင်များနှင့် ဝင်တိုက်ကာ တစ်ပိုင်းတစ်စစီ ဖြစ်သည့်လေယာဉ်ကဖြစ်နှင့် မြင်မကောင်း အောင် ရှိနေတော့သည်။

"ဟာ. . . သေကုန်ပြီဟ"

သည်ဘက်မှ ယောင်ယမ်းပြီး အော်လိုက်သည်နှင့်





လေယာဉ်နှင့်အတူ ပါသွားပြီး မရှူမလှ သေဆုံးနေသူများမှာ ချက်ချင်းပြန်ထလာကြသည်။

ခေါင်းစောင်းသည့်လူက ခေါင်းကိုပြန်တည့်၊ ခြေပြတ်၊ လက်ပြတ်ဖြစ်နေသူများက မိမိတို့ခြေလက်များကို ပြန်ဆက်နေ ကြသည်။

တစ်ယောက်ဆိုလျှင် လေယာဉ်သံပြားနှင့် ထိုးမိသော ကြောင့် ဝမ်းဗိုက်တစ်ခုလုံး ဟင်းလင်းပွင့်၍ အူများ အပြင်သို့ အပုံလိုက် ထွက်ကျနေလေသည်။

၎င်းက နေရာမှ ကျုံးထကာ ထွက်ကျနေသောအူများကို ပြန်သွင်းပြီးနောက် သူတို့ရှိရာဘက်သို့ လှည့်ကြည့်ကာ လက်ပြ နှုတ်ဆက်ပြီးနောက် တောထဲ ဝင်သွားလေသည်။

အချို့ဆိုလျှင် ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားရာ အတန်ကြာအောင် ငြိမ်သက်နေသေးသည်။

ပြီးမှ သတိရသလို ဖြစ်ကာ ၎င်းဦးခေါင်းကို လက်ဖြင့် လိုက်စမ်းနေလေသည်။

ခေါင်းကို ပြန်ရမှ ကိုယ်ပေါ်မှာ ပြန်တပ်ပြီးနောက် တော ထဲသို့ ပြန်ဝင်သွားလေသည်။

တစ်ညလုံးလိုလိုပင် စက်မဲ့လေယာဉ်များမှာ တစ်စင်းပြီး တစ်စင်း ထိုးဆင်းလာလိုက်၊ ပျက်စီးသွားလိုက်နှင့် ရှိနေရာ အပျက်အစီးပုံများမှာ တောတစ်တောလုံး တောင်ပုံယာပုံ ဖြစ်နေ တော့သည်။

လေယာဉ်ပေါ်မှာ ပါလာသောလူများမှာလည်း ကြည့်


www.burmeseclassic.com

www.burmeseclassic.com

မကောင်း မြင်မကောင်းလောက်အောင် သေဆုံးနေကြလေသည်။

သို့သော်လည်း ခဏချင်းမှာပင် ပြန်ထလာပြီး တောထဲသို့ ဟန်မပျက် ဝင်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာလည်း တစ်ညလုံး မအိပ်ကြရဘဲ ရုပ်ရှင်ကြည့်ရသကဲ့သို့ ထိုင်ကြည့်နေကြရသည်။

ဝိညာဉ်များမှာ တစ်ညလုံး မြင်တွေ့နေရသော်လည်း ၎င်းတို့အား လာရောက်အနှောင့်အယှက်ပေးခြင်းတော့ မရှိကြပေ။

အာရုဏ်တက်ချိန် ရောက်သောအခါ လေယာဉ်သံများလည်း ပျောက်သွားပြီး မြင်နေရသောမြင်ကွင်းများလည်း ကွယ်ပျောက်သွားလေတော့သည်။

နံနက်လင်းသောအခါ ထိုနေရာများတွင် ဘာမှမတွေ့ရတော့ပေ။

လေယာဉ်ကွင်းမှာလည်း မူလအတိုင်း သစ်ပင်ချုံနွယ်များဖြင့် ပြန်လည်ရှုပ်ထွေးနေတော့သည်။

"ထူးဆန်းလိုက်တာ. . ကျုပ်တစ်သက်တော့ ဒီလောက်ထူးဆန်းတဲ့မြင်ကွင်းမျိုးကို တစ်ခါမှ မမြင်ဖူးဘူး"

ဟု မုဆိုးခွန်ဆန်က ပြောသည်။

"ညက မြင်ခဲ့ရတဲ့အဖြစ်အပျက်တွေဟာ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ဒီနေရာမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်မှန်တွေပါပဲ၊ ပထမတော့ လေယာဉ်ဆင်းစမှာ ဂျပန်တွေက ကွင်း





ဖျက်ထားတော့ အခုလိုပဲ အစုလိုက်အပြုံလိုက် သေကြတာပါပဲ၊ နောက်တော့ လေယာဉ်ကွင်း ကောင်းသွားပြီး အိန္ဒိယစစ်သားတွေ ရောက်လာတဲ့အချိန်မှာတောင် အပျက်အစီးတွေကို တောင်ပုံယာပုံ တွေ့ရပါသေးတယ်"

ဟု ဘရန်ဆိုင်းက ပြောပြသည်။

နံနက်လင်းသောအခါ ထိုနေရာတဝိုက်သို့ လိုက်လံရှာဖွေကြရာ အပျက်အစီးများသာ တွေ့ရပြီး အသုံးပြု၍ရသော ပစ္စည်းဟူ၍ မရှိသလောက်ပင်။

အချို့ပစ္စည်းများမှာလည်း ခြောက်နှစ်ခန့် ကြာပြီဖြစ်သောကြောင့် လေဒဏ်မိုးဒဏ်များကြောင့် ပျက်စီးယိုယွင်းနေလေပြီ။

အကယ်၍ အဖိုးတန်ပစ္စည်းများ ရှိသည်ဆိုလျှင်တောင်မှ မြေအောက်ရောက်လျှင်ရောက်၊ မရောက်လျှင် သစ်ပင်ချုံနွယ်များ ဖုံးအုပ်ထားပြီဖြစ်သောကြောင့် တွေ့နိုင်ဖို့ရန် မလွယ်လှတော့ပေ။

ဘရန်ဆိုင်းက တစ်နေရာသို့ ခေါ်သွားပြီး ရှာဖွေကြသောအခါ သစ်ပင်ကြီးများ၌ အမှတ်အသား ပြုလုပ်ထားသည်ကို တွေ့ကြရသည်။

သစ်ပင်ကြီးများ ပင်စည်ပေါ်မှာ ဓါးဖြင့် ကြက်ခြေခတ် အမှတ်အသားများ ပြုလုပ်ထားရာ နှစ်ကြာပြီဖြစ်သောကြောင့် ကျိုးပေါင်းများပင် တက်နေချေပြီ။

ထိုနေရာတဝိုက်မှာ တူးကြသောအခါ သံသေတ္တာများ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ထည့်ထားသော သေနတ်၊ ကျည်ဆန်နှင့် လက်ပစ်ဗုံးများကို တွေ့ကြရသည်။

ထိုပစ္စည်းများမှာ မေဂျာဘရန်ဆိုင်း ဝှက်ထားခဲ့သော လက်နက်ပစ္စည်းများ ဖြစ်သောကြောင့် လက်နက်များကို ထပ်မံ ရရှိရာ အဖွဲ့သားများအတွက် များစွာအားရှိဖွယ်ရာဖြစ်လေ သည်။

ထိုနေ့ညက ဘရော့ဒ်ဝေး စခန်းဟောင်းမှာပင် ဆက် လက်အိပ်ကြရာ ညအချိန်ရောက်သောအခါ မနေ့ညက မြင်ရ သောမြင်ကွင်းများကို ထပ်မံတွေ့ကြရသည်။

ထူးဆန်းသောအချက်မှာ. . .

အချိန်ကလည်း မလွဲပေ။

မနေ့ညက တွေ့ရသောအချိန်မှာပင် လေယာဉ်သံများ ကို စတင်ကြားရသည်။

မြင်ကွင်းများကလည်း တစ်စက်ကလေးမှ လွဲမသွားပေ၊ ဇာတ်တိုက်ထားရာ ကြေညက်နေသကဲ့သို့ ဘယ်နှစ်ညပဲကက တစ်ပုံစံတည်း ဖြစ်နေသကဲ့သို့ပင်။

ပျက်ကျသောလေယာဉ်များက နေရာမလွဲသလို သစ် ပင်နှင့် ဝင်တိုက်သောလေယာဉ်များကလည်း နေရာမလွဲပေ။

ခြေပြတ်၊ လက်ပြတ်၊ ခေါင်းပြတ်ဖြစ်သူများကလည်း မနေ့က မြင်ခဲ့ရသည့်အတိုင်းပင်။

လဲကျသေဆုံးသူများက ၎င်းတို့ခြေလက်၊ ဦးခေါင်းတို့ကို ပြန်တပ်ကာ တောထဲ ဝင်သွားကြသူများကလည်း တစ်စက်





ကလေးမှ မလွဲပေ။

"မသေပါဘူးဗျ"

ဟု ပြောသူကပြော၊ နှုတ်ဆက်သူက နှုတ်ဆက်နှင့် တစ်ညလုံး ရုပ်ရှင်၊ ဇာတ်ပွဲကြည့်နေရသကဲ့သို့ အရှင်းသား မြင် နေရပြီးမှ အရုဏ်တက်ချိန် ရောက်သောအခါမှ အားလုံးပျောက် ကွယ်သွားလေတော့သည်။

ထိုအခါမှပင် ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ အသက်ဝအောင်ရှူပြီး သက်ပြင်းချနိုင်ကြလေတော့သည်။

ဝိညာဉ်လောက သံသရာကား မကျွတ်မလွတ်သေး သမျှ လည်ပတ်နေရာ ကြောက်မက်ဖွယ်ရာကောင်းလှပေတော့ သည်။


www.burmeseclassic.com

www.burmeseclassic.com




## အခန်း(၈)

# ကျောက်မျက်နှာရုပ်မှ ထူးဆန်းသောကျောက်ပုတ်

သူတို့အတွက် အန္တရာယ်ခရီးဟု ဆိုရမည့် ဝင်းဂိတ်တို့ လေယာဉ်ပျက်ကျသောနေရာသို့ ဦးတည်ကာ ခရီးဆက်ခဲ့ကြသည့် နှစ်ရက်မြောက်သောနေ့တွင် ဝါးတောများ ထူထပ်လှသည့် တောင်ကုန်းတစ်ခုရှိရာသို့ ရောက်သွားကြသည်။

ထိုနေရာရောက်သောအခါ လမ်းပြမုဆိုးခွန်ဆန်က ပြောသည်။

"ဒီနေရာတွေက ကိုယ်ပျောက်နေတဲ့လူရိုင်းတွေ ရှိတဲ့


www.burmeseclassic.com

www.burmeseclassic.com

နေရာတွေနဲ့ အတော်နီးလာပြီ၊ သွားလာတဲ့အခါ သတိဝီရိယနဲ့ သွားကြပါ၊ သူတို့ကို ရုတ်တရက် မမြင်နိုင်တော့ ရန်မူလာရင် ခံရမှာစိုးလို့ပါ"

ဟု သတိပေးလေသည်။

ရှင်းပြောသည့်အတိုင်းပင်. . .

ဝါးတောအတွင်း အတန်ငယ် ရောက်သောအခါ ၎င်းတို့နှင့် မနီးမဝေးနေရာမှ ခြေသံများကို ကြားလာရသည်။

နွေရာသီဖြစ်သောကြောင့် ဝါးရွက်ခြောက်များက မြေပြင်ပေါ်မှာ ထူထပ်စွာ ရှိနေရာ ဘယ်နေရာကိုပဲနင်းနင်း ခြေသံများကို အတိုင်းသား ကြားနေရသည်။

နောက်ဘက်မှ လိုက်လာသောခြေသံများ ကြားရသဖြင့် တစ်ယောက်နှင့်တစ်ယောက် အချက်ပြပြီး ရပ်လိုက်သောအခါ မည်သည့်နေရာတွင် ရန်သူရှိနေသည်ကို ခန့်မှန်းနိုင်လေသည်။

ရန်သူက သိပ်မများလှပေ။

ခြေသံကို ကြားရပုံအရဆိုလျှင် လေးငါးယောက်ထက် ပိုမည်မဟုတ်ပေ။

ခြေသံကြားရသောနေရာမှာ အနောက်ဘက် မနီးမဝေး နေရာမှဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ရန်သူအခြေအနေကို တွက်ဆကြည့်ပြီးသောအခါ ရှေ့၌ တွေ့ရသော ကျောက်တောင်တစ်ခုသို့ အလျင်အမြန် သွားရန် သူ့လူများကို အချက်ပြလိုက်သည်။





"ဟိုရှေ့က ကျောက်ဆောင်ကွယ်ကို ခြေသံလုံလုံနဲ့ အမြန်သွားကြမယ်"

ဟု ပြောကာ ခပ်သွက်သွက် သွားကြလေသည်။

ကျောက်ဆောင်အကွယ်သို့ ရောက်သောအခါ ကျောဖြင့် ဝင်ကပ်ကာ ငြိမ်နေလိုက်ကြသည်။

လမ်း၌ ဘရန်ဆိုင်း သိမ်းထားသော သေနတ်များ ပါလာသောကြောင့် အားရှိစရာပင်။

ဒေါက်တာမင်းထင်ကျော်က သူ့အင်္ကျီအိတ်အတွင်းမှာ ထည့်ထားသော နေကာမျက်မှန်အမည်းရောင်ကို ထုတ်၍တပ်လိုက်သည်။

ထိုအခါ အလင်းရောင် ပျောက်သွားပြီး ညအချိန်ကဲ့သို့ မည်းမှောင်သွားလေသည်။

ခဏကြာတော့ ဝါးပင်များ လှုပ်လာသောနေရာသို့ လှမ်းကြည့်လိုက်ရာ ဝိုးတဝါးအရိပ်အချို့ကို မြင်ရသည်။

ဝါးပင်များကြားမှ လျှို့ဝှက်စွာ လာနေသော နာဂလူရိုင်းအချို့ပင်ဖြစ်သည်။

"သူတို့ လာနေကြပြီ၊ စုစုပေါင်း ငါးယောက်ရှိတယ်၊ အဲဒီရှေ့မှာ လှမ်းမြင်နေရတဲ့ ဝါးပင်တွေကြားမှာ ရောက်နေကြတယ်၊ သူတို့လက်ထဲမှာ လှံရှည်နဲ့ဓါးကောက်တွေ ပါတယ်၊ လေးနဲ့မြား ကိုင်ထားတဲ့နှစ်ယောက်လည်း ပါတယ်၊ တဖြည်းဖြည်းနဲ့ ရှေ့တိုးလာနေကြပြီ"

လူရိုင်းများကတော့ ခါတိုင်းကဲ့သို့ ၎င်းတို့ကို မမြင်နိုင်ဟု


www.burmeseclassic.com

www.burmeseclassic.com

ထင်မြင်သဖြင့် ရဲရဲတင်းတင်းနှင့်ပင် ရှေ့သို့ တိုးလာကြသည်။

ငင်းတို့ကိုသာ ရုတ်တရက် မမြင်နိုင်သော်လည်း ဝါးရွက်ပေါ် နင်းလာသောခြေသံနှင့် ဝါးတောထဲ တိုးလာသောအသံကိုတော့ ကြားနေရသည်။

ထို့ပြင် ဝါးပင်များ လှုပ်ယမ်းနေသည်ကိုလည်း အတိုင်းသား လှမ်းမြင်နေရသည်။

"သေနတ်တွေ အသင့်ပြင်ကြ၊ လေးနဲ့မြား ပါတဲ့လူကလည်း လေးနဲ့မြားကို ပြင်ကြ၊ ကျွန်တော်လက်ညှိုးထိုးပြတဲ့နေရာကို ပစ်လို့ ပြောတာနဲ့ ပစ်ချလိုက်ပေတော့"

ဟု သူကိုယ်တိုင်ကလည်း ရိုင်ဖယ်သေနတ်ဖြင့် လှမ်းချိန်လိုက်လေသည်။

လူရိုင်းများမှာ ကိုက်အနည်းငယ် အကွာအဝေးသို့ ရောက်လာရာမှ ဒေါက်တာမင်းထင်ကျော်တို့က သေနတ်ဖြင့် ချိန်လိုက်သောအခါ တအံ့တသြ အမူအယာနှင့် တန့်သွားသည်။

"ပစ်တော့. . ."

ဟု ပြောပြီး သူကိုယ်တိုင်က သေနတ်မောင်းဖြုတ်ချလိုက်သည်နှင့် ကျန်လူများကလည်း သူ သေနတ်ပြောင်းချိန်ရာဘက်သို့ လူတစ်ယောက် အမြင့်လောက် မှန်းကာ ပစ်ချလိုက်လေတော့သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

သေနတ်သံများမှာ ဝါးတောမီးလောင်သည့်အတိုင်း ဆူညံသွားလေတော့သည်။





"သုံးယောက်ထိသွားပြီ၊ နှစ်ယောက်ကျန်နေတယ်"

ဟု ပြောကာ လက်ညှိုးထိုးပြရာ သူလက်ညှိုးထိုးရာသို့ မြားနှင့် ပစ်ရာ တစ်ယောက်မှာ မြားမှန်ပြီး လဲကျသောအခါ ကျန်တစ်ယောက်မှာ နောက်ကြောင်းပြန်လှည့်ပြေးလေတော့သည်။

ပထမတော့ ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် လှမ်းပစ်ရန် စိတ်ကူးလိုက်သေးသည်။

နောက်မှ စိတ်ကူးတစ်မျိုး ပေါ်လာပြီးနောက် လွှတ်ပေးလိုက်လေတော့သည်။

"ဆရာ့ရဲ့နေကာမျက်မှန်အမည်းက ဒီနေရာမှာတော့ အတော်ကလေး ဟန်ကျပါလား၊ မျက်မှန်တပ်လိုက်တော့ သူတို့ကို မြင်ရသလား ဆရာ"

"သူတို့က မီးစုန်းခါတ် ပါတဲ့ ပြဒါးရည်တစ်မျိုးကြောင့် အလင်းရောင်ရှိတဲ့အခါမှာ မမြင်နိုင်ပေမယ့် မှောင်သွားတဲ့အချိန်မှာ မီးစုန်းခါတ်ကြောင့် ဝိုးတဝါး မြင်နိုင်တယ်"

"ဟန်ကျတာပေါ့. . . ဒီမျက်မှန်အနက်တစ်လက် ပါလာတာ ကျွန်တော်တို့အတွက်တော့ အတော်ဟန်ကျတာပဲ၊ အခု ဘယ်နှစ်ယောက် သေသွားပြီလဲ"

"ငါးယောက်လိုက်လာတာ လေးယောက်သေကျန်ခဲ့တယ်၊ တစ်ယောက်ကတော့ ပြန်ပြေးသွားပြီ"

"ဆရာကလည်း မြင်နေရသားနဲ့ လှမ်းပစ်လိုက်ရင် ပြီးရော မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com

"သူ့လူတွေဆီကို သတင်းပြန်ပို့နိုင်အောင် တမင်လွှတ်လိုက်တာပါ"

"တော်ကြာ ကျွန်တော်တို့ရဲ့လျှို့ဝှက်ချက်ကို သိသွားမှဖြင့်. . ."

"မသိနိုင်ပါဘူး. . . ကိုယ်ဖျောက်ထားတဲ့ သူတို့ကို လှမ်းမြင်ရတယ်ဆိုပြီး လန့်တောင်လန့်သွားမှာပါ"

ဟု ပြောပြီး စောစောက သေနတ်ကျည်ဆန် ထိမှန်ပြီး သေဆုံးနေသောလူရိုင်းများရှိရာသို့ သွားကြည့်သောအခါ သွေးများက ဝါးရွက်များပေါ်မှာ နေရာအနှံ့ စွန်းထင်းနေသည်ကိုသာ တွေ့ရပြီး သူတို့ကိုတော့ မမြင်ရပေ။

"သူတို့ကို မမြင်ရပေမယ့် တကယ်ကိုယ်ပျောက်နေတာ မဟုတ်တော့ ဒီနေရာမှာ ရှိနေတာ အသိသာကြီးပဲ၊

ဟိုသွေးကွက်နေရာမှာ ဝါးရွက်တွေ ပိနေတာ မမြင်ဘူးလား၊ အဲဒီနေရာကို ခြေထောက်နဲ့ စမ်းကြည့်ပါလား"

ဟု ပြောသဖြင့် ငမဲအောင်က မရဲတရဲနှင့် စမ်းကြည့်ရာ မြေပေါ်မှာ လဲကျနေသော လူတစ်ယောက်ကို စမ်းမိလေသည်။

"ဘာပဲဖြစ်ဖြစ် သူတို့ကို မြင်နိုင်တဲ့နည်း သိရပြီဆိုတော့ ကြောက်စရာ မလိုတော့ဘူး၊ သတိဝီရိယ ထားကြဖို့ပဲ လိုတယ်၊ ကျွန်တော့်ဆီမှာ အဝေးကြည့်မှန်ပြောင်း အကြီးအသေးနှစ်လက်ပါလာတယ်၊ တစ်လက်ကို အမည်းရောင်မှန်ချပ်တစ်ခု ပြောင်းတပ်လိုက်ရင် အဝေးကိုပါ လှမ်းမြင်နိုင်ပြီပေါ့"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောရာ ကျန်အဖွဲ့သား





များမှာ များစွာအားရှိသွားကြလေသည်။

ထိုနေရာမှ ခရီးဆက်ခဲ့ကြရာ နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်သောအခါ တောင်ကုန်းတစ်ခုပေါ် ရောက်သွားကြပြီး မြေပုံစာရွက်ကို ဖြန့်ကြည့်ကြသည်။

"အမှတ်အသားတွေအရဆိုရင် လေယာဉ်ပျက်ကျတဲ့နေရာက မဝေးတော့ဘူး ဆရာ၊ ဟိုးနေရာလောက်မှာ ရှိတယ်"

ဘရန်ဆိုင်းက အနောက်ဘက်တောင်ကြောနေရာတစ်ခုရှိရာသို့ လက်ညှိုးထိုးပြလေသည်။

ထိုအချိန်တွင် နေရောင်ခြည်ကလည်း လင်းနေရာ အနောက်ဘက်တောင်ကြောတစ်ဝိုက်ကို ကောင်းစွာလှမ်းမြင်ရလေသည်။ ထိုအချိန်မှာပင် နေရောင်ခြည်နှင့် လက်ကနဲ လက်ကနဲ ဖြစ်သွားသော အလင်းရောင်တစ်ခုကို သတိပြုမိသည်။

အလင်းရောင်မှာ တောင်ကြောတစ်ခု၏ချိုင့်ဝှမ်းနေရာလောက်ဆီမှ ပေါ်ထွက်နေခြင်းဖြစ်သည်။

ထိုနေရာမှာ ဘရန်ဆိုင်း ပြောပုံအရဆိုလျှင် ဝင်းဂိတ်တို့လေယာဉ်ပျက်ကျသောနေရာဖြစ်လောက်သည်။

ဒေါက်တာမင်းထင်ကျော်က မှန်ပြောင်းဖြင့် အသေအချာ လှမ်းကြည့်သည်။

နေရောင်ခြည်ဖြင့် အလင်းရောင် လင်းလက်နေသောနေရာမှာ တောင်ကြောတစ်ခု၏လျှိုကြားထဲတွင် ဖြစ်ရာ မဝေးလှတော့ပေ။

"ဘာထူးလဲ ဆရာ"


www.burmeseclassic.com

www.burmeseclassic.com

"ဟိုဘက်တောင်ကြောရဲ့အောက်ဖက်မှာ အလင်းရောင်တစ်ခု တွေ့ရတယ်"

"အဲဒါဆိုရင် လေယာဉ်ပျက် ရှိတဲ့နေရာပဲ ဖြစ်ရမယ်"

"ဒီကနေ သွားမယ်ဆိုရင် နေ့လည်ပိုင်းလောက်ဆိုရင် အဲဒီနေရာကို ရောက်သွားနိုင်ပါတယ်"

ဟု ပြောပြီး ထိုနေရာသို့ မှတ်သားပြီးနောက် ခရီးဆက်ကြပြန်ရာ နောက်ဆုံးတော့ ဘရန်ဆိုင်းပြောသည့် ဝင်းဂိတ်တို့ လေယာဉ်ပျက်ကျရာသို့ ရောက်သွားကြလေတော့သည်။ ထိုနေရာ ရောက်သောအခါ မြေကြီးအောက်မှာ တစ်ပိုင်းတစ်စ ပေါ်ထွက်နေသော လေယာဉ်အပိုင်းအစများကို အများအပြား တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ထိုနေရာတွင် ယာယီစခန်းချပြီးနောက် ဘရန်ဆိုင်းပြောသည့် ရွှေသေတ္တာကို ရှာဖွေကြသည်။

အချို့ကလည်း မြေအောက်မှာ နစ်မြုပ်နေသည်အထင်နှင့် မြေကြီးများပါ တူး၍ရှာသည်။

တစ်နေရာရောက်သောအခါ ၎င်းတို့အရင် တူးဆွထားသော တွင်းပေါင်းများကို တွေ့ကြရသဖြင့် အံ့သြသွားကြလေသည်။

"ဟင်. . . ဒီမှာတွင်းပေါင်းတွေပါလား"

"ကြည့်ရတာ ကျွန်တော်တို့အရင် ဒီနေရာကို အဖွဲ့တစ်ဖွဲ့ ရောက်လာပြီး တူးယူသွားတာဖြစ်မယ်"





"ဘယ်သူတွေ ဖြစ်မလဲ"

"ဒီအကြောင်းတွေကို သိတဲ့လူတစ်ယောက်ပဲ ဖြစ်မှာပေါ့"

ထိုအခြေအနေကို မြင်သောအခါ ဘရန်ဆိုင်းမှာ ခဲလေသမျှ သဲရေကျဖြစ်သွားသည့်အတိုင်း စိတ်ပျက်လက်ပျက် ဖြစ်သွားဟန်ရှိလေသည်။

သို့သော်လည်း ရောက်လက်စနှင့် ထပ်မံရှာဖွေကြည့်သောအခါ ရွှေဒင်္ဂါးများကို သေတ္တာလိုက် မတွေ့ရသော်လည်း မြေကြီးများကို တူးဆွကြည့်သောအခါ တစ်ပြားစ နှစ်ပြားစ တွေ့ကြရသဖြင့် အားရှိလာပြီး နေရာအနှံ့ တူးဆွရှာဖွေကြည့်သောအခါ ပြန့်ကျဲနေသော ရွှေဒင်္ဂါးအတော်များများ ရကြလေသည်။

ထိုရွှေဒင်္ဂါးများမှာ လေယာဉ်ပျက်ကျစဉ်က လွင့်စဉ်ထွက်ကာ ကျန်ခဲ့သောအရာများဖြစ်ပြီး သေတ္တာကိုတော့ တစ်စုံတစ်ယောက်က ယူသွားဟန်ရှိလေသည်။

ပမာပြောရလျှင် သူတို့က အရောက်နောက်ကျသဖြင့် အကြွင်းအကျန်များသာ ရတော့သည့်သဘောပင်။

သို့သော်လည်း လုံးလုံးမရတာနှင့်စာလျှင် ထိုကဲ့သို့ ရသည့်ကိုပင် ကျေနပ်ကြပြီး ဆက်လက်ရှာဖွေကြလေသည်။

ထိုသို့ရှာဖွေရာမှာ သက်တောင့်သက်သာ မဟုတ်ဘဲ ထိုနေရာတစ်ဝိုက် နေရာအနှံ့ မြေကြီးများကို တူးဆွရှာဖွေကြရခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး လေးငါးရက်ခန့် ရှာဖွေကြည့်သောအခါ ရွှေဒင်္ဂါးသုံးလေးဆယ်ခန့် ရရှိကြလေသည်။

"ရွှေဒင်္ဂါးတွေကို တစ်ယောက်ယောက် ယူသွားတာတော့ အသေအချာပဲ၊ ဒါပေမယ့် တစ်ခုထူးဆန်းတာက ရွှေဒင်္ဂါးသေတ္တာကိုသာ သယ်သွားကြတယ်၊ မြေပေါ်မှာ ကျခဲ့တဲ့ ရွှေဒင်္ဂါးတွေကိုတောင် မကောက်ဘဲ ဒီအတိုင်း ထားခဲ့တယ်၊

ဟိုမှာ. . . သူတို့ သယ်သွားတဲ့လမ်း"

ဟု ဘရန်ဆိုင်းက ပြသဖြင့် ကြည့်သောအခါ အနောက်ဘက်စူးစူးသို့ တက်သွားသော လမ်းကြောင်းတစ်ခုကို အထင်းသား တွေ့ကြရသည်။

သို့ကြောင့်. . .

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ စခန်းသိမ်းပြီးနောက် ထိုလမ်းအတိုင်း ခရီးဆက်ရန် ပြင်ကြလေသည်။

"ဒီအတိုင်း အနောက်စူးစူးကို သွားရင် ကျောက်မျက်နှာဂူကို ရောက်နိုင်တယ်"

ဟု ခွန်ဆန်က ပြောရာ ကျန်လူများမှာ များစွာအားရှိသွားကြလေသည်။

သူတို့တတွေ ယခင်လူများ ဖောက်ထားသောလမ်းအတိုင်း လိုက်သွားကြရာ လမ်းတစ်လျှောက်မှာလည်း ရွှေဒင်္ဂါးအချို့ကို တွေ့သဖြင့် ကောက်ယူခဲ့ကြလေသည်။

တစ်ခုထူးဆန်းသည်။ ရွှေဒင်္ဂါးသေတ္တာ သယ်ယူသွားသူများမှာ လမ်းပေါ်မှာ ကျခဲ့သော ရွှေဒင်္ဂါးများကို အဘယ်ကြောင့်





မကောက်ကြဘဲ ဒီအတိုင်း ထားခဲ့ကြသလဲဆိုသောအချက်ကို နားမလည်နိုင်အောင် ဖြစ်ကြရသည်။

သို့သော်လည်း လမ်းပေါ်မှာ ရွှေဒင်္ဂါးအချို့ ကျနေခဲ့သဖြင့် ၎င်းတို့အတွက် လမ်းပြပေးသကဲ့သို့ ရှိလေသည်။

"ကျောက်မျက်နှာဂူနဲ့ အတော်ဝေးသေးလား"

"သိပ်မလိုတော့ဘူး ဆရာ၊ လမ်းမှာ တစ်ညအိပ်ခရီးလောက် သွားရင် ရောက်နိုင်တယ်"

ဟု ခွန်ဆန်က ပြောသည်။

လမ်းခရီးတစ်လျှောက်မှာတော့ နောက်ထပ်အန္တရာယ်တစ်စုံတစ်ရာ မတွေ့ကြရဘဲ စိတ်အေးလက်အေး သွားနိုင်ကြလေသည်။

ညနေပိုင်းအချိန်ရောက်သောအခါ ကျောက်ဂူများ ရှိသော တောင်ကြောတစ်ခု ရှိရာသို့ ရောက်သွားကြသည်။

"ဒီညတော့ ကျောက်ဂူတစ်ခုခုထဲမှာ ဝင်ပြီးစခန်းချမယ်၊ မနက်လင်းမှပဲ ခရီးဆက်ကြတာပေါ့. . . မကောင်းဘူးလား"

"ကောင်းပါတယ်. . . ဆရာသဘောကျသလို သာ စီစဉ်ပါ"

ဟု ပြောသဖြင့် ကျောက်ဂူတစ်လုံးအတွင်းသို့ ဝင်ရောက်ကာ နားကြလေသည်။

ညဦးပိုင်းရောက်သောအခါ ဦးဗန်ကောင်းက ခွန်ဆန်ကို မေးသည်။

"မင်း ဒီနေရာတွေကို မကြာခဏ ရောက်သလား"



www.burmeseclassic.com

www.burmeseclassic.com

"မကြာခဏတော့ မရောက်ပါဘူး၊ တစ်ခါတစ်လေမှ သာ ဒီဘက်ရောက်တာပါ၊ ဒီဘက်က အန္တရာယ်သိပ်များတယ်၊ ဒါကြောင့် မိစ္ဆာတြိဂံနေရာလို့ ခေါ်ကြတာပါ"

"ဒါထက် ကျောက်တွေ ပုတ်ပြီး ယင်ကောင်တွေ အုံနေတဲ့နေရာကိုရော မှတ်မိရဲ့လား"

"ကျောက်မျက်နှာဂူတစ်ဝိုက် ရောက်ရင်တော့ လိုက်ရှာရင် တွေ့နိုင်ပါတယ် ဆရာကြီး"

ဟု ပြောရာ အောင်မင်းအောင်က မေးသည်။

"ကျောက်ပုပ်က ဘာများ အစွမ်းထက်သလဲ ဆရာကြီး"

"ကျောက်ပုပ်က အလွန်ရှားတဲ့ သိဒ္ဓိဝင်ပစ္စည်းမျိုးပဲ၊ သူ့ကို ထမင်းလို ချက်စားရင် ရောဂါဘယ ကင်းပြီး အသက်ရာကျော် ရှည်စေနိုင်တယ်၊ တစ်ခါစားပြီးတာနဲ့ အခြားအစားအစာတွေ စားဖို့ မလိုတော့ဘူး"

"တယ်ဟုတ်ပါလား ဆရာကြီး၊ ကျောက်တုံးကို ထမင်းလို ချက်စားလို့ရတယ်ဆိုတာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်၊ ဗဟုသုတ ရအောင် ရှင်းပြပါဦး"

ထိုအခါ ဦးဖန်ကောင်းက ဆေးပြင်းလိပ်တိုကို မီးညှိဖွာရင်း ကျောက်ပုပ်အကြောင်းကို ပြောပြလေသည်။

ကျောက်ပုပ်သည် သိဒ္ဓိရှိသော ကျောက်တစ်မျိုးပင် ဖြစ်သည်။ နေရာတိုင်းတွင် မရှိပေ။

ဘုမ္မိယကျောက်အညွှန်းထဲတွင် ရှမ်းရိုးမတောင်တန်း ထိပ်၌ ရှိသည်ဟု အညွှန်းရှိသည်။





ဆင်ဦးကင်း၊ ဆင်နှာမောင်းနှင့် အလားသဏ္ဌာန်တူသော တောင်စွယ်များလည်းရှိသည်။

ထိုတောင်စွယ်များတွင် ပြိုပျက်နေသည့် ကျောက်ဂူပျက်ပေါင်းများစွာရှိသည်။

ဆင်နှာမောင်းပုံသဏ္ဌာန် ရှိသော တောင်စွယ်တစ်နေရာ၌ ကျောက်ဂူပျက်တစ်လုံး ရှိရာ ထိုကျောက်ဂူပျက်အနီး၌ ကျောက်ပုပ်ရှိလေသည်။

ကျောက်ပုတ်၏အဆင်းမှာ ညိုမည်းမည်းအရောင် ရှိသည်။ ကျောက်ပုပ်ရှိသော အနီးတစ်ဝိုက်တွင် မြွေသေပုပ်၊ ခွေးသေပုတ်ကဲ့သို့ အပုပ်နံ့များ လှိုင်နေတတ်သည်။ ထိုကျောက်တုံးကို အပုပ်ကြိုက်သော ယင်မမည်းရိုင်းများက မပြတ်လာရောက်အုံနေလေ့ရှိသည်။

ထူးဆန်းသောအချက်မှာ ကျောက်ပုပ်ရှိသောနေရာတစ်ဝိုက်တွင် အမြဲပူနေသော ရေပူလည်း ရှိလေသည်။ ကျောက်ပုပ်ကို ထိုရေပူနှင့် ထမင်းချက်သကဲ့သို့ ချက်လျှင် ကျောက်ဆန်သည် ထမင်းကဲ့သို့ နူးညံ့ကာ စား၍ အရသာရှိသောအဖြစ်သို့ ရောက်လေသည်။

ထိုကျောက်ပုပ်ထမင်းကို စားရလျှင် အသက်များစွာရှည်သည်။

အနည်းဆုံး အသက်တစ်ရာတန်း အသက်ရှည်စေသည်။ ရောဂါဘယလည်း ကင်းလေသည်။

အဟာရသိဒ္ဓိ ပြီးသောအဆင့်သို့လည်း ရောက်နိုင်ပေ


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်ဆက်တည်း ပြောရပါမူ . . .

ရှမ်းရိုးမတောင်တန်းနှင့် တစ်ဆက်တည်းတွင် သုဝဏ္ဏဂီဝါတောင် ရှိသည်။

ထိုတောင်မှာ သုံးလုံးတစ်ဆက်တည်း ရှိလေသည်။

သုဝဏ္ဏဂီဝါတောင်ဟု ခေါ်သောတောင်မှာ အရှေ့ဘက်၌ ရှိသောတောင်ကို ခေါ်ဝေါ်ခြင်းဖြစ်သည်။

ထိုတောင်၌ 'မရဏသေလာ' ကျောက်ရှိသည်။

အဆင်းကား ပျားရည်အဆင်းနှင့် တူသည်။ အရောင်မှာ ကြည်လင်သည်။ ကျောက်တစ်လုံး၏အလေးချိန်မှာ နှစ်ကျပ်သား၊ သုံးကျပ်သားခန့်သာ ရှိသည်။

ထိုကျောက်ကို လက်ျာ ဒိကျပ်၊ ကန့်တိုက် ဒိကျပ်နှင့် ထိုးသော် ပြာကျ၏။

ရင်းပြာကို ပျားရည်တစ်ပိဿာနှင့် ရော၍ မနက်တစ်ဇွန်း ညတစ်ဇွန်း စားပါက အာယုသိဒ္ဓိလမ်း ပေါက်၏။

ရင်းတောင်အတွင်းမှာ ကျောက်ခေါင်းကြီးများရှိလေသည်။

ထိုကျောက်ခေါင်းကြီးများအတွင်း၌ ကျောက်ပွက်ရေများ ရှိသည်။

ရင်းကို မီးနှင့် ရှို့က ပွန်းညက်ကို မီးရှို့သောအနံ့မျိုးရသည်။ မီးသွေးနှင့် လောင်ကျွမ်းလေသည်။

အေးသောအခါ လွန်စွာမာသည်။

ဉာဏ်ရှိသလို သုံးနိုင်သော သိဒ္ဓိဝင်ကျောက်တစ်မျိုးဖြစ်သည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် သိဒ္ဓိဝင်ကျောက်အမျိုးပေါင်းများစွာရှိလေသည်။

နေရာနှင့်တကွ ဖော်ပြချင်ပါသော်လည်း ဇာတ်လမ်းအတွက် မသက်ဆိုင်ပါသဖြင့် ချန်လှပ်ထားခဲ့ရပေသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါ အနောက်ဘက်တွင် မီးစုန်းကဲ့သို့ အလင်းရောင်များ ထွက်နေသော တောင်တစ်လုံးကို လှမ်းမြင်ကြရသည်။

ထိုတောင်တစ်ဝိုက်၌ ပိုးစုန်းကြူးကဲ့သို့ သွားလာလှုပ်ရှားနေသော သဏ္ဌာန်များကိုလည်း တွေ့ရသည့်အပြင် ဆူညံသံများကိုလည်း ခပ်သဲ့သဲ့ ကြားရသည်။


ခွန်ဆန်ကတော့ ထိုနေရာမှာ ကျောက်မျက်နာဂူရှိသောနေရာဖြစ်သည်ဟု ပြောသည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့ သွားနိုင်သည့် မြေပုံကြမ်းတစ်ခုကို ရေးဆွဲထားလိုက်လေသည်။




www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

# မာယာကျော့ကွင်းပေလော

နောက်တစ်နေ့နံနက်လင်းသည်နှင့် ခရီးဆက်ကြရာ ညနေပိုင်းအချိန်လောက်တွင် ကျောက်မျက်နှာတောင်ကို မြင်ရသောနေရာသို့ ရောက်ခဲ့ကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ တောထူထပ်ရုံမက တောင်ကုန်းနှင့် ကျောက်တောင်များလည်း ပေါလှသည်။

ထိုနေရာသို့ သွားသော လမ်းအချိုကို မြင်ရသည့်အပြင် ထိုလမ်းပေါ်မှာ ရွှေဒင်္ဂါးတစ်ပြားနှစ်ပြားကို ထပ်မံတွေ့ကြရာမှ ဇဝေဇဝါ ဖြစ်သွားကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုအဓိပ္ပာယ်လဲ. . ရွှေဒင်္ဂါးသေတ္တာကို ကျောက်မျက်နှာတောင်ဘက်ကို သယ်သွားတဲ့လက္ခဏာပါလား"

"အဲဒီမှာ လူရိုင်းတွေပဲ ရှိတာ၊ ဘယ်လိုအဓိပ္ပာယ်နဲ့ သယ်သွားမှာလဲ"

"သူတို့ကတော့ သုံးစရာရှိတဲ့ပုံ မပေါ်ပါဘူး၊ ဒါပေမယ့် အထူးအဆန်းမို့လို့ သယ်ယူသွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဟန်ကျတာပေါ့. . . ကျောက်မျက်နှာဂူအတွင်းကို ဝင်နိုင်ရင် ရွှေဒင်္ဂါးတွေအပြင် ကျွန်တော်တို့ လိုချင်တာတွေ ရနိုင်တာပေါ့"

"အင်း. . . ကောင်းတဲ့ဘက်က တွေးရင် အဲဒီလို ရနိုင်ပေမယ့် မကောင်းတဲ့ဘက်က တွေးရင်တော့ လူရိုင်းတွေက ဖမ်းမိသွားပြီး ယဇ်ပူဇော်ခံရမှာလည်း ရှိသေးတယ်"

ဟု ဦးဝန်ကောင်းက ပြောမှ ဘရန်ဆိုင်းမှာ ငြိမ်ကျသွားလေတော့သည်။

ညနေပိုင်းအချိန်ရောက်နေပြီမို့ ပတ်ဝန်းကျင်တဝိုက်မှာ မြူခိုးများ ဝေ့ဆိုင်းလျက်ရှိပြီး မှုန်မှုန်မှိုင်းမှိုင်း ရှိနေချေပြီ၊ အမှောင်ရိပ်များပင် ဖုံးလွှမ်းစပြုလာချေပြီ။

ဒေါက်တာမင်းထင်ကျော်တို့မှာ အတန်အသင့် လုံခြုံမှုရှိသောနေရာ၌ လျှို့ဝှက်စွာ နေရာယူပြီးနောက် ကျောက်မျက်နှာတောင် ရှိရာသို့ အကဲခတ်နေကြသည်။

သူတို့ ရောက်နေသည့်နေရာမှာ ကျောက်မျက်နှာတောင်နှင့် မျက်နှာချင်းဆိုင် အနေအထားတွင် ရှိပေသည်။

☺ အောင်မြင်စာပေ ☺

အကွာအဝေးမှာလည်း မဝေးလှသောကြောင့် မြင်ကွင်းများကို ကောင်းစွာလှမ်းမြင်ရသည်။

ကျောက်မျက်နှာတောင်၏ပုံပန်းသဏ္ဌာန်မှာ လူအရိုးခေါင်းတစ်လုံး ချထားသည်နှင့် ပုံသဏ္ဌာန် တူလေသည်။

တောင်ထိပ်မှာ ကတုံး,တုံးထားသကဲ့သို့ ပြောင်နေပြီး မျက်စိပေါက်နေရာနှင့် နှာခေါင်းပေါက်နေရာမှာ တွင်းပေါက်ကြီးများဖြစ်သည်။

ပါးစပ်ပေါက် ရှိသောနေရာမှာ အောက်ခြေ၌ ရှိပြီး အတော်အတန် ကျယ်ဝန်းလေသည်။

အမှန်တော့ ဂူအတွင်းသို့ ဝင်မည်ဆိုပါက ထိုပါးစပ်ပေါက်နေရာမှလွဲ၍ အခြားဝင်စရာ မရှိပေ။

အကယ်၍ ပါးစပ်ပေါက်မှ ဝင်မိပါက အဆိပ်ငွေ့များ သင့်ပြီး အားလုံးသေကြရမည်မှာ မုချဖြစ်သည်။

သို့သော်လည်း ထိုဂူအတွင်းသို့ မည်သို့မည်ပုံ ဝင်ရောက်ရမည့် လျှို့ဝှက်ချက်များကို သိခဲ့ရသဖြင့် တော်သေးသည်ဟု ဆိုရပေမည်။

တောင်ပေါ်နာဂရွာတွင် လူရိုင်းနှစ်ယောက်ထံမှ သိခဲ့ရသောအချက်များမှာ ၎င်းတို့အတွက် များစွာအထောက်အကူဖြစ်ပေသည်။

"အနီရောင်နဲ့အစိမ်းရောင်တွေ တွေ့တာ ဘယ်နေရာမှာလဲ"

"မျက်လုံးပေါက်ကြီးနေရာက အလင်းရောင်တွေ ထွက်

☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

နေတာ မြင်ခဲ့ရတယ်၊ နေ့ဘက်ဆိုရင် ညာဘက်မျက်လုံးပေါက်နေရာက အနီရောင်တွေ ထွက်နေတယ်၊ ညဘက်လရောင်ထွက်လာရင် ဘယ်ဘက်မျက်လုံးက အစိမ်းရောင်တွေ ထွက်နေတာတွေ့ရတယ်"

"ဟုတ်ပြီ. . . ဟိုလူရိုင်းနှစ်ယောက် ပြောလိုက်တာလဲ အဲဒီနေရာပဲ၊ ပါးစပ်ပေါက်က ဝင်ရင် အဆိပ်ငွေ့တွေ ထိတာနဲ့ အားလုံးသေမယ်၊ အတွင်းကို ဝင်စရာ မျက်လုံးပေါက်နေရာမှာပဲ ရှိတယ်"

"ဒါပေမယ့် အဲဒီမျက်လုံးနေရာက ရန်သူတွေ ဂူထဲ ဝင်လာရင် မြင်နိုင်အောင် ထောင်ချောက်ဆင်ထားတာ မဟုတ်လား"

"မှန်တယ်. . . ဒါပေမယ့် နေ့ဘက်ဝင်ရင် အလင်းရောင် မထွက်တဲ့ ဘယ်ဘက်မျက်လုံးက ဖောက်ဝင်ရမယ်၊ ညဘက်ဝင်ရင် အလင်းရောင် မထွက်တဲ့ ညာဘက်မျက်လုံးကို ဖောက်ဝင်ရမယ်လို့ မှာလိုက်တယ်လေ"

"ဒီလိုဆိုရင်တော့လည်း ဟန်ကျတာပေါ့"

"ဒါပေမယ့် သူတို့ပြောတဲ့အတိုင်းလည်း စိတ်ချလို့ မရသေးဘူး၊ တော်ကြာ ထောင်ချောက်ဖြစ်နေရင် ခက်လိမ့်မယ်၊ ဒါကြောင့် အသေအချာ လေ့လာပြီးမှ ဝင်ကြရင် ပိုကောင်းမယ်"

"ဒါထက် ဆရာ၊ လမ်းမှာ ဝင်တိုက်တဲ့လူရိုင်းအချို့က လွတ်သွားလေတော့ သူတို့ ဒီအကြောင်းတွေကို ပြန်ပြောထားရင် ဘယ်လိုလုပ်မလဲ"





ဘရန်ဆိုင်းက လမ်း၌ လူရိုင်းတစ်ယောက် လွတ်မြောက်သွားသည်ကြောင့် စိတ်ပူပန်စွာ ပြောလိုက်ခြင်းဖြစ်သည်။

"ဒါကြောင့် ဒီနေရာကနေပြီး အခြေအနေ စောင့်ကြည့်ကြမယ်လေ၊ သူတို့အခြေအနေကို သိတော့မှ ဆက်ပြီးစီစဉ်ကြတာပေါ့၊ ဒီညတော့ မီးမဖိုဘဲနဲ့ စားလို့ရမယ့် အစားအသောက်တွေကိုပဲ အဆာပြေ စားကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ တောအုပ်တစ်နေရာမှ လျှို့ဝှက်စွာဖြင့် ကျောက်မျက်နှာဂူ ရှိရာဘက်သို့ စောင့်ကြည့်ကြလေသည်။ ညဦးပိုင်းအချိန် ရောက်လာသောအခါ အမှောင်ရိပ်များ ဖုံးလွှမ်းလာသည်။

ထိုအချိန်တွင် ကျောက်မျက်နှာတောင်ဘက်မှ မီးစုန်းခါတ်များကဲ့သို့ အလင်းရောင်အချို့ ပေါ်လာလေသည်။

ထိုအခါ အနီးပတ်ဝန်းကျင်တဝိုက် သွားလာနေသော လူရိုင်းများကို လှမ်းမြင်ရသည်။

၎င်းတို့ကိုယ်ပေါ်မှာ မီးစုန်းခါတ်အချို့ ကပ်နေသောကြောင့် အမှောင်ထဲမှာ အလင်းရောင် ထွက်နေသောကြောင့် အလွယ်တကူ လှမ်းမြင်ရခြင်းဖြစ်သည်။

"လူရိုင်းတွေနဲ့ တိုက်ခိုက်ရင် နေ့ဘက်မှာ တိုက်ခိုက်တာထက် ညအမှောင်ထဲမှာ တိုက်ခိုက်ရင် သူတို့ကို အလွယ်တကူမြင်နိုင်တယ်"

"ဒါပေမယ့် သူတို့က အပြင်သွားရင်သာ ပြဒါးပါတဲ့ မီးစုန်းခါတ်တွေ သုပ်သွားကြပေမယ့် ဒီမှာနေတဲ့အခါမှာတော့



www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်း နေကြပုံရတယ်"

စကားတပြောပြောနှင့် အခြေအနေကို စောင့်ကြည့်နေကြရာ ညဉ့်နက်ပိုင်းရောက်လာပြီး လရောင်တစွန်းတစ ပေါ်လာသောအခါ ကျောက်မျက်နှာတောင်ကြီးမှ အလင်းရောင်အချို့ ထွက်လာလေသည်။

ကြည့်နေရင်းမှာပင် အနောက်ဘက်မျက်လုံးနေရာမှ အစိမ်းရောင်များ ထွက်လာသည်။

"ဟော. . . ဟိုမှာ မျက်လုံးနေရာက အစိမ်းရောင်တွေ ထွက်လာနေပြီ"

ဟု မုဆိုးခွန်ဆန်က ဝမ်းသာအားရ ပြောသည်။

ဒေါက်တာမင်းထင်ကျော်က မှန်ပြောင်းဖြင့် ကြည့်သော်လည်း အလင်းရောင် ထွက်နေသော မျက်တွင်းပေါက်ကြီးကိုသာ လှမ်းမြင်ရပြီး တခြားတော့ ဘာမှမတွေ့ရပေ။

ညဦးပိုင်းအချိန်ကျော်သောအခါ တောထဲမှ လူရိုင်းအချို့ ထွက်လာကြသည်။

၎င်းတို့သည် လူအချို့ကို ကြိုးများဖြင့် တုပ်နှောင်ကာ ခေါ်ဆောင်လာကြလေသည်။

ဖမ်းလာသောလူမှာ လေးယောက်ဖြစ်ပြီး ယောကျ်ား သုံးယောက်နှင့် မိန်းမတစ်ယောက်တို့ဖြစ်ကြသည်။

လူရိုင်းများက အခြားနေရာမှ မတရား ဖမ်းဆီးလာကြခြင်းဖြစ်ဟန်ရှိသည်။

ထိုအချိန်မှာ လူရိုင်းများကိုယ်ပေါ်မှာ သုတ်လိမ်းထား





သော မီးစုန်းခါတ်များ ပြယ်လွင့်နေပြီဖြစ်သောကြောင့် အတန်အသင့် မြင်နိုင်ပေပြီ။

လူရိုင်းများမှာ ဆယ်ယောက်ခန့်ရှိသည်။

လက်ထဲမှာ အရိုးရှည် တပ်ထားသောလှံများနှင့် ဓါးများ ကိုင်ထားသည်။ အချို့လည်း လေးနှင့်မြားကို လွယ်ထားကြလေသည်။

ဂူပေါက်ဝ ရောက်သောအခါ သူတို့အထဲမှာ ပါလာသော လူရိုင်းတစ်ယောက်က ဒေါက်တာမင်းထင်ကျော်တို့ ပုန်းအောင်းနေရာဘက်သို့ တစ်ချက်လှည့်ကြည့်လေသည်။

ဒေါက်တာမင်းထင်ကျော်က မှန်ပြောင်းဖြင့် ကြည့်နေသောကြောင့် မိမိတို့အား လှမ်းကြည့်နေမှန်း ချက်ချင်းသိလိုက်သဖြင့် အနည်းငယ်တော့ စိုးရိမ်သွားလေသည်။

"အားလုံး သတိထားကြပေါ့၊ ငါတို့ ဒီနေရာတဝိုက်မှာ ရောက်နေတာကို သူတို့ ရိပ်မိပုံရတယ်"

ဟု သတိပေးလိုက်ရာ ကျန်လူများမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ထို့နောက်. . .

ဒေါက်တာမင်းထင်ကျော်က ဖမ်းလာသောလူများကို အမှတ်တမဲ့ မှန်ပြောင်းနှင့် ကြည့်လိုက်သောအခါ တစ်ယောက်၏မျက်နှာကို ကောင်းစွာမှတ်မိသွားလေသည်။

"ဟင်. . ."

"ဘာလဲ ဆရာ. . . ဘာထူးသလဲ"


www.burmeseclassic.com

www.burmeseclassic.com

"သူတို့ဖမ်းလာတဲ့အထဲမှာ နာဂရွာလူကြီး ပါလာတယ်"

"ဟင်. . . ဟုတ်လား"

ဟု ပြောကာ ဘရန်ဆိုင်းက မှန်ပြောင်းယူကြည့်လေသည်။

"ဟုတ်တယ် ဆရာ၊ သူတို့ ရွာသူကြီးနဲ့ရွာသားတွေကို မတရား ဖမ်းလာတာပဲ ဖြစ်ရမယ်. . . ဘယ်လိုလုပ်ကြမလဲ"

"ချက်ချင်းတော့ လုပ်လို့မရသေးဘူး၊ အခြေအနေကြည့်ပြီးတော့မှပဲ ဝင်ကယ်ရမှာပဲ"

ဟု ပြောဆိုနေကြစဉ် လူရိုင်းများက သူတို့ရှိရာဘက်သို့ တစ်ချက်လှည့်ကြည့်ကြပြီး ပါးစပ်ပေါက်နေရာမှပင် အတွင်းသို့ ဝင်သွားကြလေသည်။

"ဟင်. . . သူတို့ ဝင်တော့ အဆိပ်ငွေ့တွေ မသင့်ဘူးလား မသိဘူး"

"သူတို့လူတွေ ဝင်တော့ အဆိပ်ငွေ့တွေ ဘယ်လွှတ်မလဲ၊ တခြားလူတွေ ဝင်လာမှသာ အဆိပ်ငွေ့တွေ လွှတ်လိုက်တာ ဖြစ်မှာပေါ့"

ဟု ပြောဆိုနေကြစဉ် လူရိုင်းများက ကျောက်မျက်နာဂူအတွင်းသို့ ဝင်သွားကြလေတော့သည်။

"သူတို့အမူအယာ အကဲခတ်ရတာ သိပ်မဟန်ဘူး ဆရာ၊ ကျွန်တော်တို့ ဒီနေရာ ရောက်နေတာ သိနေတဲ့ပုံမျိုးပဲ"

"သိချင်လည်း သိမှာပါ၊ လမ်းမှာ တိုက်ကြတုန်းက လွတ်တဲ့လူရိုင်းတွေလည်း ရှိတာဆိုတော့ သူတို့က ပြန်ပြောထားတာ





တွေလည်း ရှိမှာပေါ့"

"ဒီအတိုင်းဆိုရင်တော့ ပေါ့ပေါ့လျော့လျော့ နေလို့မရဘူး၊ မအိပ်မနေ စောင့်ကြည့်နေမှပဲ အလစ်ဝင်တိုက်တာကို မခံရမယ်"

ဟု အချင်းချင်း ပြောဆိုတိုင်ပင်ကြလေသည်။

ညဉ့်နက်ပိုင်း ရောက်လာသောအခါ အအေးဓါတ်က ပိုများလာသည်။ နှင်းမှုန်နှင်းဖွဲများက တဖွဲဖွဲ ကျဆင်းလာလေသည်။ အဖွဲ့သားများမှာ မီးမဖိုဝံ့ကြသောကြောင့် အအေးဒဏ်ကို ဒီအတိုင်းပဲ ကြံ့ကြံ့ခံကြရလေသည်။

ညဉ့်နက်ပိုင်း ရောက်လာသောအခါ လရောင်က တဖြည်းဖြည်းနှင့် မြင့်တက်လာသည်။

တောင်တန်းများနှင့် သစ်တောအုပ်များ လွှန်မြောက်လာသောအခါ ကျောက်မျက်နာဂူအပေါ်သို့ တိုက်ရိုက်ထိုးကျလာသည်။

ထိုအခါ ကျောက်မျက်နာဂူ၏မျက်လုံးတစ်ဖက်မှ အစိမ်းရောင်များ လင်းလက်လာလေသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်လာသည်အထိ လူရိုင်းများက ကျောက်ဂူပတ်ဝန်းကျင်တဝိုက်မှာ သွားလာနေလျက်ပင် ရှိသေးသည်။

သို့သော်လည်း အခြားတော့ ဘာမှထူးခြားမှု မရှိပေ။

သန်းခေါင်ယံအချိန်လောက်အထိ မည်သူမှ မအိပ်ဝံ့ကြဘဲ စကားပြောရင်း ထိုင်စောင့်နေကြစဉ် တောနက်အတွင်းမှ


www.burmeseclassic.com

www.burmeseclassic.com

စူးစူးဝါးဝါး အော်သံတစ်ချက် ပေါ်လာလေသည်။

"အမယ်လေး . . ကယ်ကြပါရှင် . . ကယ်တော်မူကြပါ"

ထိုအသံကြားသောအခါ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ အော်သံမှာ သူတို့ရှိနေသောနေရာနှင့် မဝေးလှပေ။

"မိန်းမတစ်ယောက်ရဲ့အော်သံပါလား"

"ဟုတ်တယ် . . . ဒုက္ခရောက်နေတဲ့ပုံပဲ၊ အခြေအနေ သွားကြည့်ရင် ကောင်းမယ်"

ဟု ပြောကာ အချို့ကို စခန်းမှာ ထားခဲ့ပြီး ကျန်လူများက အသံကြားရာဘက်သို့ တဖြည်းဖြည်း သွားကြလေသည်။

အော်သံမှာ လျှိုတစ်ခုအတွင်းမှ ဖြစ်သဖြင့် တောင်ကုန်းပေါ်မှ တရွေ့ရွေ့ တက်သွားကာ ငုံ့ကြည့်လိုက်ကြသည်။

မြင်ကွင်းက မကောင်းလှပေ။

တောင်ခြေလျှောကွက်လပ်တစ်နေရာတွင် မိန်းကလေးတစ်ယောက်ကို လူရိုင်းသုံးလေးယောက်မှ ကြိုးများဖြင့် တုပ်ကာ ဖမ်းဆီးထားလေသည်။

မိန်းကလေးမှာ နဂအမျိုးသမီးတစ်ယောက် ဝတ်ဆင်သော အဝတ်ကြမ်းများကို မလုံမလဲ ဝတ်ထားပြီး အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိသည်။

သူမကို ကြိုးများဖြင့် တုပ်ကာ မြေပေါ်မှာ ချထားသည်။

နံဘေးနားမှာ ရှိသော လူရိုင်းများကတော့ ဓါးတဝင့်ဝင့် လှံတပြင်ပြင်နှင့် ရှိနေကြသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို ယူပြီး အဆင်





သင့် ပြင်ပြီးမှ မသင့်မှန်း သိသဖြင့် ခပ်တိုးတိုး ပြောလိုက်သည်။

"သေနတ်သံ ကြားရင် ဂူဘက်က လူရိုင်းတွေ ရောက်လာကြလိမ့်မယ်၊ ဒီတော့ အသံမထွက်တဲ့နည်းနဲ့ ရှင်းကြရအောင်"

ဟု ပြောကာ လေးနှင့်မြား၊ ဓါး စသည်တို့ကို ထုတ်လိုက်ပြီး ဦးစွာ ဓါးကိုင်ထားသောလူရိုင်းကို အဆိပ်လူးမြားဖြင့် ပစ်ချသည်။

"ဝှစ် . ."

"ဒုတ် . ."

မရှေးမနှောင်းမှာပင် စောထီးလက်ထဲမှ လှံရှည်တစ်လက်နှင့် ငမဲအောင်လက်ထဲမှ ပေါက်ဓါးတစ်ချောင်းတို့က လူရိုင်းနှစ်ယောက်တို့၏ဇီဝိန်ကို ခြွေလိုက်နိုင်သည်။

ကျန်တစ်ယောက်မှာ အခြေအနေ မလှသောကြောင့် ဖမ်းထားသောမိန်းကလေးကို ဒီအတိုင်း ထားခဲ့ကာ တောထဲသို့ ဝင်ပြေးသွားတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့က အခြေအနေကို စောင့်ကြည့်သော်လည်း နောက်ထပ်အခြေအနေ မထူးတော့မှ ကပျာကယာ ပြေးသွားပြီး မိန်းကလေးကို ကြိုးဖြေပေးလိုက်လေသည်။

ထို့နောက် မိမိတို့ စခန်းချရာနေရာသို့ ခေါ်လာပြီးမှ အကျိုးအကြောင်း မေးရသည်။

"ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

ထိုအခါ မိန်းကလေးက မျက်ရည်လည်ရွဲနှင့် ၎င်းတို့


www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက်ကို ပြောပြသည်။

"ကျွန်မက ကုန်သည်အဖွဲ့တွေပါရှင်၊ တောထဲမှာ စခန်းချနေတုန်း လူရိုင်းတွေ ရောက်လာပြီး အခုလို အဖမ်းခံရတာပါပဲ"

"လူဘယ်နှစ်ယောက်လောက် ပါလဲ"

"အားလုံး ဆယ်ယောက်ပါရှင်၊ သေတဲ့လူတွေလည်းသေ၊ ကျန်တဲ့လူတွေကိုလည်း ဖမ်းခေါ်သွားကြပါတယ်"

စောစောက လှမ်းမြင်လိုက်ရသောမြင်ကွင်းမှာ ကုန်သည်များကို ဖမ်းခေါ်သွားခြင်းဖြစ်ရမည်ဟု ခန့်မှန်းမိလိုက်သည်။

"ဒါထက် အဖမ်းခံရတဲ့အဖွဲ့ထဲမှာ နာဂရွာလူကြီးတစ်ယောက် ပါလာတာ တွေ့လိုက်မိတယ်"

ထိုစကားကြောင့် မိန်းကလေးမှာ အနည်းငယ် အံ့သြဟန် ရှိသွားလေသည်။

"အဲဒါက လမ်းပြခေါ်လာတဲ့လူပါ၊ အစ်ကိုတို့က ဘယ်သူတွေလဲဟင်"

"ကျွန်တော်တို့လည်း ခရီးသွားတွေပါပဲ၊ ဒီနားတဝိုက်မှာ စခန်းချနေကြတာပါ"

"ဒီနားတဝိုက်မှာ အန္တရာယ်သိပ်များတယ်၊ လူရိုင်းတွေရှိတဲ့ဂူနဲ့လည်း သိပ်နီးတယ်"

"ဟင်. . . မင်းက ဘယ်လိုသိတာလဲ"

"ကျွန်မတို့က ဒီနေရာတဝိုက်မှာ မကြာခဏ သွားကြရ





တယ်၊ ဒီကနေ တနိုင်းနယ်ဘက်ကို ရောက်ဖို့ဆိုရင် ဒီလမ်းက အဆင်အပြေဆုံးနဲ့ အနီးဆုံးဆိုတော့ အန္တရာယ်ရှိလည်း အရဲစွန့်ပြီး သွားလာရပါတယ်၊

တစ်ခါတုန်းကလည်း လူရိုင်းတွေနဲ့ တွေ့ပြီး အဖမ်းခံရလို့ အဲဒီဂူထဲ ရောက်ခဲ့ဖူးသေးတယ်၊ ဒါပေမယ့် ကံအားလျော်စွာ ထွက်ပေါက်တွေ့ပြီး လွတ်မြောက်ခဲ့ရတာပါ"

ဟု ပြောသောအခါ ဒေါက်တာမင်းထင်ကျော်က အံ့သြရမည့်အစား မျက်မှောင်ကျုံ့သွားလေသည်။

"အခုရော ဘယ်လိုလုပ်မှာလဲ"

"အခုတော့ အဖော်တွေက သေတဲ့လူတွေသေ၊ အဖမ်းခံရတဲ့လူတွေက အဖမ်းခံရပြီဆိုတော့ ဘယ်လိုလုပ်ရမှန်း မသိတော့ပါဘူး အစ်ကို၊

အဖမ်းခံသွားတဲ့အထဲမှာတော့ ကျွန်မအဖေ ပါသွားတယ်"

ဟု ဝမ်းနည်းသံဖြင့် ပြောလေသည်။

"ဒီစကားကြားရတာ စိတ်မကောင်းပါဘူး၊ တကယ်လို့ အဆင်ပြေရင်တော့ မင်းအဖေကို ကယ်ပေးပါ့မယ်"

"ဟင်. . . တကယ်ပြောတာလားဟင်၊ ဝမ်းသာလိုက်တာ အစ်ကိုရယ်"

"ဒါပေမယ့် ဂူထဲကို ဝင်ဖို့က မလွယ်ဘူးလို့ သတင်းကြားတယ်၊ ဂူထဲ ဝင်တဲ့လူ မှန်သမျှ အဆိပ်ငွေ့တွေ မိပြီး သေကြတယ်လို့ ပြောတယ်၊ ဘယ်လိုဝင်ရမလဲ၊ လျှို့ဝှက်ချက်ကို မင်းသိ



www.burmeseclassic.com

www.burmeseclassic.com

သလား"

ဟု မေးလိုက်လေသည်။

"ကျွန်မ သိတန်သလောက် သိပါတယ်၊ အဆိပ်ငွေ့တွေက အမြဲလွှတ်ထားတာ မဟုတ်ပါဘူး၊ ရန်သူတွေ လာမှ လွှတ်တာပါ၊ သူတို့ မရိပ်မိအောင် ဝင်နိုင်ရင် ရပါတယ်"

"ဒါပေမယ့် ဂူပေါက်ဝမှာ မမြင်ရတဲ့လူရိုင်းအစောင့်တွေ ရှိတယ်မဟုတ်လား"

"သူတို့ကို နေ့ဘက်သာ မမြင်ရတာပါ၊ ညအချိန် မှောင်နေရင် မြင်တန်သလောက် မြင်ရပါတယ်"

"ကောင်းပြီလေ. . . မင်းက ဂူထဲ ရောက်ဖူးတဲ့လူဆိုတော့ မင်းကိုပဲ ဆရာတင်ပြီး ဝင်ရမှာပဲ၊ ဂူထဲ ရောက်ရင်တော့ မင်းအဖေနဲ့ လူတွေကို ကယ်ပေးပါ့မယ်"

ဟု ပြောကာ မိန်းကလေးအား သင့်တော်သောနေရာတစ်ခုတွင် နေရာပေးလိုက်ရာ စောင်ကို ခေါင်းမြီးခြုံကာ အိပ်လေတော့သည်။ ထို့နောက်. . .

အပြင်ထွက်လာပြီး အချင်းချင်း တိုးတိုးတိတ်တိတ် တိုင်ပင်ကြရတော့သည်။

"ဘာထူးလဲ ဆရာ"

"ကျွန်တော်တော့ ဒီမိန်းကလေးကို စိတ်ထဲက သိပ်မသင်္ကာချင်ဘူး"

"အင်း. . . ဟုတ်တော့ ဟုတ်တယ်၊ အဖေလည်း အဖမ်းခံရ၊ ပါလာတဲ့လူတွေ အသတ်ခံထားရတဲ့ မိန်းကလေးရဲ့





မျက်နှာက သိပ်မပျက်လှပါဘူး"

"ဒါတင် ဘယ်ကမလဲ၊ သူ့ကို လူရိုင်းတွေလက်က ကယ်လိုက်တဲ့အခါမှာ လွတ်သွားတဲ့လူရိုင်းတွေ ရှိတယ်၊ အခုလောက်ဆိုရင် စခန်းပြန်ရောက်လို့ အားလုံးသိကြရောပေါ့၊ တကယ်ဆိုရင် ဒီနေရာကို လာဝိုင်းသင့်ပြီပေါ့"

အခုလောက် ငြိမ်သက်နေတာရော ထူးဆန်းတယ်လို့ မထင်ဘူးလား"

"အင်း. . . ဒါလည်း စဉ်းစားစရာပဲ၊ နောက်ပြီး သူပြောတဲ့စကားတွေနဲ့ သူ့ရဲ့ဟန်အမူအယာက ရှေ့နောက်သိပ်မညီလှဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘာပဲဖြစ်ဖြစ်လေ. . . အခုအချိန်ကစပြီး အစစအရာရာ သတိရှိရမယ့်အချိန်တော့ ရောက်လာပြီ၊

ဘာပဲဖြစ်ဖြစ် သူ့ကြောင့်ပဲဖြစ်ဖြစ် ဂူအတွင်းကို ချောချောမောမော ရောက်ဖို့ အရေးကြီးတယ်၊ အထဲရောက်တော့မှပဲ မီးစင်ကြည့်ကကြရမယ်"

ဟု ပြောလိုက်ရာ အားလုံး၏စိတ်ထဲမှာတော့ ကျောက်မျက်နှာဂူအတွင်းသို့ ဝင်ရောက်ရမည့်အဖြစ်မှာ အန္တရာယ်တွင်းထဲသို့ ဆင်းသက်ရသည်နှင့် သဏ္ဌာန်တူကြောင်း တွေးလိုက်မိကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

# ထောင်ချောက်အတွင်းမှ ထူးဆန်းစွာ ပျောက်ဆုံးခြင်း

နောက်တစ်နေ့နံနက်လင်းသည့်အချိန်မှစ၍ လက်နက်များကို အဆင်သင့် ကိုင်ဆောင်ထားပြီး သတိနှင့် စောင့်နေကြသော်လည်း ရန်သူများကတော့ တစ်ယောက်မှ ရောက်မလာသည့်အပြင် ဂူပတ်ဝန်းကျင်မှာပင် အသွားအလာ သိပ်မတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်က အမည်းရောင် တပ်ထားသောမှန်ပြောင်းကို သိမ်းထားပြီး အခြားမှန်ပြောင်းတစ်ခုနှင့်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com


အခြေအနေကို ကြည့်နေသည်။

အတန်ကြာတော့ မိန်းကလေးက အနားရောက်လာသည်။

"အစ်ကို ဘာကြည့်နေတာလဲ"

"လူရိုင်းတွေရဲ့အခြေအနေကို ကြည့်နေတာပါ"

"သူတို့ကို အလင်းရောင် ရှိနေရင် မြင်မှမမြင်ရတာ"

"ဒါနဲ့ကြည့်ရင် မြင်ရပါတယ်"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်က အကဲစမ်းသည့်အနေဖြင့် မှန်ပြောင်းကို ပေးလိုက်ရာ မိန်းကလေးက ယူကြည့်သည်။

ထိုမှန်ပြောင်းမှာလည်း အမည်းရောင်အချို့ ကပ်ထားသောကြောင့် အတန်အသင့် မြင်နိုင်လေသည်။

အခြားမှန်ပြောင်းတစ်လက်နှင့် ၎င်း၏မျက်မှန်ကိုတော့ သိမ်းထားလေသည်။

အမျိုးသမီးက ကိုယ်ပျောက်နေသောလူရိုင်းများကို မှန်ပြောင်းနှင့် ကြည့်၍မြင်ရသဖြင့် သဘောကျသွားဟန်ရှိလေသည်။

"အော်. . . ကိုယ်ပျောက်နေတဲ့ လူရိုင်းတွေကို မြင်နေရတာ ဒါကြောင့်ကိုး"

ဟု တစ်ယောက်တည်း ပြောကာ မှန်ပြောင်းကို ပြန်ပေးလေသည်။

"မင်းနာမည်က ဘယ်သူလဲ"



"ဇာလာလို့ ခေါ်ပါတယ်"

"မင်းက နာဂလူမျိုးတစ်ယောက်လား"

"ဟုတ်ပါတယ်"

"နာဂလူမျိုးက ဗမာစကားလည်း ပြောတတ်သလား"

"ကျွန်မတို့က ကုန်အရောင်းအဝယ် သွားရင်းနဲ့ နေရာအနှံ့ ရောက်ရတာဆိုတော့ သင်ထားရတာပေါ့၊ ချင်းစကား၊ ကချင်စကား၊ ရှမ်းစကားလည်း နည်းနည်းတော့ သိအောင် သင်ထားရတာပေါ့"

ဟု ယုတ္တိရှိအောင် ပြောအောင်ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်က ဘာမှမပြောတော့ဘဲ သူမကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်လေသည်။

ဇာလာဆိုသောမိန်းကလေးမှာ အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိပြီး ကိုယ်လုံးကိုယ်ထည် ပြေပြစ်ပြီး ရုပ်ရည်ကလည်း ချောသည်။

အသားအရေကတော့ နာဂလူမျိုးနှင့် မတူဘဲ မွန်ဂိုလူမျိုးတစ်ယောက်၏အသားအရေမျိုးဖြစ်သည်။

သူမ၏ဟန်အမူအယာမှာလည်း နာဂတစ်ယောက်နှင့် ပုံပန်းသဏ္ဌာန် မတူဘဲ မွန်ဂိုလူမျိုးတစ်ယောက် ပုံသဏ္ဌာန်မျိုးနှင့်သာ တူလေသည်။

"အစ်ကိုက ကျွန်မကို ဘာကြည့်တာလဲ"

ဇာလာက မလုံမလဲနှင့် မေးလိုက်သည်။

"အော်. . . တခြားမဟုတ်ပါဘူး၊ မင်းကြည့်ရတာ နာဂ


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နဲ့ မတူဘဲ မွန်ဂိုလူမျိုးတစ်ယောက်နဲ့များ တူနေသလားလို့ပါ"

ထိုစကားကြားသောအခါ ဘာမှပြန်မပြောဘဲ ပြုံးနေလေသည်။

"ဒါထက် အစ်ကိုတို့က ဒီလောက်အန္တရာယ်များတဲ့တောထဲကို တကူးတက ဘာလာလုပ်ကြတာလဲ"

ဟု မေးသည်။

"ငါတို့က လေ့လာရေးသမားတွေပါ၊ စစ်အတွင်းက တောထဲမှာ ပျက်ကျသွားတဲ့လေယာဉ်တစ်စင်းကို လာရှာရင်းနဲ့ ဒီဘက် ရောက်လာတာပါ"

"လေယာဉ်ပျက် တွေ့တော့ ဘာအကျိုးရှိမှာလဲ"

"အထဲမှာ ရွှေသေတ္တာတစ်လုံး ပါသွားလို့ပါ"

ဒေါက်တာမင်းထင်ကျော်က ဇာလာအခြေအနေမှန်ကို အကဲခတ်လိုသောကြောင့် အမှန်အတိုင်း ပြောလိုက်သည်။

"လေယာဉ်ရှိတာ ဒီဘက်မှာမှ မဟုတ်တာ"

"ဘယ်နေရာမှာ ရှိတာလဲ"

"ဟိုဘက်တောထဲမှာ ရှိတာ၊ ဒါပေမယ့် အတော်ဝေးဝေးမှာ ကျန်နေခဲ့ပြီ"

ဟု ပြောကာ လေယာဉ်ပျက် ရှိသောနေရာ လက်ညှိုးထိုးပြလေသည်။

သူမ လက်ညှိုးထိုးပြသောဘက်မှာ လေယာဉ်ပျက် ရှိသောနေရာဘက်ပင်ဖြစ်တော့သည်။





"မင်းက ဘယ်လိုသိတာလဲ"

"ကျွန်မတို့က ဒီတောလမ်းတွေကနေ အမြဲသွားနေတာဆိုတော့ တွေ့မိလို့ ပြောတာ"

"ဒါဖြင့် လေယာဉ်ပျက်ထဲက ရွှေသေတ္တာကိုရော မင်းတို့ပဲ တွေ့လို့ ယူသွားကြတာပဲလား"

"ရွှေသေတ္တာတော့ မယူပါဘူး"

ဟု အတင်းငြင်းလေသည်။ သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ဆက်မမေးတော့ဘဲ စကားလွှဲလိုက်သည်။

"ဂူထဲကို ဘယ်အချိန် ဝင်မလဲ"

"ကောင်းတာကတော့ ညအချိန်ရောက်မှ ဝင်ရင်ကောင်းမယ်"

"ဘယ်အပေါက်က ဝင်ရမှာလဲ"

"အခုမြင်နေရတဲ့ ပါးစပ်ပေါက်က ဝင်ရမှာပေါ့"

"အထဲရောက်မှ အဆိပ်ငွေ့တွေ လွှတ်လိုက်ရင် ဘယ့်နှယ့်လုပ်မလဲ၊ နောက်ပြီး လူရိုင်းတွေကလည်း အပေါက်ဝမှာ ရှိနေတာဆိုတော့ လွယ်ပါ့မလား"

ထိုအခါ ဇာလာက အတန်ကြာအောင် စဉ်းစားနေသည်။

"ကျွန်မသိရသလောက်တော့ နောက်ဘက်က ဝင်နိုင်တဲ့အပေါက်တစ်ပေါက် ရှိသေးတယ်လို့ ကြားဖူးတယ်၊ ဒါပေမယ့် အန္တရာယ်တော့ ရှိနိုင်တယ်"

"ဘယ်လိုအန္တရာယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com

“အဲဒီဘက်မှာ ထောင်ချောက်တွေ ရှိတယ်၊ ထောင်ချောက်တွေထဲ ရောက်သွားရင် ပြန်ထွက်လို့မရဘူးလို့ ပြောသံကြားတယ်”

“မင်းက ဒီဂူထဲကို တစ်ခေါက်ရောက်ခဲ့ဖူးတဲ့လူဆိုတော့ ဒီအကြောင်းတွေ သိမှာပေါ့၊ ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ”

“အကောင်းဆုံးကတော့ အစ်ကိုတို့အဖွဲ့သားတွေ ဒီနေရာကနေ ပြန်လှည့်သွားကြရင် အန္တရာယ်အကင်းဆုံး ဖြစ်မယ်ထင်တယ်”

“ဒီနေရာ ရောက်မှတော့ အထဲရောက်အောင်တော့ သွားကြည့်ကြဖို့ ဆုံးဖြတ်ထားတယ်၊ မင်းသာ လမ်းပြပေးပေတော့”

ဟု ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေး အမူအယာနှင့် ပြောလိုက်ရာ ဇာလာဆိုသောမိန်းကလေးမှာ မသိမသာ သက်ပြင်းချလိုက်လေသည်။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် အချိန်ကုန်သွားလေရာ ညနေပိုင်းအချိန်သို့ ရောက်လာလေသည်။

မှောင်ရီသန်းစအချိန် ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က မှန်ပြောင်းဖြင့် လှမ်းကြည့်သောအခါ ဂူပေါက်ဝတွင် သွားလာလှုပ်ရှားနေသော လူရိုင်းများအပြင် ကျောက်မျက်နှာတောင်ပေါ်မှာ လူတစ်ယောက် ရပ်နေသည်ကို လှမ်းမြင်ရသဖြင့် အံ့သြသွားလေသည်။





ဒေါက်တာမင်းထင်ကျော်က အသေအချာမြင်ရအောင် အားကောင်းသောမှန်ပြောင်းနှင့် ကြည့်သောအခါ ဆံပင်ရှည်များနှင့် ကိုယ်ပေါ်တွင် အဝတ်မည်းများ ခြုံထားသော အသက်အရွယ်ကြီးလှသည့် လူကြီးတစ်ယောက်ကို လှမ်းမြင်ရသည်။

၎င်းလက်ထဲမှာလည်း တောင်ဝှေးကဲ့သို့ ရှည်မျောမျောတုတ်တစ်ချောင်းကို ကိုင်ထားလေသည်။

သူသည် ဒေါက်တာမင်းထင်ကျော်တို့ ရှိရာဘက်သို့ လှမ်းမျှော်ကြည့်နေလေသည်။

ထိုအခိုက်မှာပင် မိမိတို့ စခန်းချနေသောနေရာတဝိုက်မှ အလင်းရောင်ကဲ့သို့ အရောင်တစ်မျိုး လက်သွားသည်ကိုတော့ သတိပြုမိလိုက်သည်။

သို့သော် မသိဟန်ပြုနေကြလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ လားနှစ်ကောင်ပေါ်သို့ ရိက္ခာပစ္စည်းအချို့ တင်ကာ နာဂနှစ်ယောက်ကိုပါ ခေါ်ပြီး ကျောက်မျက်နှာတောင်နှင့် အတန်အသင့် ဝေးသောနေရာသို့ သွားပို့ထားလေသည်။

ထိုကိစ္စကိုတော့ ကျော်စွာ၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်က လျှို့ဝှက်စွာ လုပ်ကိုင်ဆောင်ရွက်ကြလေသည်။

ညဉ့်နက်ပိုင်းရောက်သောအခါ လိုအပ်သောပစ္စည်းများကို တတ်နိုင်သမျှ ယူပြီး ကျောက်ဂူအတွင်းသို့ ဝင်ရန် ပြင်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ညဘက်ကြည့်သော မှန်


www.burmeseclassic.com

www.burmeseclassic.com

ပြောင်းနှင့် လှမ်းကြည့်သောအခါ ကျောက်မျက်နှာ ဂူပေါက်ဝ တဝိုက်မှာ လူရိုင်းများကို တွေ့ရသည်။

“မောင်ထင်ကျော်. . . ဒီမိန်းကလေးက သိပ်ရိုးပုံမရဘူး၊ ငါတို့တတွေကို မာယာသုံးပြီး ဖမ်းဖို့ စီစဉ်နေပုံ ရတယ်”

ဟု ဦးပန်ကောင်းက ခပ်တိုးတိုး ပြောသည်။

“ကျွန်တော်ရိပ်မိပါတယ်၊ သူတို့ကတော့ ကျွန်တော်တို့အကြောင်းကို ကြိုသိမှတော့ ရဲရဲတင်းတင်း ရင်ဆိုင်တာ အကောင်းဆုံးပဲ မဟုတ်လား၊

သူ့ပရိယာယ်ကို အသုံးချပြီး တန်ပြန်စစ်ဆင်ရေးလုပ်တဲ့ သဘောမျိုးပေါ့”

“ဒါကို သဘောပေါက်ပါတယ်၊ ဒါပေမယ့် အခန့်မသင့်ရင် ကျုပ်တို့တစ်ဖွဲ့လုံး သေသွားနိုင်တယ်နော်၊ သတိတော့ များများထား”

ဟု သတိပေးရာ ဒေါက်တာမင်းထင်ကျော်က ပခုံးနှစ်ဖက်ကို တွန့်လိုက်လေသည်။

ညဉ့်နက်ပိုင်း အမှောင်ရိပ်များ သမ်းလာသောအခါ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းလျက်ရှိသည်။

ထိုအခြေအနေမျိုးတွင် ညဘက်ကြည့်နိုင်သော မှန်ပြောင်းတစ်လက် ပါလာခြင်းက များစွာအကျိုးရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုမှန်ပြောင်းကို အသုံးချ၍ ပတ်ဝန်းကျင်ကို ကြည့်သောအခါ ထူးထူးခြားခြား မတွေ့ရပေ။





ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ ဇာလာက ရှေ့မှ ဦးဆောင်၍ စတင်ခရီးဆက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ လမ်းပြမှုဆိုး ခွန်ဆန်နှင့် ဘရန်ဆိုင်းတို့ပါဆိုလျှင် အားလုံး(၈)ယောက်ဖြစ်သည်။

ကိုယ်စီကိုယ်ငှ သေနတ်၊ ဓါး၊ လှံ လက်နက်များအပြင် ခွန်ဆန်ဆီမှာ လေးနှင့်မြားလည်း ပါလာသေးသည်။

ထို့ပြင် ဘရန်ဆိုင်းသိမ်းထားသော လက်နက်များထဲမှ လက်ပစ်ဗုံးနှင့် မိုင်းများပါ ယူဆောင်လာသောကြောင့် အတန်အသင့် အားရှိစရာဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုလက်နက်များကို အကြောင်းရှိမှ အသုံးပြုရန် မှာကြားထားလေသည်။

သူတို့သည် ဇာလာဟု သူ့ဖာသာအမည်ပေးထားသော မိန်းကလေး ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ကြရာ နောက်ဆုံး လရောင်မထွက်ခင်အချိန်၌ ကျောက်မျက်နှာတောင်ကြီး၏ အနောက်ဘက်ခြမ်းဘက်သို့ ရောက်သွားကြလေသည်။

ညဉ့်နက်ပိုင်းရောက်သောအခါ ကောင်းကင်မှ လရောင်ပေါ်ထွက်လာသည်နှင့်တပြိုင်နက် ကျောက်မျက်နှာ တောင်ပတ်ဝန်းကျင်မှာလည်း အစိမ်းရောင်များ ပေါ်လာလေတော့သည်။

ထိုအစိမ်းရောင်များမှာ ကျောက်မျက်နှာ မျက်လုံးတစ်လုံးနေရာမှ ထွက်ပေါ်နေသည်ကိုသာ သိရပြီး လျှို့ဝှက်ချက်ကိုတော့ မသိရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာ ရောက်သောအခါ ဇာလာက ရပ်လိုက်ပြီး အတန်အသင့် ကြီးမားသော ကျောက်တုံးကြီးတစ်တုံးကို လက်ညှိုးထိုးပြလေသည်။

"ကျွန်မတို့ တစ်ခါရောက်တုန်းကတော့ ဒီကျောက်တုံးကြီးကို ဖယ်ပြီး အထဲဝင်ရင် ရတယ်"

ဟု ပြောသဖြင့် လူအားဖြင့် အတန်ကြာအောင် တွန်းရွှေ့လိုက်သောအခါ လူတစ်ယောက် ဝင်သာလောက်သော အပေါက်ပေါ်လာတော့သည်။

အတွင်းပိုင်းမှာ မှောင်နေသောကြောင့် ဒေါက်တာမင်းထင်ကျော်က လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်သောအခါ ဥမင်လမ်းကြောင်းနှင့် တူသောအခန်းတစ်ခန်းကို လှမ်းမြင်ရသည်။

အထဲမှာတော့ ဘာမှမတွေ့ရပေ။

"မင်းက ရောက်ဖူးတဲ့လူဆိုတော့ မင်းပဲ ရှေ့ကနေ ဝင်ပေတော့"

ဒေါက်တာမင်းထင်ကျော်က ဂူအတွင်းမှာ အဆိပ်ငွေ့များ ရှိမရှိ မသေချာသောကြောင့် ဇာလာကို ရှေ့မှ ဝင်ခိုင်းလေသည်။

၎င်းတို့ကတော့ သေနတ်များကို အဆင်သင့် ပြင်ထားကြသည်။ ညအချိန်ရောက်နေပြီမို့ မီးစုန်းဓါတ် သုတ်ထားသောလူရိုင်းများ ရှိလျှင်လည်း အလွယ်တကူ မြင်နိုင်သောကြောင့် အဝေးကြည့်မှန်ပြောင်းနှင့် မျက်မှန်အနက်ကို မတပ်တော့ဘဲ လျှို့ဝှက်စွာ ထားလေသည်။





အားလုံး ဂူအတွင်း ရောက်သွားပြီးသောအခါမှ ရှေ့သို့ ဆက်သွားရာ ဥမင်လမ်းကြောင်း ဆုံးသောအခါ ဆက်သွား၍မရတော့ဘဲ လမ်းပျောက်သွားတော့သည်။

ထိုနေရာတွင် ရှေ့ကို ဆက်သွားစရာလမ်း မရှိဘဲ တွင်းပေါက်ဝတစ်ခုကို ပိတ်ထားသော ကျောက်တုံးကြီးတစ်တုံးကို ထပ်မံတွေ့ရတော့သည်။

ဒေါက်တာမင်းထင်ကျော်က ဂူအနေအထားနှင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သောအခါ ဂူနံယံနှင့် အမိုးနေရာများမှာ သာမန်အနေအထားမျိုး မဟုတ်ဘဲ ငါးအကြေးခွံများကဲ့သို့ ကျောက်ထပ်၊ ကျောက်ညှပ်များ ရှိနေလေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှ မသင်္ကာတော့သောကြောင့် ထိုကျောက်ချပ်ကျောက်ထပ်များ ရှိရာသို့ လက်နှိပ်မီးဖြင့် ထိုးကြည့်သော်လည်း အမှောင်ရိပ်များ ခံနေသဖြင့် မမြင်ရပေ။

သို့သော် စိတ်ထဲမှာတော့ ထိုကျောက်ချပ်များကြားထဲတွင် လူရိုင်းများ ပုန်းနေမည်ဆိုက နေနိုင်ပေမည်ဟု တွေးမိသည်။

"ဘယ်လိုလုပ်ကြမလဲ"

"ဒီကျောက်တုံးကို ဖယ်လိုက်ရင် အောက်ဖက်ကို ဆင်းလို့ရတယ်၊ အောက်ဖက်မှာ သူတို့နေတဲ့ အခန်းကျယ်ကြီး ရှိတယ်"

ဟု ဇာလာက ပြောသဖြင့် လူအင်အားဖြင့် တွန်းရွှေ့


www.burmeseclassic.com

www.burmeseclassic.com

သောအခါ နံဘေးသို့ ရွှေ့သွားသည်။

မီးရောင်နှင့် ထိုးကြည့်တော့ အောက်ဖက်သို့ ဆင်းနိုင်သည့် လှေခါးထစ်များ ရှိနေသည်။

သို့သော် တွင်းပေါက်ဝကတော့ လူတစ်ကိုယ်ဝင်သာရုံသာ ရှိလေသည်။

လှေခါးထစ်များမှာလည်း ကိုင်စရာ မရှိဘဲ ဒီအတိုင်း ခပ်စောင်းစောင်းအနေအထား ရှိသဖြင့် အတော်ကို သတိထား ဆင်းရသည့်အနေအထားမျိုးရှိသည်။

"ကျွန်မ အရင် ရှေ့က ဆင်းမယ်၊ အစ်ကိုတို့က နောက်မှ ဆင်းလာခဲ့ကြပေါ့"

ဟု ပြောကာ ဇာလာက ရဲရဲတင်းတင်းနှင့်ပင် ရှေ့က ဆင်းသွားလေသည်။

ထိုအခါမှ ဦးဇန်ကောင်းက ပြောသည်။

"စိတ်ချရပ့်မလား မောင်ထင်ကျော်၊ ကျုပ်တို့ကို တဖြည်းဖြည်း မျှားခေါ်လာပြီး ကျုံးသွင်းသလို ပိတ်သွင်းဖို့ ကြံနေပုံရတယ်"

"ဟုတ်တယ် ကိုမင်းထင်ကျော်၊ ကျုပ်အကဲခတ်ကြည့်ရတာ ဒီမိန်းကလေးအခြေအနေက တယ်မဟန်လှဘူး၊ သူ တစ်ခုခု ကြံစည်နေတယ်ဆိုတာ သိသာနေတယ်"

အောင်မင်းအောင်က စိတ်မချသောအမူအယာနှင့် ပြောသည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ တချို့ဆင်းလာပြီး တချို့က





အပေါ်မှာ နေခဲ့ရင် ပိုမကောင်းဘူးလား"

ကျော်စွာက အကြံပေးသည်။

"ကျွန်တော့်သဘော ပြောရရင်တော့ ဒီအချိန်မှာ လူစုခွဲလို့ မသင့်ဘူးထင်တယ်၊ စစ်ဆင်ရေးမှာ ရန်သူရဲ့ပိရိယာယ်ကို မသိဟန်ဆောင်ပြီး အနာခံပေးရတာမျိုးလည်း ရှိတယ်၊ ရန်သူထွက်လာတော့မှ ပြန်ပြီးအနိုင်တိုက်ရတဲ့ ဗျူဟာမျိုးလည်း ရှိပါတယ်"

စစ်မှုထမ်းခဲ့ဖူးသော မေဂျာဘရန်ဆိုင်း၏စကားကို အားလုံးက သဘောကျသဖြင့် ထိုအတိုင်းပင် လုပ်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

သူတို့တိုင်ပင်နေကြစဉ်မှာ ဇာလာက အောက်ခြေသို့ ရောက်သွားပြီးနောက် ဆင်းခဲ့ကြရန် လက်ယပ်လှမ်းခေါ်နေသည်။ သို့ကြောင့် တစ်ယောက်ပြီးတစ်ယောက် ဆင်းသွားကြရာ နောက်ဆုံး ရှစ်ယောက်စလုံးအတွင်းသို့ ရောက်သွားကြသည်။

ထိုအခိုက်မှာပင် အပေါ်မှ 'ဝုန်း'ခနဲ အသံကြားရဖြင့် မီးရောင်ဖြင့် လှမ်းထိုးလိုက်သောအခါ ၎င်းတို့ ဆင်းလာသော အပေါက်မှာ ကျောက်တုံးကြီးက ပြန်လည်ပိတ်ဆို့သွားလေတော့သည်။

အစကတည်းက ထိုသို့ဖြစ်လာမည့်အခြေအနေကို ကြိုတင်စဉ်းစားထားပြီးသားမို့ အားလုံးအောက်ခြေရောက်အောင် ဆင်းလိုက်ကြလေသည်။

အားလုံး အောက်သို့ ရောက်သောအခါ သူတို့ကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com

ပြခေါ်လာသော ဇာလာတစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေလေသည်။

သို့သော် နံရံအားလုံးမှာ ကျောက်နံရံများချည်းဖြစ်ပြီး လူတစ်ယောက် ထွက်သာရုံ မဆိုထားနှင့်၊ ကြွက်တစ်ကောင်သွားသာရုံအပေါက်ပင် မရှိချေ။

"သူ ဘယ်လိုပျောက်သွားတာလဲ"

"ဘယ်အပေါက်က ထွက်သွားတာလဲ"

"မျက်စိအောက်တင် ပျောက်သွားသလိုပဲ၊ စောစောကလက်နှိပ်မီးရောင်နဲ့ ထိုးကြည့်တုန်းကတောင် လှမ်းမြင်ရသေးတယ်"

"ဒါပေမယ့် ကျွန်တော်တို့ ဆင်းလာတဲ့အချိန်မှာ အောက်ကို ခြေချော်မကျဖို့ ဂရုစိုက်နေရတဲ့အချိန်မှာ သူ အေးအေးဆေးဆေး ထွက်သွားဖို့ အချိန်ရတာပဲ"

"ဘယ်နေရာက ထွက်သွားတာပါလိမ့်"

ဟု စိတ်ဝင်စားကြသဖြင့် နေရာအနှံ့ လိုက်လံရှာဖွေကြသော်လည်း ကျောက်သားနံရံမှလွဲ၍ အခြားဘာမှမတွေ့ကြရပေ။

ဇာလာဟု အမည်ပေးထားသောမိန်းကလေးက ထူးဆန်းစွာ ပျော(က်)သွားခဲ့ချေပြီ။





## အခန်း(၁၁)

## အမှောင်အတွင်းမှ ကယ်တင်ရှင်

ပထမကတည်းက မာယာထောင်ချောက်တစ်ခုအတွင်းသို့ ကျရောက်နိုင်သည်ဟု မျှော်လင့်ထားပြီးသားဖြစ်သည်။

သို့သော် တကယ်တမ်း ကြုံတွေ့ရသောအခါ ထိုထောင်ချောက်မှ ထွက်နိုင်ရန် ကြံစည်စိတ်ကူးကြရလေသည်။

သို့သော်လည်း လေးဖက်လေးတန် ကျောက်သားနံရံသာ ရှိသောတွင်းထဲမှာ ထွက်နိုင်သောနည်းလမ်းကတော့ မတွေ့ရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဇာလာတောင် ဒီအခန်းထဲက ထွက်သွားသေးတာ ထွက်နိုင်တဲ့အပေါက်တစ်ခုတော့ မုချရှိမှာ သေချာတယ်"

"ဒါပေမယ့် အခုကြည့်တာတော့ ကွက်ပေါက်တော မတွေ့ရဘူး ဖြစ်နေတယ်"

"ဒီအခန်းထဲမှာ ကြာရှည်နေလို့မရနိုင်ဘူး၊ အသက်ရှူ စရာ လေမရှိတာနဲ့ ဒုက္ခရောက်နိုင်တယ်"

"ဒါ့အပြင် လူရိုင်းတွေက အဆိပ်ငွေ့တွေ လွှတ်လိုက်မှာ လည်း စိုးရသေးတယ်"

ထိုသို့ပြောရင်းမှာပင် ကျောက်နံရံ၊ ကျောက်ကြမ်းပြ များကို လိုက်လံကြည့်ရှုကြသည်။

ဒေါက်တာမင်းထင်ကျော်က ဘူမိဗေဒသမားမို ကျောက်သားမြေနှင့် ပတ်သက်သော လေ့လာမှုများကို ပြုလု နေလေသည်။

သူသည် ကျောက်သားနံရံများကို လက်ဖြင့် စမ်းကြည့် သည်။ မသက်သာသောနေရာများကို နားကပ်ထောင်ကြည့်သည်

တစ်နေရာ ရောက်သောအခါ ကျောက်သားနံရံမှာ စိုစွတ်နေသည်ကို သတိပြုမိပြီး တိုးညှင်းသောအသံကို ကြား သဖြင့် နားဖြင့် ကပ်ကြည့်သောအခါ ရေစီးသံလိုအသံမျိုး ကြား လေသည်။

"ဒီနေရာမှာ ရေရှိတယ်၊ ဒါပေမယ့် တစ်ခုထူးခြားတာ က ရေရှိတဲ့နေရာက အေးမနေဘဲ မီးနဲ့ ကပ်ထားသလို ပူနေ တယ်"





ဟု ပြောသဖြင့် ကျန်လူများက လက်ဖြင့် ကပ်ကြည့် သောအခါ ပူနွေးနေသော ကျောက်သားနံရံကို စမ်းမိကြသည်။

"ချော်ရည်ပူတွေများ ဖြစ်မလား"

ထိုအခါ ဦးဗန်ကောင်းက တွေးတွေးဆဆနှင့် ပြောလေ သည်။

"မဟုတ်ကာမှလွဲရော. . . တစ်ဖက်မှာ စီးနေတဲ့ရေဟာ သာမန်တော့ ဟုတ်ဟန်မတူဘူး၊ ရေပူစီးကြောင်းများ ဖြစ်မလား မသိဘူး"

"ရေပူစီးကြောင်းဆိုရင် ဘယ်လိုထူးမလဲ"

"ရေပူစီးကြောင်း ရှိတဲ့နေရာဆိုရင် ကျောက်ပုတ်ရှိနိုင် တယ်၊ အဆိုးထဲကအကောင်းဆိုသလို အကျဉ်းကျနေရင်းနဲ့ ကျောက်ပုတ်တွေ့လို့ကတော့ ဟန်ကျပြီ"

"ဒါပေမယ့် အခုလောလောဆယ်မှာတော့ ဒီတွင်းထဲက အပြင်ပြန်ထွက်နိုင်အောင် ကြိုးစားကြရမယ်"

"အခက်အခဲတစ်ခုရှိရင် ထွက်ပေါက်တစ်ခုလည်း ရှိနိုင် ပါတယ်၊ အေးအေးဆေးဆေး စဉ်းစားကြသေးတာပေါ့"

ဟု ပြောဆိုကာ တစ်နေရာတွင် ထိုင်ကာ အနားယူနေ ကြလေသည်။

ထိုအချိန်တွင် သူတို့ကို ခေါ်လာသော ဇာလာဆိုသော မိန်းကလေးမှာ ကျောက်မျက်နှာဂူ၏အတွင်းတစ်နေရာသို့ ရောက်သွားလေသည်။

သူမ အတွင်းမှ အပြင်သို့ ရောက်သွားသော လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com

ချက်မှာ ဤသို့ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်နေသော လိုဏ်ခေါင်း၏အခြားနံရံဘက်တွင် တသွင်သွင် စီးဆင်းနေသော ရေပူစမ်းတစ်ခုရှိသည်။

ရေပူစမ်းအတွင်းမှ ရေများမှာ ကျိုထားသောရေသကဲ့သို့ ပွက်ပွက်ဆူလျက်ရှိလေသည်။

ထိုရေပူစမ်းအထက်နားတွင် ကျောက်ပုတ်များရှိသည်။

အချို့ကျောက်တုံးများမှာ အလေးချိန်ကြီးသည်။

ထိုရေပူစမ်း၏အောက်ဖက်တစ်နေရာတွင် ရေတံခါးကဲ့သို့ ပြုလုပ်ထားသောတံခါးပေါက်ဖြစ်သည်။

ထိုရေတံခါးပေါက်ကို တစ်ယောက်က ပိတ်လိုက်သည်နှင့် ရေများလာပြီး ထိုရေပူက ကမ်းစပ်အပေါ်မှာ ရှိသော ကျောက်ပုတ်များကို သွားထိလေသည်။

ရေပူနှင့် ထိသောအခါ ပြုတ်သကဲ့သို့ဖြစ်ကာ ချက်ချင်း ပွတက်လာသည်။ ကျောက်ပုတ်တုံးကြီး ပွတက်လာသောအခါ ကျောက်နံရံကို သွားပိလေသည်။

ထိုသို့ဖိလိုက်သောအခါ ဆုံလည်တံခါးကဲ့သို့ ဖြစ်နေသော ကျောက်နံရံက လူတစ်ယောက် ဝင်သာထွက်သာရုံသာ ဟသွားလေသည်။

ဇာလာမှာ ထိုအပေါက်မှ အပြင်သို့ ထွက်သွားခြင်း ဖြစ်လေသည်။ သူမ အပြင်ရောက်သည်နှင့် ရေတံခါးကို ဖွင့်လိုက်ရာ ရေများက မူလအတိုင်း စီးသွားလေသည်။





ထိုအခါ ကျောက်ပုတ်တုံးမှာ ရေပူနှင့် လွတ်သွားသော အခါ မူလအတိုင်း ပြန်ကျုံ့သွားလေရာ ကျောက်နံရံနှင့် ပြန်လွတ်သွားသည်နှင့် ကျောက်နံရံတံခါးမှာ ပြန်ပိတ်သွားပြီး မူလအနေအထားအတိုင်း တသားတည်း ပြန်ဖြစ်သွားလေတော့သည်။

ဇာလာမှာ ကျောက်မျက်နှာဂူ၏အခန်းတွင်းသို့ ပြန်ရောက်သည်နှင့် ကျောက်မျက်နှာတောင်၏အပေါ်မှာ ရှိသော အခန်းရှိရာသို့ သွားလေသည်။

ကျောက်လှေခါးများမှ အပေါ်သို့ ကျွန်ရစွာ တက်သွားခြင်းဖြစ်ရာ လမ်း၌ တွေ့သောလူရိုင်းများက သူမကို တွေ့သောအခါ ကြောက်ရွံ့စွာဖြင့် အရိုအသေ ပေးကြလေသည်။

ကျောက်လှေခါးထစ်များအတိုင်း တက်သွားသော ဇာလာသည် အပေါ်ပိုင်းရှိ အခန်းကျယ်တစ်ခုသို့ ရောက်သွားလေသည်။

ထိုအခန်းကျယ်အတွင်း၌ အစိမ်းရောင်များ လွှမ်းနေလေသည်။ ထိုအစိမ်းရောင်များမှာ အစိမ်းရောင် ထွက်နေသော ကျောက်မျက်လုံးမှတစ်ဆင့် အခန်းတွင်းသို့ ထိုးဖောက်ဝင်ရောက်လာခြင်းဖြစ်သည်။

ထိုအလင်းရောင်များက အခန်းအလယ်မှာ ရှိသော သလင်းကျောက်လုံးကြီး ရှိရာသို့ သွားရောက်ထင်ဟပ်နေသည်။

ထိုသလင်းကျောက်ကြီးကို ကြည့်လျှင် ကျောက်မျက်နှာတောင်တစ်ဝိုက်မှ မြင်ကွင်းအားလုံးကို မြင်နေရလေသည်။


www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကျောက်မျက်လုံးကြီးနှစ်လုံးမှာ အစွမ်းသိဒ္ဓိရှိသော ပတ္တမြားတစ်လုံးနှင့် မြတစ်လုံးကို တပ်ဆင်ထားခြင်းဖြစ်ပြီး နေရောင်ခြည်နှင့် ထိလျှင် ပတ္တမြားက အနီရောင်အလင်းတန်းများ ထွက်လာပြီး ပြင်ပက အခြေအနေများကို ဓာတ်ပုံရိုက်ထားသကဲ့သို့ရှိသည်။

ညအချိန်ရောက်သောအခါ လရောင်ရှိသောအချိန်များတွင် လရောင်နှင့် ထိပါက သိဒ္ဓိရှိသောမြမှ အစိမ်းရောင်အလင်းများ ထွက်လာပြီး ထိုအလင်းများမှတစ်ဆင့် သလင်းကျောက်တုံးကြီးအတွင်းမှာပင် ပတ်ဝန်းကျင်အခြေအနေများကို မြင်နိုင်လေသည်။

တကယ်တော့ ကျောက်မျက်နှာဂူမှာ သာမညဂူတစ်လုံးတော့ မဟုတ်ပေ။

ရှေးအခါက အင်္ဂလိပ်နယ်ချဲ့များလက်အောက်၌ မနေလိုသော စော်ဘွားကြီးတစ်ဦးနှင့် နောက်လိုက်မိသားစုများ၊ အခြွေအရံများနှင့်၊ တပ်သားများ နေထိုင်ခဲ့သော လျှို့ဝှက်ဂူကြီးတစ်လုံးပင်ဖြစ်သည်။

၎င်းတို့သည် ဂူကြီး၏ပုံပန်းသဏ္ဌာန်ကို ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဌာန် ဖန်တီးပြီး မျက်လုံးတစ်ဖက်စီတွင် ပတ္တမြားတစ်လုံးနှင့် မြကြီးတစ်လုံး တပ်ဆင်ထားလေသည်။

ထိုအလင်းရောင်များကို ဂူအတွင်း၌ ရှိသော သလင်းကျောက်တုံးအပေါ်သို့ ကျဆင်းစေပြီး အဝေးမှ ရန်သူများ၏ အခြေအနေကို သိနိုင်အောင် စီမံထားခဲ့လေသည်။





ထိုနေရာတစ်ဝိုက်နှင့် ဂူအတွင်းမှာလည်း ရေပူချောင်းနှင့် ကျောက်ပုတ်များ ရှိသောကြောင့် ၎င်းတို့အတွက် အာဟာရကိစ္စပြီးမြောက်နိုင်ခဲ့လေသည်။

ဤသို့ဖြင့် နှစ်ပေါင်းအတန်ကြာသောအခါ စော်ဘွားကြီးနှင့် လူအတော်များများ သေဆုံးသွားကြပြီး လူအနည်းငယ်သာ ကျန်ခဲ့တော့သည်။

နောက်ပိုင်းမှာတော့ မွန်ဂိုနယ်ဘက်မှ နတ်ဆရာတစ်ဦးခေါင်းဆောင်သောအဖွဲ့တစ်ဖွဲ့မှာ ထိုနေရာသို့ ရောက်လာကြပြီး လူရိုင်းများက ဂူအတွင်းမှာ ရှိသောလူများကို သုတ်သင်သတ်ဖြတ်ပြီး လူမျက်နှာနှင့် တူသော ဂူကြီးကို အပိုင်စီးလိုက်ကြလေသည်။

နတ်ဆရာနှင့် ပါလာသော လူရိုင်းများမှာ နာဂမျိုးနွယ်မှ ဆင်းသက်လာသော လူရိုင်းတစ်မျိုးဖြစ်ပြီး လူနှင့်တိရစ္ဆာန်များကို ယဇ်ပူဇော်၍စားလေ့ရှိကြသည်။

နတ်ဆရာကြီးအမည်မှာ ဇာဂရဖြစ်ပြီး ၎င်းနှင့်အတူ မွန်ဂိုအမျိုးအနွယ်မှ မိန်းကလေးတစ်ယောက်ကိုပါ ခေါ်ဆောင်လာခဲ့လေသည်။

ထိုသို့ခေါ်ဆောင်လာသော ရည်ရွယ်ချက်မှာ လူရိုင်းများအပေါ်မှာ သခင်မသဖွယ် အုပ်ချုပ်စေရန်ဖြစ်သည်။

နတ်ဆရာနှင့် လူရိုင်းများမှာ ကျောက်မျက်နှာဂူအတွင်းမှာ နေထိုင်ကြရင်း တောကောင်များနှင့် ခရီးသွားလာသောလူများကို ဖမ်းဆီးသတ်ဖြတ်ကာ စားသောက်ကြသည်။ နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com


မှာတော့ နာဂရွာများသို့ သွားရောက်တိုက်ခိုက်ပြီးနောက် လူများကို ဖမ်းဆီးခေါ်ဆောင်လာကာ ယဇ်ပူဇော်ကြသည်။

ကာလကြာသောအခါ ဂူအတွင်းမှာ ရှိသော ရေပူနှင့် ပြုတ်လျှင် ပျော့ပြောင်းနူးညံ့သော ကျောက်ပုတ်အကြောင်းကို သိရှိရုံမက ထိုကျောက်ပုတ်ကို ပြုတ်စားပါက အာဟာရပြည့်ကြောင်းလည်း သိသွားကြသည်။

သို့သော်လည်း ၎င်းတို့သည် အသွေးအသားကိုသာ နှစ်ခြိုက်သူများဖြစ်ရာ လူနှင့်တိရစ္ဆာန်များကို လိုက်လံဖမ်းဆီး၍ ယဇ်ပူဇော်ကာ စားသောက်ကြသည်။ ထို့ပြင်. . .

ကျောက်ဂူအတွင်း၌ အဆိပ်ဟူသမျှ ပြေပျောက်စေသော အဆိပ်ဖြေဆေးပင်များလည်းရှိသည်။

အပြင်မှ ဒဏ်ရာများ ရလာပါက အဘယ်မျှပင် ပြင်းထန်စေကာမူ ထိုအဆိပ်ဖြေဆေးနှင့် အုံ၍စည်းထားပါက ရက်ပိုင်းအတွင်း သက်သာပျောက်ကင်းလေရာ ၎င်းတို့အတွက် များစွာအထောက်အကူရလေသည်။

လူရိုင်းများသည် တောတောင်အနှံ့ လှည့်လည်သွားလာရင်းနှင့် တစ်နေ့သောအခါ တောထဲ၌ ပျက်ကျနေသော လေယာဉ်တစ်စင်းကို တွေ့သွားကြသည်။

သူတို့ တောတွင်း ရောက်နေခိုက် လေယာဉ်တစ်စင်း ပျက်ကျရာမှ ပေါ်ထွက်လာသော ပေါက်ကွဲသွားသောအသံနှင့် မီးတောက်များကို လှမ်းမြင်ရသဖြင့် ထိုနေရာရောက်အောင် သွားကြည့်ကြသည်။



လေယာဉ်ပျက်ကျမှုမှာ ပြင်းထန်သောကြောင့် လူများသေဆုံးနေကြပြီး အားလုံးမီးလောင်နေချေပြီ။

ထိုနေရာနှင့် မနီးမဝေးနေရာမှာတော့ သေတ္တာတစ်လုံး အဖုံးပွင့်လျက် တွေ့ရသဖြင့် သွားကြည့်ရာ ရွှေဒင်္ဂါးများကို တွေ့ရသည်။

သူတို့အတွက် ထိုရွှေဒင်္ဂါးများမှာ အသုံးမဝင်သော်လည်း ကျောက်ဂူရှိရာသို့ သယ်ယူလာခဲ့ကာ ကျောက်ဂူတစ်နေရာ၌ ထားလေသည်။

ဇာလာအခန်းထဲ ရောက်သွားသောအခါ သလင်းကျောက်တုံးနောက်မှ နတ်ဆရာကြီး ဇာဂရ ထွက်လာလေသည်။

ထိုအခန်းတစ်နေရာမှာတော့ ဇာလာ၏ဝေယျာဝစ္စဆောင်ရွက်ပေးရန် မိန်းကလေးတစ်ယောက် ရပ်နေသည်။ သူမသည် နာဂရွာလူကြီး၏သမီးပင်ဖြစ်၏။

ဇာလာ ဝင်လာသည်ကို မြင်သောအခါ နတ်ဆရာက မေးလိုက်သည်။

"ငါ့ရဲ့အကြံအစည် အောင်မြင်ခဲ့ပြီလား"

"အောင်မြင်ခဲ့ပါပြီ နတ်ဆရာ"

"လူဘယ်နှစ်ယောက် ဖမ်းမိသလဲ"

"ရှစ်ယောက် ဖမ်းမိထားပါတယ်"

နတ်ဆရာက ကျေနပ်စွာ ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

"သူတို့က ငါတို့လူတော်တော်များများကို သတ်ဖြတ်ခဲ့တဲ့ သူတွေ မဟုတ်လား၊ ကိုယ်ပျောက်နေတဲ့လူတွေကိုတောင် မြင်နိုင်တယ်ဆိုတော့ သူတို့မှာ ဘယ်လိုအစွမ်းမျိုးတွေ ရှိနေတာလဲ"

"သူတို့မှာ နတ်မျက်စိ ကိရိယာတွေ ပါလာပါတယ်"

"နောက် ဘာတွေပါသလဲ"

"မိုးကြိုးလက်နက်လို ပြင်းထန်တဲ့လက်နက်တွေလည်း ပါလာပါတယ်"

"ဒါဖြင့် သူတို့ကို အခုချက်ချင်း တွင်းထဲကို အဆိပ်ငွေ့တွေ လွှတ်ပြီး သတ်ဖြတ်လိုက်ရင် ကောင်းမယ်"

"ဒီလိုလုပ်လို့ မသင့်ပါဘူး၊ အဆိပ်သင့်ပြီး သေသွားရင် ယဇ်ပူဇော်လို့ ဘယ်ရနိုင်ပါ့မလဲ၊ တစ်ယောက်ချင်း ခေါ်ထုတ်ပြီး ယဇ်ပူဇော်တာက ပိုပြီးကောင်းပါတယ်၊ လူရိုင်းတွေကလည်း သူတို့ရန်သူကို သူတို့ရှေ့မှာ ယဇ်ပူဇော်တာကို သဘောကျမှာ သေချာတယ်"

ဟု ဇာလာက အကြံပေးရာ နတ်ဆရာက သဘောတူသဖြင့် ထိုအစီအစဉ်အတိုင်း သတ်ဖြတ်ရန် ဆုံးဖြတ်လိုက်သည်။ ၎င်းတို့နှစ်ယောက် ပြောဆိုနေသည်ကို မလှမ်းမကမ်းနေရာမှာ ရပ်နေသော မိန်းကလေးက မသိမသာ နားထောင်နေလေသည်။

၎င်းတို့နှစ်ယောက်သည် ဖမ်းမိထားသောလူများကို လပြည့်ညတွင် ယဇ်ပူဇော်ရန် တိုင်ပင်နေကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာလည်း တွင်းထဲမှာ ပိတ်





မိနေကြစဉ်မှာပင် ထွက်ပေါက်ရစေရန် အမျိုးမျိုး ကြံစည်စိတ်ကူးနေကြသည်။

ဤသို့ဖြင့် အချိန်များ တဖြည်းဖြည်း ကုန်လာရာ နောက်တစ်နေ့သို့ ကူးလာခဲ့လေသည်။

သို့သော်လည်း တွင်းထဲမှာ အလင်းရောင် လုံးဝမရှိသောကြောင့် ဘာမှ မမြင်ရပေ။

ဒေါက်တာမင်းထင်ကျော်က ၎င်းနာရီမှ အချိန်ကို ကြည့်ပြီး နေ့လည်ဘက်အချိန်သို့ ရောက်နေပြီဖြစ်ကြောင်း သိနိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်မှာ အဖွဲ့ခေါင်းဆောင် ဖြစ်သောကြောင့် လွတ်မြောက်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးစားလျက်ရှိလေသည်။

သူသည် တစ်ညလုံး မအိပ်ဘဲ ကျောက်နံရံများကို အသေအချာ လိုက်ကြည့်နေလေသည်။

တစ်ခု ဆိုးသည်က လက်နှိပ်ဓာတ်မီးမှာ တစ်ချိန်လုံး အသုံးပြုနေသောကြောင့် ဓာတ်ခဲက အားနည်းလာပြီး အလင်းရောင် သိပ်မရတော့ပေ။

၎င်းတို့ ရောက်နေသောအခန်းမှာ အတော်ကျယ်ဝန်းသောကြောင့် နေရာအနှံ့ လိုက်လံရှာဖွေရသည်မှာ သိပ်တော့ မလွယ်လှပေ။

ထို့ထက် အလင်းရောင် သိပ်မရှိဘဲ မည်းမှောင်နေသောကြောင့် စမ်းတဝါးဝါး လုပ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း အားမလျှော့ဘဲ အခန်းနံရံများကို လက်ဖြင့် လိုက်လံစမ်းကြည့်နေလေသည်။

"အခု ဒီအခန်းထဲကို ရောက်နေတာ တစ်ညနဲ့တစ်နေ့ အချိန်ရှိနေတာတောင် ကျွန်တော်တို့အတွက် အသက်ရှူဖို့ လေရနေတယ်ဆိုရင် ဒီအခန်းထဲကို လေဝင်ပေါက်တစ်ခုတော့ ရှိမှာ သေချာတယ်"

"အပေါ်ကျောက်တုံးက စိမ့်ဝင်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"လေရဲ့သဘာဝက တွင်းနက်လေလေ အထဲက လေသာ အပေါ်ကို တက်တာ၊ အပေါ်ပိုင်းမှာ ရှိတဲ့လေက အောက်ကို မရောက်နိုင်ဘူး၊ ဒါကြောင့် ရေတွင်းပျက်တွေဆိုရင် တွင်းရဲ့ အောက်ခြေပိုင်းမှာ လေမရှိတာ များတယ်"

"ဒါဖြင့် ဒီတွင်းထဲကို ဘယ်က လေဝင်နေတာလဲ"

"အဲဒါ တွေ့အောင်ရှာနိုင်ရင် ကျွန်တော်တို့အတွက် ထွက်ပေါက်တစ်ခု တွေ့နိုင်တယ်"

ဟု ပြောကာ ကျောက်ဂူနံယံနှင့် ကြမ်းပြင်နေရာအနှံ့ကို ကြိုးစားပန်းစား လိုက်လံရှာဖွေကြရာ နောက်ဆုံးမှာတော့ ဒေါက်တာမင်းထင်ကျော်မှာ ထူးခြားမှုတစ်ခုကို တွေ့သွားလေတော့သည်။ အခြားမဟုတ်ပေ. . . ။

ကျောက်သားနံရံတစ်နေရာမှ စိမ့်ထွက်နေသော လေဝင်ပေါက်တစ်ခုကို လက်ဖြင့် စမ်းမိခြင်းဖြစ်သည်။

လက်ဖြင့် စမ်းမိစဉ်က အပြင်မှ လေဝင်နေသည်ကိုသာ စမ်းမိသဖြင့် သေချာအောင် ပါးဖြင့် ကပ်၍ စမ်းကြည့်သောအခါ အမှန်ပင် အပြင်မှ လေဝင်နေသည်ကို သိရသဖြင့် ဝမ်းသာသွားသည်။

"ဒီမှာ တွေ့ပြီဟေ့"

လှမ်းအော်လိုက်သဖြင့် ကျန်လူများကပါ အနားရောက်လာသည်။ ဒေါက်တာမင်းထင်ကျော် တွေ့သောနေရာသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ ကျောက်နံယံမှာ အက်ကြောင်းကဲ့သို့ အစင်းကြောင်းတစ်ခုကို တွေ့ရသည်။

"ဒါ တံခါးပေါက်ပဲ ဖြစ်ရမယ်"

"ဖြစ်နိုင်တယ်. . . ဟိုအမျိုးသမီး ဒီအပေါက်က ထွက်သွားတာပဲ ဖြစ်ရမယ်"

"ကျောက်သားဒုက အထူကြီးဆိုတော့ ဘယ်လိုဖွင့်မလဲ"

"ကျွန်တော့်အထင် ပြောရရင်တော့ ဒီကျောက်နံရံကို ဖွင့်ဖို့ အပြင်မှာ မောင်းတံရှိမယ်ထင်တယ်"

ဒေါက်တာမင်းထင်ကျော်က ကျောက်သားနံရံကို နားဖြင့် ကပ်နားထောင်ကြည့်သောအခါ ထိုနေရာမှ အပြင်မှာ စီးနေသောရေသံကို ပို၍ကြားရလေသည်။

၎င်းတို့နှစ်ယောက်အားနှင့် ပိတ်နေသော ကျောက်နံရံကြီးအား တွန်းကြည့်ကြရာ အနည်းငယ်မှ မလှုပ်ပေ။

စေ့နေသောအက်ကြောင်းကို ဓါးဦးချွန်များနှင့် ထိုးကြည့်ကြသော်လည်း ဘယ်လိုမှ အရာမထင်ပေ။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် နောက်တစ်နေ့ညပိုင်းအချိန်သို့ ပြန်လည်ရောက်နေပြီဖြစ်ကြောင်း နာရီလက်တံများကို ကြည့်၍ သိရလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှာပင် ကပ်၍ ကျောမှီထိုင်ကာ ထွက်ပေါက်ရနိုင်မည့်လမ်းကို တွေးတောကြံစည်နေလေသည်။

တိတ်ဆိတ်နေသောအချိန်မို့ အပြင်ဘက်မှ ရေစီးသံများကို အတိုင်းသား ကြားနေရသလို အပူငွေ့များကလည်း ကျောက်သားနံရံမှတဆင့် အတွင်းသို့ စိမ့်ဝင်နေလေသည်။

အတန်ကြာသောအခါ ၎င်းကျောမှီထားသောကျောက်သားနံရံမှာ တဖြည်းဖြည်းနှင့် ပူတက်လာသည်ကို သတိပြုမိလိုက်သည်။

"ဟင်. . ."

"ဘာဖြစ်လို့လဲ ဆရာ"

"ကျောက်နံရံက စောစောကထက် ပိုပြီးပူလာသလိုပဲ"

"အပြင်မှာ စီးနေတဲ့ရေပူတွေများ ပြည့်တက်လာလို့များလား"

"ဘာပဲဖြစ်ဖြစ် ကောင်းတာပဲဖြစ်ဖြစ် ဆိုးတာပဲဖြစ်ဖြစ် အခြေအနေတစ်ခုခုတော့ ထူးနိုင်တယ်၊ အခွင့်အရေး ပေါ်တာနဲ့ လုပ်နိုင်အောင် အားလုံးအဆင်သင့်ပြင်ထားကြပါ"

ဟု ဒေါက်တာမင်းထင်ကျော်က သတိပေးလိုက်သဖြင့် ကျန်လူများမှာ ချထားသောသေနတ်များနှင့် အထုပ်အပိုးများကို





လွယ်ထားလိုက်ကြသည်။

"ကျွန်တော်တို့အတွက် တစ်ခုတည်းသော ထွက်ပေါက်က ဒီနေရာမှာပဲ ရှိတယ်၊ ဒီအပေါက်က ကျွန်တော်တို့ ထွက်လို့ရနိုင်သလို အပြင်က အန္တရာယ်တွေလည်း ဒီအပေါက်ထဲကပဲ ဝင်လာနိုင်တယ်၊ အားလုံးသတိထားကြပါ"

ဟု ပြောကာ အခြေအနေကို စောင့်ကြည့်နေစဉ် စောစောက အက်ကြောင်းနေရာမှ ရေများ စိမ့်ထွက်လာသည်ကို အရင်မြင်ရသည်။

"အပြင်မှာ ရေတက်လာပုံ ရတယ်၊ အခြေအနေ တစ်ခုခုတော့ ထူးတော့မယ့်ပုံပဲ"

ထိုသို့ပြောနေရင်းမှာပင် ရေများက ပိုမိုစိမ့်ဝင်လာသလို အပူငွေ့များကလည်း ပိုမိုများလာသည်။

စောစောက အအေးဓါတ် ရှိနေသောအခန်းထဲမှာပင် ပူလောင်လာသည်။

ခဏကြာတော့ တကျွိကျွိနှင့် အသံမြည်လာသည်။

"ဟော. . ."

ကျောက်သားနံရံမှ ပေါ်ထွက်လာသောအသံဖြစ်သဖြင့် မျက်တောင်မခတ် စိုက်ကြည့်နေကြစဉ် ထိုနေရာမှာ တဖြည်းဖြည်း ဟလာပြီး ရေနွေးငွေ့နှင့် တူသောရေများ စီးဝင်လာသည်။

ကျောက်နံရံမှာလည်း တဖြည်းဖြည်း လှုပ်လာပြီး တဖြည်းဖြည်းနှင့် ကျယ်လာရာ လူတစ်ယောက် ထွက်နိုင်လောက်သော အနေအထား ရောက်သည်နှင့် ဒေါက်တာမင်းထင်ကျော်


www.burmeseclassic.com

www.burmeseclassic.com

က အရင်ထွက်လိုက်သည်။

သူထွက်ပြီးသည်နှင့် ကျန်လူများကပါ ထွက်လိုက်လာရာ နောက်ဆုံး ရှစ်ယောက်စလုံး အပြင်သို့ ရောက်သွားကြသည်။

"အမယ်လေး. . . ပုတ်စော်နံလိုက်တာ၊ ဟောင်နေတာပဲ"

"ဟုတ်ပါရဲ့. . . လူသေတွေ ထားတဲ့နေရာများ ရောက်နေရော့သလား"

ထိုသို့ပြောပြီး လက်ကျန်မီးရောင်ကလေးနှင့် အနီးတဝိုက်သို့ ကြည့်သောအခါ အပုတ်နံ့ နံနေသောနေရာမှာ အခြားမဟုတ်ဘဲ ၎င်းတို့ ထွက်လာသော ကျောက်နံရံတံခါးကို ဖိထားသောကျောက်တုံးကြီးဆီမှ အနံ့ထွက်နေကြောင်း သိရသောအခါ ဦးဗန်ကောင်းက ဝမ်းသာအားရ ပြောလိုက်သည်။

"ဟန်ကျပြီဟ. . . တမင်လိုက်ရှာရင်တောင် တွေ့နိုင်မှာ မဟုတ်ဘူး၊ အခုတော့ ဆိုက်ဆိုက်မြိုက်မြိုက်ပါပဲလား"

"ဘာများလဲ အဘရဲ့"

"ဒီမှာလေ. . . အခု မင်းတို့ရှေ့မှာ ရောက်နေတာ အာဟာရသိဒ္ဓိ ပြီးစေနိုင်တဲ့ ကျောက်ပုတ်တုံးကြီးပဲပေါ့"

ဟု ပြောတော့မှာ အားလုံးအံ့သြဝမ်းသာဖြစ်ကြရသည်။

ဦးဗန်ကောင်းက ကျောက်တုံးအနီးသို့ ကပ်သွားပြီး ရေပူစမ်းနှင့် ထိနေသောနေရာသို့ လက်ဖြင့် စမ်းကြည့်သောအခါ ကျောက်သားနှင့် မတူဘဲ ရွှံ့သားကဲ့သို့ ပျော့နေသည်ကို တွေ့ရလေသည်။





"ဒီမှာ လာစမ်းကြည့်ပါလား၊ ကျောက်သားက မာမနေဘဲ ရွှံ့လို ပျော့နေတာ၊ ရေပူနဲ့ ချက်လိုက်ရင် ထမင်းလို ပျော့သွားနိုင်တယ်"

ဟု ပြောသဖြင့် ကျန်လူများကပါ ရေပူထိသော ကျောက်တုံးကို လက်ဖြင့် စမ်းကြည့်သောအခါ ရွှံ့သားကဲ့သို့ နူးညံ့ပျော့ပျောင်းနေသည်ကို တွေ့ရသဖြင့် ဝမ်းသာသွားကြသည်။

ထိုအချိန်မှာပင် ရေပူများက တဖြည်းဖြည်း ကျသွားရာ ကျောက်တုံးကြီးနှင့် လွတ်သွားသောအခါ စောစောက ပွနေသော ကျောက်သားမှာ မူလအတိုင်း ပြန်ကျုံ့သွားပြီးနောက် မာသွားလေသည်။

ကျောက်ပုတ်တုံးကြီး ပြန်သေးသွားသည်နှင့် ကျောက်နံရံတံခါးကို ဖိထားသောအနေအထားမှ ပြန်လွတ်သွားရာ နံရံတံခါးမှာလည်း တဖြည်းဖြည်းနှင့် ပြန်စေ့ကာ ပိတ်သွားလေတော့သည်။

ထိုအချိန်မှာ ရေပူစမ်းကို အတိုးအလျှော့ လုပ်နိုင်သော ရေတံခါးအနီးမှ အဝတ်နက်ကြီး ခြုံထားသော လူတစ်ယောက် ထွက်သွားသည်ကိုတော့ ဒေါက်တာမင်းထင်ကျော်တို့ မမြင်လိုက်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

# ထူးဆန်းသော နာဂသချိုင်း

သူတို့ရောက်နေသောနေရာမှာ ကျောက်မျက်နှာဂူ၏ အောက်ပိုင်းနေရာဖြစ်ပြီး ထိုနေရာကား လူရှိုင်းများ မရှိသော နေရာပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် . .

ရေပူစမ်းဒဏ်ရှိန်ဖြင့် ထိုအခန်းများ၌ အပူရှိန်အငွေ့များ ရှိနေသောကြောင့် မနေကြခြင်းဖြစ်သည်။

ထိုနေရာတဝိုက်သို့ အကြောင်းကိစ္စရှိမှသာ ဆင်းလာလေ့ရှိကြသည်။

"ရေပူစမ်းရှိတဲ့နေရာမှာ ကျောက်ပုတ်တွေရှိတတ်တယ်၊



www.burmeseclassic.com

တခြားနေရာတွေမှာလည်း ရှိနိုင်တယ်"

"အခုကတော့ ကျောက်ပုတ်ထက် ပိုပြီးအရေးကြီးတဲ့ ကိစ္စကို လုပ်ရဦးမယ် ဆရာကြီး၊ ဒီဂူထဲမှာ ရှိတဲ့ ကျောက်မျက်လုံး နှစ်လုံးကို ရအောင်ယူပြီး နာဂစ္စာလူကြီးသမီးကိုလည်း ရှာရဦးမယ်"

"အဲဒီမိန်းကလေးက ရှိမှရှိပါတော့မလား"

"ကံတရားအတိုင်းပေါ့. . . ရှာတာကတော့ ရှာကြည့်ရမှာပေါ့၊ နောက်ပြီး အပြင်ပြန်ထွက်နိုင်အောင်လည်း လုပ်ကြရဦးမယ်"

"ထောင်ချောက်ထဲကတောင် ကံအားလျော်စွာ လွတ်လာမှတော့ အပြင်ရောက်ဖို့ကတော့ မခက်လှတော့ပါဘူး မောင်ထင်ကျော်ရယ်၊ နောက်ဆုံး သူတို့ကို အသေအကြေ တိုက်ပြီး ထွက်ရရုံအပြင် ဘာမှမရှိပါဘူး"

"ဒီအတွက်တော့ စိတ်မပူနဲ့ ဆရာရေ၊ ကျွန်တော်တို့မှာ သေနတ်တွေလည်း ပါတယ်၊ ကျည်ဆန်တွေလည်း အလုံအလောက် ပါတဲ့အပြင် လက်ပစ်ဗုံးတွေနဲ့ မိုင်းတွေပါ ပါတယ် ဆိုတော့ လက်နက်အရ ကျွန်တော်တို့ဘက်က သာပါတယ်၊

လူရိုင်းတွေ များချင်သလောက် များပါစေ၊ လက်ပစ်ဗုံး တစ်လုံးစာတောင် မရှိပါဘူး"

ဟု မေဂျာဘရန်ဆိုင်းက ခါးမှာ ချိတ်ဆွဲလာသော လက်ပစ်ဗုံးများကို ပုတ်ပြရင်း ဟန်ပါပါ ပြောလိုက်လေသည်။

အချိန်က ညအချိန်ပင် ဖြစ်သော်လည်း မြေအောက်





အခန်းတွင်းမှာ အလင်းရောင်အချို့ရှိနေလေသည်။

သို့ကြောင့် အတန်အသင့် မြင်နိုင်လေသည်။

၎င်းတို့ရောက်နေသောနေရာနှင့် မဝေးလှသောနေရာမှာ အပေါ်သို့ တက်သွားသောလမ်းတစ်လမ်းကို လှမ်းမြင်ရသည်။ ထိုလမ်းမှာ ဆင်ခြေလျှောသာသာရှိပြီး အပေါ်မှ အလင်းရောင်အချို့က အောက်သို့ ထိုးကျနေသည်။

ထိုနေရာမှ လူသံသူသံအချို့ကိုလည်း ကြားရသည်။

ထိုနေရာဘက်သို့ လျှောက်လာကြစဉ် တစ်နေရာတွင် ရေပူစမ်းချောင်းကို ဖြတ်တားထားသော ကျောက်တံခါးကို တွေ့ရသည်။

ထိုကျောက်တံခါးမှာ အရှင်ဖြစ်သည်။

တင်နိုင်ချနိုင်အောင် စီမံထားခြင်းဖြစ်သည်။

သူတို့တွေ့သောအချိန်မှာ ကျောက်တံခါးက အပေါ်ဆွဲတင်ထားချိန်ဖြစ်သဖြင့် ရေပူများ အောက်ဘက်သို့ စီးဆင်းနေသည်။

ကျောက်တံခါး တပ်ထားသောနေရာ၏ ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်တုံးကြီးနှစ်တုံး ရှိနေသောကြောင့် ထိုနေရာမှာ သာမန်ထက် ပိုကျဉ်းနေသည်။

ကျောက်တံခါးကို ထိုကျောက်တုံးကြီးနှစ်တုံးနှင့် အံဝင်ဂွင်ကျဖြစ်အောင် စီမံထားလေသည်။

"ရှေးက နေသွားတဲ့လူတွေ လုပ်ခဲ့တာလား၊ အခုနေတဲ့လူတွေရဲ့အကြံအစည်လားတော့ မပြောတတ်ဘူး၊ လုပ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com

အတော်စိတ်ကူးကောင်းတယ်၊ ဒီရေတံခါးကို အောက်ကို ချဖို့ တင်ဖို့ မောင်းလှည့်တံ တပ်ထားတယ်”

ဒေါက်တာမင်းထင်ကျော်က ကမ်းဘေးတစ်နေရာ၌ ဒလက်ကဲ့သို့ တပ်ဆင်ထားသောအရာကို မီးရောင်ဖြင့် ပြသည်။

“ဒလက်မောင်းကို ဖြုတ်ချလိုက်ရင် ကျောက်တံခါးက ကျလာပြီး ရေပူစမ်း ပိတ်သွားမယ်၊ မြောင်းပိတ်တာနဲ့ ရေတွေ ပြည့်လာတာနဲ့ ကျောက်ပုတ်ကို သွားထိမယ်၊

ရေပူထိတာနဲ့ ကျောက်ပုတ်က ပွတက်လာတော့ လျှို့ဝှက်တံခါးကို သွားဖိတော့ လျှို့ဝှက်ကျောက်တံခါးက ဟသွားတယ်၊ အဲဒီအချိန်မှာ အဲဒီလျှို့ဝှက်ပေါက်က အပြင်ကို ထွက်နိုင်တယ်၊ ဒါ သဘာဝအတိုင်း ဖြစ်နေတာ မဟုတ်ဘူး၊ စိတ်ကူးကောင်းကောင်းနဲ့ စနစ်တကျ စီမံထားတာပဲ”

ဟု ပြောလိုက်သည်။ ထိုအခါ စာရေးဆရာအောင်မင်းအောင်ကပါ ဝင်ပြောသည်။

“ကျုပ်အထင်ပြောရရင်တော့ အခုနေတဲ့လူရိုင်းတွေကတော့ ဒီလောက်ကောင်းတဲ့ ကြံစည်စိတ်ကူးမှုတွေ ရှိမှာမဟုတ်ဘူး၊ ရှေးက နေသွားတဲ့လူတွေရဲ့အစီအမံ ဖြစ်ဖို့များတယ်”

“ဒီလိုဆိုရင် စစ်ကာလအတွင်းက အင်္ဂလိပ်တွေ၊ ဒါမှမဟုတ် ဂျပန်တွေ နေသွားခဲ့တဲ့နေရာများ ဖြစ်လေရော့မလား”

ကျော်စွာက ပြောလိုက်စဉ် ဒေါက်တာမင်းထင်ကျော်က တစ်စုံတစ်ခုကို သတိရသွားဟန်ရှိသည်။

“ဒါဖြင့် ကျွန်တော်တို့တွေကို တစ်ယောက်ယောက်





က လာပြီးကယ်လိုက်တာ ဖြစ်မှာပေါ့”

“ဘာကြောင့်လဲ မောင်ထင်ကျော်”

“ဆရာကြီး စဉ်းစားကြည့်လေ၊ ဒီရေတံခါး မောင်းတံက သူ့အလိုလို တင်နိုင်ချနိုင်တာမှ မဟုတ်တာ၊ လူတစ်ယောက်ယောက်က တင်ပေးချပေးမှ ဖြစ်မှာမဟုတ်လား”

“မှန်တယ်လေ”

“ဒီရေတံခါးမောင်းတံကို တစ်ယောက်ယောက်က အောက်ကို ချလိုက်လို့သာ ရေပူတွေ ပြည့်ပြီး ကျောက်တံခါး ပွင့်သွားနိုင်တာပေါ့၊ ကျွန်တော်တို့ အပြင်ရောက်ပြီးတော့မှ မောင်းတံခါးကို အပေါ်ပြန်ဆွဲတင်ပြီး သူ ဒီနေရာက ထွက်သွားတာ ဖြစ်မယ်”

“ဟင်. . . ဟုတ်ပါရဲ့၊ စောစောက ဒါကို သတိမထားမိလို့သာ”

“ကျွန်တော်တို့အားလုံး အပြင်ရောက်တဲ့အထိ သူ ဒီနေရာမှာ ရှိနေသေးတယ်၊ ဘယ်သူဖြစ်မလဲ”

“ဘယ်သိပါ့မလဲ မောင်ထင်ကျော်ရယ်၊ တစ်ခု သေချာတာကတော့ သူက ကျုပ်တို့တွေ ဒီလိုဏ်ခေါင်းထဲမှာ ပိတ်မိနေတာကို သိတဲ့လူ ဖြစ်မှာပေါ့”

“သူ ဘယ်သူပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံးကတော့ သူ့ကို ကျေးဇူးတင်ရမယ်”

ဟု ပြောဆိုနေကြစဉ် အပေါ်ပိုင်းမှ ဆူဆူညံညံ စကားပြောသံများကို အရင်ကြားရသည်။


www.burmeseclassic.com

www.burmeseclassic.com

ခဏကြာတော့ အပေါ်မှ လူရိုင်းလေးငါးယောက် အောက်သို့ ဆင်းလာသည်ကို လှမ်းမြင်ရသဖြင့် အားလုံး ကျောက်တုံးများ ရှိရာသို့ ဝင်ကပ်နေလိုက်ကြသည်။

အကြောင်းရှိလျှင် အသုံးချနိုင်ရန် သေနတ်များကို လည်း အဆင်သင့် ပြင်ထားလိုက်သည်။

လူရိုင်းများလက်ထဲမှာ လက်နက်များ မပါဘဲ ရှေ့ဆုံးမှ ဆင်းလာသောလူရိုင်းလက်ထဲမှာ မီးတုတ်တစ်ချောင်းသာ ပါလာ လေသည်။

ထိုမီးအလင်းရောင်ကြောင့် ဂူအတွင်းမှာ အတန်အသင့် မြင်နိုင်လေသည်။

၎င်းတို့ကိုယ်ပေါ်မှာ ဘာမှ လိမ်းမထားသေးသော ကြောင့် မူလအနေအထားအတိုင်း တွေ့ရသည်။

လူရိုင်းငါးယောက်တို့သည် သူတို့အချင်းချင်း စကား ပြောရင်းနှင့် ဂူအတွင်းပိုင်းသို့ ဝင်သွားကြလေသည်။

အတန်ကြာ၍ ပြန်ထွက်လာသောအခါ ၎င်းတို့ကို ကောင်းစွာမမြင်ရတော့ပေ။

တစ်ကိုယ်လုံး မီးစုန်းများသာ မြင်ရတော့သည်။

လူရိုင်းငါးယောက် အပေါ်ပြန်တက်သွားသောအခါ ဒေါက်တာမင်းထင်ကျော်တို့တစ်ဖွဲ့လုံး အတွင်းဝင်ကြည့်ကြရာ ဂူအတွင်း အတန်ငယ် သွားမိသောအခါ မီးစုန်းဓါတ်များ တောက်ပနေသော တွင်းကြီးတစ်တွင်းကို တွေ့ကြရသည်။

တွင်းမှာ အတော်ကျယ်ဝန်းပြီး အတွင်း၌ ပြဒါး၊ မြေစုန်း





ဟု ခေါ်သော မီးစုန်းဓါတ်များ ရောနှောနေဟန်ရှိသောအရည် များကို တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က တွင်းထဲမှ အရောင်တဝင်း ဝင်း တောက်ပနေသော ခပ်ပျစ်ပျစ် အရည်အချို့ကို လက်နှင့် ကော်ယူပြီး အသေအချာ စစ်ဆေးကြည့်နေသည်။

ပြီးမှ ပြောသည်။

“ဒါ ပြဒါးနဲ့ ရောနေတဲ့ မီးစုန်းဓါတ်ငွေ့တွေပဲ၊ ဒီအရည် တွေကို သုတ်ထားရင် နေ့ဘက် နေရောင်ခြည်နဲ့ ထိရင် သူတို့ကို ရုတ်တရက် မမြင်နိုင်တော့ဘူး၊ ဒါ သူတို့ရဲ့ကိုယ်ပျောက်ဆေး ရည်တစ်မျိုးပဲ”

“ဒါထက် ပြဒါးက လူ့အသားနဲ့ ထိရင် စားတယ်ဆို၊ သူတို့တစ်ကိုယ်လုံး လိမ်းထားတော့ အသားကို စားပြီး အနာတွေ မဖြစ်ဘူးလား”

“ဖြစ်တော့ဖြစ်မှာပဲ. . . သူတို့မှာ တခြားဆေးကောင်း ဝါးကောင်းတွေ ရှိလို့သာ ဖြစ်မယ်”

ဟု ပြောဆိုနေစဉ် အပြင်ဘက်မှာ မိုးလင်းလာပြီဖြစ် သောကြောင့် အလင်းရောင်များက ဂူအတွင်းပိုင်းအောက်ခြေ အထိ လင်းလာလေသည်။

“ဘယ်လိုလုပ်ကြမလဲ”

“အခုအချိန်တော့ အပေါ်တက်ဖို့ မသင့်သေးဘူး၊ ဒီ တော့ ဂူအတွင်းပိုင်း ဝင်ခိုနေပြီး ညမှ ပြန်ထွက်ပြီး လှုပ်ရှားကြရင် ပိုကောင်းမယ်”



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောဆိုတိုင်ပင်ကာ ဂူအတွင်းပိုင်းသို့ ဝင်ခဲ့ကြသည်။ ဂူအတွင်းပိုင်းမှာလည်း အတော်အတန် ကျယ်ဝန်းပြီး ရေပူစမ်းချောင်းက တောက်လျှောက်စီးနေလေသည်။

ရေပူစမ်းတလျှောက်မှာလည်း ကျောက်ပုတ်တုံးများ ရှိနေသည်။

"ဒီရေပူချောင်းက ကျောက်မျက်နှာတောင်အပြင် ရောက်အောင် စီးသွားတာ၊ အဲဒီမှာလည်း ယင်ကောင်တွေ အုံနေတဲ့ ကျောက်ပုတ်တုံးအချို့ကို ကျွန်တော်တွေ့ခဲ့တယ်"

ဟု ဦးဖန်ကောင်းကို ဦးစွာသတင်းလာပေးသော မုဆိုးခွန်ဆန်က ပြောပြသည်။

ထိုကျောက်ပုတ်တုံးများကို စတင်တွေ့ခဲ့သူမှာ မုဆိုးခွန်ဆန်ပင်ဖြစ်သည်။

ဂူအတွင်းပိုင်းရောက်သောအခါ ဂူအမိုးမှာ ရှိသော ကျောက်စွန်းကျောက်စွယ်များက ရေများ တပေါက်ပေါက် ကျနေသည်။

ထိုကျောက်စက်ရေများကြားမှ တစ်နေရာ ရောက်သောအခါ နီညိုရောင်အရည်အချို့ ကျောက်ချပ်ကြားမှ တစက်စက် ကျနေသည်ကို တွေ့ရသဖြင့် ဦးဖန်ကောင်းက သွားကြည့်သည်။

ထိုအရည်မှာ အခြားမဟုတ်ဘဲ လွန်စွာရှားပါးသော ကျောက်သွေးရည်များပင်ဖြစ်သည်။

မူလက နီညိုရောင် ရှိသော်လည်း ကျောက်စက်ရေများ





ထိသောအခါမှ သွေးရောင်ကဲ့သို့ အရောင်ပြောင်းသွားပြီး စေးပျစ်ပျစ် ဖြစ်နေရာမှ ကျဲသွားခြင်းဖြစ်သည်။

"ဒါ ကျောက်သွေးရည်ပဲ၊ ဒီအရည်ကို သောက်ရရုံနဲ့တင် အသက်ရှည်ပြီး ရောဂါကင်းတယ်"

ဟု ပြောသဖြင့် ကျောက်သွေးများကို ရေခွက်များနှင့်ခံကာ သောက်ကြလေသည်။

ကျောက်သွေးရည်မှာ ဝမ်းထဲ ရောက်သွားသည်နှင့် အေးစိမ့်သွားပြီးနောက် ဆာလောင်မှုများ ပြေသွားကာ လန်းဆန်းလာလေတော့သည်။

ထိုနေရာရောက်တော့ ရေပူစမ်းချောင်းမှာ ဆုံးသွားတော့သည်။ ရေပူများက ကျောက်တုံးကြီးနှစ်တုံးကြားမှ စိမ့်ထွက်နေခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ ထိုနေရာတဝိုက်သို့ လိုက်လံကြည့်ကြရာ ကျောက်တုံးများကြား တစ်နေရာတွင် ပေါက်နေသော ဒါန်းပင်နှင့် ပုံသဏ္ဌာန်တူသော သစ်ပင်ငယ်ကလေးများကို တွေ့ရသည်။

အရွယ်အစားမှာ ဒါန်းပင်အရွယ်ခန့်ရှိပြီး မြေပေါ်မှာ တစ်ပေခန့်သာ အရှည်ရှိသည်။

အရွက်မှာ ဒါန်းရွက်ကဲ့သို့ ပုံသဏ္ဌာန်တူပြီး အနားပတ်လည်၌ ခွေးသွားစိပ်ကလေးများရှိသည်။

အပင်ကို နှုတ်ယူပြီး ချိုးကြည့်သောအခါ စေးပျစ်ပျစ်နှင့် အနီရောင်အစေးများ ထွက်လာလေသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဒါ အဆိပ်ဖြေဆေးပင်တွေပဲ၊ ဒီဆေးပင်တွေ ရှိနေမှ တော့ လူရိုင်းတွေအတွက်က ဘာမှပူစရာမရှိတော့ဘူး၊ အပြင် က ဒဏ်ရာရလာရင် ဒီဆေးရွက်ကို ထောင်းပြီးအုံထားရင် ပျောက်မှာပဲ၊

ပြဒါးအဆိပ်သင့်လို့ အနာတွေ ဖြစ်လာရင်လည်း ဒီ အရွက်ကို အရည်ညှစ်ပြီး လိမ်းထားရင် ပျောက်သွားမှာပဲ၊ အခုမှ ပဲ လူရိုင်းတွေ ပြဒါးအဆိပ်မသင့်တဲ့အဖြေ ရတော့တယ်"

ဟု ဦးဇန်ကောင်းက ပြောပြသည်။

အဆိပ်ဖြေဆေးပင်များမှာ ကျောက်သွေးရည်များ စို စွတ်နေသော ဂူကြမ်းပြင်ပေါ်မှာ အဝန်းအဝိုင်းနှင့် သီးသန့် ပေါက်နေကြလေသည်။

ထိုနေရာ၏အခြားတစ်ဖက်မှာတော့ ဆေးပင်တချို့ ရှိနေရာ ဦးဇန်ကောင်းက အရင်သွားကြည့်လေသည်။

ပြီးမှ ကျန်လူများကို ခေါ်ပြသဖြင့် သွားကြည့်ကြလေ သည်။

"ဒါ ဘာအပင်တွေ ဖြစ်မယ်ထင်သလဲ"

"ဘာပင်တွေလဲ ဆရာကြီး"

"အဆက်ကလူစီလို့ ခေါ်တဲ့ မသေဆေးပင်တွေပဲဗျ၊ အသက်ရှည်ဆေးပင်လို့လည်း ခေါ်တယ်၊ ရောဂါမှန်သမျှ ပျောက်စေနိုင်တဲ့ဆေးပင်တစ်မျိုးပေါ့"

ဟု ပြောပြတော့မှ အသေအချာ ကြည့်ကြလေသည်။

အပင်အရွယ်အစားမှာ ဒန်းပင်အရွယ်ထက် အနည်း





ငယ် ပိုမြင့်ပြီး အရွက်အရွယ်အစားကလည်း အနည်းငယ် ပိုရှည် သည်။

ဘေးတစ်ဖက်တစ်ချက်၌ ခွေးသွားစိပ်များကဲ့သို့ ပါရှိပြီး အပေါ်မှာ အစိမ်းရင့်ရောင်ဖြစ်ပြီး အရွက်အောက်ဖက်မှာတော့ ကြက်သွေးရောင်ကဲ့သို့ အနီရင့်ရင့် ရှိလေသည်။

"ဒီဂူထဲမှာ ပြဒါးတွေ ရှိတယ်၊ မီးစုန်းဓါတ်တွေ ရှိတယ်၊ ရေပူစမ်းတွေ ရှိတယ်၊ အာဟာရအတွက် ကျောက်ပုတ်တွေ ရှိတယ်၊ ဆေးအတွက်ကလည်း ကျောက်သွေးရှိတယ်၊ အဆိပ် ဖြေဆေးပင်တွေ၊ မသေဆေးပင်တွေ ရှိနေမှတော့ သူတို့တွေ ဒီအထဲမှာ နေမယ်ဆိုရင် တစ်သက်လုံး နေရင်လည်း ဘာမှ ပူစရာ မလိုတော့ဘူးပေါ့"

ဟု ဦးဇန်ကောင်းက ပြောသည်။

"ကျွန်တော့်အထင်ပြောရရင်တော့ တခြားဟာတွေက သဘာဝအတိုင်း ရှိတယ်ပဲ ထားဦး၊ အဆိပ်ဖြေဆေးနဲ့ အသက် ရှည်ဆေးကတော့ တစ်ဦးတစ်ယောက်က တကူးတက စိုက်ပျိုးခဲ့ တာ ဖြစ်နိုင်တယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့. . . အဆိုးထဲကအကောင်း ဆိုရမှာ ပဲ ဒီကျောက်ဂူအတွင်းက ပြန်ထွက်နိုင်ရင်တော့ ဒီဆေးပင်တွေ ကို ယူဖြစ်အောင် ယူသွားရမှာပဲ"

ဟု ပြောဆိုနေကြစဉ် အပြင်ဘက်မှ ဝင်လာသောအသံ များကို ကြားရသဖြင့် နီးစပ်ရာကျောက်တုံး၊ ကျောက်ဆောင်များ အနီးသို့ ကပ်နေလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ လူရိုင်းများ ဝင်လာကြသည်။

ဒဏ်ရာရထားဟန်ရှိသော လူရိုင်းတစ်ယောက်ကို ကျန် လူရိုင်းလေးယောက်က သယ်ယူလာကြခြင်းဖြစ်၏။

ဒဏ်ရာရထားသူမှာ သတိမေ့နေဟန်ရှိလေသည်။

ထိုနေရာရောက်သောအခါ တစ်ယောက်က ကျောက် သွေးရည်များကို ခပ်လာပြီး သတိမေ့နေသူ ပါးစပ်အတွင်းသို့ လောင်းထည့်လေသည်။

ထိုသို့ထည့်ပြီး ခဏကြာတော့ သတိရလာဟန်ရှိသည်။

ပြီးမှ ဒဏ်ရာရထားသောနေရာကို အဆိပ်ဖြေဆေးပင် များကို ကျောက်တုံးဖြင့် ထောင်း၍ အုံကာ အဝတ်စများဖြင့် ပတ်စည်းပေးလိုက်သည်။

ထိုသို့စည်းပေးပြီး ခေါင်းဆောင်ဖြစ်ဟန်တူသောလူရိုင်း က မန်းမှုတ်ရွတ်ဆိုနေပြန်သည်။

ထိုသို့ရွတ်ဆိုနေသည်မှာ အချိန်အတော်ကြာလေသည်။

အတန်ကြာသောအခါ ဒဏ်ရာရနေသောလူရိုင်းမှာ သတိရလာဟန်ရှိပြီး ငေါက်ကနဲ ထထိုင်လာသည်။

၎င်းထလာပုံမှာ ဒဏ်ရာသက်သာသဖြင့် ထလာခြင်းမျိုး မဟုတ်ဘဲ တစ်စုံတစ်ယောက်၏ပယောဂကြောင့် ထလာသည့် ပုံစံမျိုးဖြစ်သည်။

ပမာဆိုရလျှင် ဖုတ်ဝင်လာသကဲ့သို့ တောင့်တောင့်ကြီး နှင့် ထလာခြင်းမျိုးဖြစ်သည်။

ဆရာဖြစ်သူက လက်ဟန်ခြေဟန်ဖြင့် နေရာမှ ထရန်





ပြောလိုက်သောအခါ ထရပ်လာသည်။

၎င်းနောက် ဖုတ်ဝင်နေဟန်ရှိသောလူကို အမှောင်ရိပ် များ ဖုံးလွှမ်းနေသောဂူအတွင်းသို့ ခေါ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့တတွေမှာလည်း အခြေ အနေကို မသိရသေးသောကြောင့် ကျောက်တုံးများနောက် ကွယ်မှ မထွက်ဝံ့ဘဲ ရှိနေကြသည်။

အတန်ကြာသောအခါ အမှောင်ရိပ်အတွင်းမှ လူရိုင်း သုံးယောက်သာ ပြန်ထွက်လာပြီးနောက် အပြင်သို့ ပြန်ထွက် သွားလေသည်။ စောစောက ဒဏ်ရာနှင့် သတိမေ့နေဟန် ရှိသောလူမှာ ပါမလာတော့ပေ။

"စောစောကလူ ဘယ်မှာ ကျန်ခဲ့သလဲ"

"သူကြည့်ရတာ သေနေသလိုပဲ၊ ဖုတ်သွင်းပြီး ဘယ် ခေါ်သွားသလဲ မသိဘူး"

"သေပြီးသားလူကို ဆေးကုပေးပါ့မလား"

"ဒါကတော့ သူတို့မှပဲ သိမှာပဲ. . . အထဲဝင်ကြည့် မလား"

"ဖြစ်ပါ့မလား. . . တော်ကြာ ဖုတ်ဝင်တဲ့လူတွေနဲ့ တွေ့ နေရင် ခက်မယ်"

"ဒီဂူထဲတောင် ရောက်နေမှ ဒီထက်ပိုပြီး အန္တရာယ် ရောက်နိုင်စရာလည်း မရှိတော့ပါဘူး၊ အဖြေသိရအောင် သွား ကြည့်ကြမယ်"

ဟု ပြောဆိုတိုင်ပင်ကာ စောစောက လူရိုင်းများ ဝင်



www.burmeseclassic.com

www.burmeseclassic.com

သွားသော အမှောင်ရိပ်အတွင်းသို့ ဝင်ကြည့်ကြလေသည်။

ထိုနေရာမှာ အလင်းရောင် လုံးဝမရှိဘဲ မှောင်မည်းနေသော ဂူ၏အတွင်းပိုင်းနေရာဖြစ်သည်။

အတန်ငယ် ဝင်သွားမိသောအခါ အမှောင်ရိပ်ထဲမှာ ရပ်နေသောလူရိုင်းအချို့ကို အရင်မြင်ရသည်။

ဒေါက်တာမင်းထင်ကျော်က ရန်သူထင်သဖြင့် လက်နှိပ်မီးဖြင့် လှမ်းထိုးကြည့်လိုက်သည်။

ထိုသို့ မီးရောင်ဖြင့် ထိုးသော်လည်း ရပ်နေသော လူရိုင်းများက မလှုပ်ပေ။

သို့ကြောင့် ရှေ့တိုးသွားပြီး ကြည့်သောအခါ လူရိုင်းများမှာ အသက်မရှိသော လူသေများ ဖြစ်နေသည်ကို တွေ့ရသည်။

"ဒါ သူတို့ရဲ့သင်္ချိုင်းနေရာ ဖြစ်မယ်ထင်တယ်"

သေဆုံးနေသောလူရိုင်းများမှာ အချို့ မတ်တတ်အနေအထားဖြင့် ဂူနံရံမှာ ကပ်မှီထားပြီး အချို့ကတော့ ပက်လက်အနေအထားဖြင့် ကျောက်ပြားပေါ်မှာ ချထားလေသည်။

စောစောကမှ လာပို့သွားဟန်ရှိသောလူရိုင်းမှာ မတ်တတ်ရပ်လျက်သား အနေအထားဖြင့် ဂူနံရံမှာ မှီလျက်သားရှိနေသည်။ သို့သော် အသက်ရှိဟန်တော့ မတူပေ။

မျက်လုံးက ပွင့်လျက်သား ရှိနေသော်လည်း မလှုပ်တော့ပေ။

ဒဏ်ရာရထားဟန်ရှိသောနေရာကိုတော့ ဆေးအုံ၍ ပတ်တီးစည်းပေးထားသည်။





အခြားသေဆုံးနေသူအချို့ကိုလည်း ပတ်တီးစည်းပေးထားသည်ကို တွေ့ကြရသည်။

"သေတဲ့လူတွေကို ဘာကြောင့် ပတ်တီးစည်းပေးထားရတာလဲ"

"ကျွန်တော့်အထင်ပြောရရင်တော့ ဆေးစည်းပေးတဲ့ ရည်ရွယ်ချက်က ဆေးစည်းပေးထားတော့ ဒဏ်ရာသက်သာပြီး အသက်ပြန်ရှင်လိုရှင်ငြားပေါ့။

နောက်တစ်ချက်က အဲဒီလို ဆေးစည်းပေးထားတာကြောင့် ဖြစ်မယ်ထင်တယ်၊ အလောင်းတွေက မံမီရုပ်အလောင်းတွေလို မပုတ်မသိုး ဒီအတိုင်း ရှိနေတာဖြစ်မယ်"

ဟု ဒေါက်တာမင်းထင်ကျော်က သူ့အယူအဆကို ပြောသည်။

ထိုဂူအတွင်း၌ လူရိုင်းအသေ အတော်များများ တွေ့ရသော်လည်း အချို့က ဂူနံရံမှာ မှီလျက် မတ်တတ်ရှိနေပြီး အချို့က ကြမ်းပြင်ပေါ်မှာပက်လက်ရှိနေသော်လည်း မပုတ်မသိုးဖြင့် ပကတိ လူအတိုင်း ရှိနေကြသည်။

ထိုအခိုက်မှာပင် အပြင်မှ ဝင်လာသော ဆူဆူညံညံ အသံများ ကြားရသဖြင့် ရှစ်ယောက်စလုံး ကျောက်နံရံများကြားသို့ ဝင်ရောက်ပုန်းအောင်းနေလိုက်ကြလေသည်။




www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၃)

# ဝိညာဉ်များနှင့် တိုက်ခိုက်ကြရခြင်း

ဦးစွာ ဆူညံသောအသံများကိုအရင်ကြားရသည်။

ပြီးမှ မီးရောင်များ ပေါ်ထွက်လာသည်။

နတ်ဆရာဇာဂရ ဦးဆောင်သော လူရိုင်းအတော်များများတို့မှာ ဓါး၊ လှံ၊ လေးမြားတို့ကို ကိုင်ဆောင်ကာ ဂူအတွင်းပိုင်းသို့ ဝင်လာကြသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို အဆင်သင့်ပြင်ထားပြီး လူရိုင်းများကို ရေကြည့်သောအခါ အယောက်နှစ်



www.burmeseclassic.com

www.burmeseclassic.com

ဆယ်ခန့် ရှိလေသည်။

"ဒီလောက်ကတော့ လက်ပစ်ဗုံးတစ်လုံးစာပဲ ရှိတယ်"

ဟု ဘရန်ဆိုင်းက တိုးတိုးကပ်ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အသံမထွက်စေရန် သတိပေးလိုက်ရသည်။

ဇာဂရနှင့် အဖွဲ့သားများမှာ ဆူဆူညံညံ အော်ဟစ်ပြောဆိုရင်း သချိုင်းဂူပေါက်ဝအနီးသို့ ရောက်လာသည်။

၎င်းတို့အချင်းချင်း နာဂဘာသာစကားဖြင့် အော်ဟစ်ပြောဆိုနေကြသည်။

"တွင်းထဲမှာ ဖမ်းထားတဲ့လူတွေ ဘယ်လိုလွတ်သွားတာလဲ"

"မသိဘူး ဆရာကြီး၊ အပေါ်ပေါက်ဝမှာ ပိတ်ထားတဲ့ကျောက်တုံးလည်း ရှိနေတာပဲ"

"အတွင်းလျှို့ဝှက်ပေါက်က ထွက်တာပဲ ဖြစ်မှာပေါ့"

"အတွင်းပေါက်က ထွက်ဖို့ဆိုရင် ရေတံခါးမောင်းတံကိုတစ်ယောက်ယောက်က ပိတ်ပေးရမှာပေါ့၊ ဘယ်သူပိတ်ပေးတာလဲ"

"ငါတို့လည်း မသိဘူး နတ်ဆရာ၊ အထဲမှာ ရန်သူတစ်ယောက်ယောက် ရှိနေလို့ ဖြစ်မှာပေါ့"

"ဒီအထဲမှာ ယဇ်ပူဇော်ဖို့ ဖမ်းထားတဲ့လူတွေပဲ ရှိတယ်၊ သူတို့လည်း ကျောက်ဂူထဲမှာ လှောင်ထားတာဆိုတော့ ဘယ်လိုထွက်မလဲ"

"သခင်မအနားမှာ ခေါ်ထားတဲ့ ဟိုမိန်းမက အပြင်လူမဟုတ်ဘူးလား၊ သူ့ကို လွတ်လပ်ခွင့် ပေးထားတော့ သူတစ်ယောက်ပဲ လုပ်မယ့်သူ ရှိတယ်"





ထိုစကားကြောင့် နတ်ဆရာဇာဂရ အတန်ကြာအောင်စဉ်းစားနေလေသည်။

"အင်း. . . သူ့ကို ငါမသင်္ကာဘူး၊ ဒါပေမယ့် သခင်မကအခွင့်အရေး ပေးထားတော့ အရမ်းလုပ်လို့မဖြစ်ဘူး၊ သူ့အခြေအနေကို စောင့်ကြည့်နေကြ၊ အခြေအနေ မကောင်းရင် သူ့ကိုချက်ချင်းယဇ်ပူဇော်ပစ်ရမယ်"

ဟု ပြောသည်။

"အတွင်းလျှို့ဝှက်ပေါက်က ထွက်ပြေးတယ်ဆိုရင် သူတို့ တခြားထွက်စရာအပေါက် မရှိဘူး၊ ဒီဂူထဲမှာပဲ ရှိရမယ်"

"သူတို့မှာ မိုးကြိုးလက်နက်လို ကြောက်စရာကောင်းတဲ့လက်နက်ဆန်းတွေ ပါတယ်၊ နောက်ပြီး နတ်မျက်စိတွေလည်းပါတော့ ငါတို့ ပုန်းလို့မလွတ်ဘူး. . . ဘယ်လိုလုပ်ရမလဲ"

"ဖုတ်ကောင်တွေကို ဖုတ်သွင်းပြီး လိုက်ရှာခိုင်းမှာပေါ့"

ထိုသို့ပြောနေသောစကားများကို နာဂဘာသာစကားနားလည်သော ဘရန်ဆိုင်းက ခပ်တိုးတိုး ပြန်ပြောသဖြင့် အားလုံး မျက်လုံးပြူးသွားကြလေသည်။

ခဏကြာတော့ နတ်ဆရာက ဦးဆောင်ပြီး သချိုင်းဂူအတွင်းသို့ ဝင်လာကြသည်။

ထိုနေရာရောက်သောအခါ လူရိုင်းတစ်ယောက်က မီးတုတ်ကြီး ကိုင်ထားပြီး နတ်ဆရာက ဂူနံရံမှာ မှီနေသော



www.burmeseclassic.com

www.burmeseclassic.com

အလောင်းကောင်အရှေ့သို့ သွားကာရပ်သည်။

ပြီးလျှင် အသင့်ဆောင်ယူလာသောမီးခွက်ကို မီးထွန်းပြီး ဆေးမှုန့်အချို့ကို ဖြူးချလိုက်ရာ အဖြူရောင်နှင့် အပြာနုရောင် ရောထွေးနေသောမီးခိုးငွေ့များ ထွက်လာသည်။

မီးခိုးငွေ့များက လူသေရှေ့၌ ရစ်ဝဲနေသည်။

ထိုအခါ နတ်ဆရာက နာဂဘာသာစကားနှင့်ပင် ရေရွတ်ပြောဆိုနေသည်။

"ဤဂူအတွင်းမှာ ရှိသော မိစ္ဆာအပေါင်းတို့၊

ဤသင်္ချိုင်းဂူထဲမှာ ရှိသော ဝိညာဉ်အပေါင်းတို့၊

ကျွန်ုပ်ခေါ်ရာ ဤနေရာသို့ လာကြကုန်လော့၊

ဝိညာဉ်မဲ့နေသော ဤခန္ဓာကိုယ်အတွင်းသို့ ဝင်ကြကုန်လော့. . . ပူးကပ်ကြကုန်လော့၊

ထိုသို့ပူးကပ်ပြီးနောက်တွင် ကျွန်ုပ်စေခိုင်းရာ အမိန့်အတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ကြကုန်လော့"

ဟု ပြောဆိုကာ ဂါထာမန္တာန်အချို့ကို အသံကျယ်ကျယ်ဖြင့် ရွတ်ဆိုနေလေသည်။

တိတ်ဆိတ်နေသောဂူကြီးအတွင်းမှာ နတ်ဆရာ၏ အသံသြသြကြီးက ဟိန်းထွက်နေလေသည်။

အတန်ကြာတော့ ဂါထာရွတ်ဆိုခြင်းများကို ရပ်တန့်လိုက်ရာ သင်္ချိုင်းဂူတစ်လုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ထိုအခိုက်အတန့်မှာပင် ငြိမ်သက်နေသော ဂူကြီး





အတွင်းသို့ လေတိုးသံကဲ့သို့ အသံအချို့ ပေါ်လာလေသည်။

နာဂများ ကိုင်ထားသောမီးတုတ်မှ မီးများ လှုပ်ယမ်းလာသည်။ အဝေးတစ်နေရာမှ တီးတိုးပြောဆိုလာသော စကားသံအချို့ကို မသဲမကွဲ ကြားလာရသည်။

"လာကြလော့. . . ဝင်ကြလော့. . .

ဤဝိညာဉ်မဲ့နေသော ခန္ဓာကိုယ်များအတွင်းသို့ ဝင်ရောက်ကာ ကျွန်ုပ်စေခိုင်းသည့်အတိုင်း လုပ်ဆောင်ကြကုန်လော့"

ဟု နတ်ဆရာ ပြောလိုက်သောစကားအဆုံးမှာပင် အပေါက်ဝဘက်မှ ဝင်လာသော ဖြူဖြူသဏ္ဌာန်များကို လှမ်းမြင်သဖြင့် ဦးဇန်ကောင်းက ခပ်တိုးတိုး သတိပေးလိုက်လေသည်။

"ဝိညာဉ်တွေ ဝင်လာပြီ၊ အနားရောက်လာတဲ့အခါ သူတို့မျက်နှာတွေကို မကြည့်မိအောင် သတိထားကြ"

အပြင်မှ တိုးဝင်လာသောဝိညာဉ်များမှာ မီးခိုးငွေ့များကို လေတိုးသကဲ့သို့ တွန့်လိမ်လှုပ်ရှားကာ ဝဲပျံနေရင်းမှ အချို့မှာ ဒေါက်တာမင်းထင်ကျော်တို့ ပုန်းအောင်းနေရာဘက်သို့ ဝေ့ဝဲရောက်လာသည်။

ကိုယ်လုံးကိုယ်ထည် မပါဘဲ ဦးခေါင်းပုံသဏ္ဌာန်များချည်း ဖြစ်သော်လည်း အားလုံးမှာ ကြောက်မက်ဖွယ်ရာ ပုံသဏ္ဌာန်များချည်းဖြစ်သည်။

သို့ကြောင့် အားလုံးမှာ ၎င်းတို့နှင့် မျက်နှာချင်း မဆိုင်မိအောင် မျက်စိမှိတ်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်များက မျက်နှာအနီးတဝိုက်မှာ ဝေ့ဝဲလှည့်ပတ်နေရာ ယပ်တောင်နှင့် ယပ်နေသကဲ့သို့ လေဟပ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့က မကြည့်ဘဲ မျက်စိမှိတ်ထားသောအခါ ထိုနေရာမှ ပြန်ထွက်ကာ လူသေများ ရှိရာသို့ သွားလေသည်။

"ဝိညာဉ်အပေါင်းတို့၊ မိစ္ဆာအပေါင်းတို့၊

ဝိညာဉ်မဲ့ခန္ဓာကိုယ်များအတွင်းသို့ လာကြလော့၊ ဝင်ကြလော့၊

ကျွန်ုပ်စေခိုင်းသောအမိန့်ကို နာခံကြလော့"

ထိုသို့ပြောသည်နှင့် ဝေ့ဝဲလျက်ရှိသောဝိညာဉ်အချို့မှာ လူသေများကိုယ်အတွင်းသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားတော့သည်။

ခဏကြာတော့ ငြိမ်သက်နေသောကိုယ်များမှာ ဆတ်ကနဲ ဆတ်ကနဲ လှုပ်ရှားလာသည်။

အချို့လူသေများမှာ အကြောဆွဲသကဲ့သို့ဖြစ်လာသည်။

"ဝင်ကြလော့. . . ဝင်ကြလော့၊

မိစ္ဆာဝိညာဉ်များ ဝင်ရောက်ပြီးထကြလော့"

ဟု အမိန့်ပေးလိုက်ရာ လူသေအချို့မှာ စတင်လှုပ်ရှားလာသည်။ မတ်တတ်အနေအထားရှိသော လူသေများမှာ မျက်လုံးဖွင့်လာသည်။

လဲနေသောလူသေများမှာ ငေါက်ကနဲ ထထိုင်လာသည်။ ပြီးလျှင် သက်ရှိလူတစ်ယောက်ကဲ့သို့ လှုပ်လှုပ်ရှားရှား





ဖြစ်လာလေသည်။

"ဝိညာဉ်မိစ္ဆာအပေါင်းတို့. . . ကျွန်ုပ်စကားကို နားထောင်ကြလော့၊ ယခု ဤဂူအတွင်းမှာ ပုန်းအောင်းနေသော ရန်သူများကို လိုက်လံရှာဖွေကာ သုတ်သင်ကြလော့"

ဟု အမိန့်ပေးလိုက်ရာ အချို့လည်း အပြင်ထွက်သွားသည်။ အချို့လည်း အတွင်းသို့ ဝင်ရန် မျက်နှာလှည့်လာသည်။

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

ဒေါက်တာမင်းထင်ကျော်က ခပ်တိုးတိုးမေးလိုက်သည်။

"ဒီမိစ္ဆာကောင်တွေကို ရှောင်လို့ လွတ်မှာမဟုတ်ဘူး၊ သူတို့ကို အရင်ရှင်းရမှာပဲ"

ဟု ပြောကာ သေနတ်များကို အဆင်သင့် ပြင်လိုက်သည်။ ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသောနေရာမှ သေနတ်မောင်းတင်သံ ကြားသော ဖုတ်ဝင်နေသော နာဂတစ်ယောက်က ဆတ်ကနဲ နားစွင့်လိုက်ပြီး တန်းတန်းမတ်မတ် လျှောက်လာလေသည်။

မနီးမဝေး ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ဦးခေါင်းပိုင်းကို သေနတ်ဖြင့် ချိန်ကာ ပစ်ချလိုက်သည်။

"ဒိုင်း. . ."

သေနတ်သံနှင့်အတူ ဖုတ်ဝင်နေသောအလောင်းမှာ ခေါင်းတစ်ခုလုံး ကြေမွသွားပြီး လဲကျသွားလေသည်။

"ရန်သူ ဟိုမှာရှိတယ်"

နတ်ဆရာက အမိန့်ပေးလိုက်သည်နှင့် လူရိုင်းအချို့က



www.burmeseclassic.com

www.burmeseclassic.com

ပြေးဝင်လာရာ သေနတ်များနှင့် ပြိုင်တူပစ်ချလိုက်သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

သေနတ်သံများ ပြိုင်တူထွက်သွားသံနှင့်အတူ လူရိုင်း အတော်များများ လဲကျသွားသောအခါ ကျန်လူရိုင်းများက နောက်ကြောင်းပြန်လှည့်ပြေးကြသည်။

မီးခိုးငွေ့များ ရှင်းသွားသောအခါ နတ်ဆရာကို မတွေ့ ရတော့ပေ။

သို့သော်. . .

ဖုတ်ဝင်နေသောလူရိုင်းများက အတင်းဝင်ရောက်လာပြီး ကိုက်ခိုက်ရာ သေနတ်မသုံးနိုင်တော့ဘဲ ဓါးလှံများကို အသုံးပြုကာ တိုက်ခိုက်ကြရသည်။

ဖုတ်ကောင်များက ချွန်ထက်သောသွားများ၊ လက်သည်းချွန်များဖြင့် တိုက်ခိုက်ရန် ကြိုးစားကြသည်။

"သူတို့လက်သည်းတွေထဲမှာ အဆိပ်တွေ ရှိတယ်. . . သတိထားကြ"

ဟု ဦးဇန်ကောင်း သတိပေးသော်လည်း နောက်ကျသွားချေပြီ။

အဖွဲ့သားအချို့မှာ လက်သည်းချွန်များဖြင့် ကုတ်ခြစ်မိသောဒဏ်ရာများ ရကြလေပြီ။

ဖုတ်ကောင်များမှာ ဓါးဖြင့် လှံဖြင့် ထိုး၍ ထုတ်ချင်းပေါက်သွားသော်လည်း မလဲဘဲ ရှိနေရာ နောက်ဆုံး ဓါးများဖြင့် လည်ပင်းကို ဖြတ်ချမှ လဲသွားကြသည်။





သို့တိုင်အောင် ပြန်ထရန် အကြိမ်ကြိမ် ကြိုးစားနေသေးသည်။ ခေါင်းမရှိတော့သဖြင့် မထနိုင်တော့ပေ။

နောက်ဆုံးတော့ ဖုတ်ဝင်နေသောနာဂများကို ရှင်းလင်းနိုင်ကြသည်။

ထိုအချိန်မှာ အဆိပ်လက်သည်း ထိသဖြင့် အဆိပ်တက်စပြုလာသူတို့မှာ တစ်ကိုယ်လုံး အကြောများ တုန့်ဆိုင်းလာသကဲ့သို့ဖြစ်ကာ မလှုပ်နိုင်သကဲ့သို့ ဖြစ်လာတော့သည်။

ထိုအခါ ဦးဇန်ကောင်းက အဆိပ်ဖြေဆေးပင်များ ရှိရာသို့ အလျှင်အမြန် သွားကာ အဆိပ်ဖြေဆေးပင်များနှင့် ကျောက်သွေးရည်များကို ရသမျှ သယ်ယူလာပြီး ဒဏ်ရာရနေသူများကို အလျှင်အမြန် ကုသပေးလေသည်။

အဆိပ်ဖြေဆေးပင်များကို ထုထောင်းပြီး ဒဏ်ရာရထားသောနေရာများကို အရည်ညှစ်ချခြင်း၊ အဖပ်များကို အုံ၍ ပတ်တီးစည်းပေးခြင်းများ ပြုလုပ်ပေးသည့်အပြင် ကျောက်သွေးရည်များကို တိုက်ပေးတော့ တဖျင်းဖျင်း တက်နေသောအဆိပ်များ တဖြည်းဖြည်း ပြန်လျော့ကျသွားသည်။

ထိုအခါမှ အကြောများ ပြန်လျော့ကျလာပြီး လှုပ်ရှား၍ ရလာတော့သည်။

"အတော်ပြင်းတဲ့အဆိပ်ပဲ. . . ထိတာနဲ့ တစ်ကိုယ်လုံးအကြောတွေ သေသွားပြီး မလှုပ်နိုင်အောင် ဖြစ်သွားတာပဲ"

"ဒီဂူထဲမှာ အဆိပ်ဖြေဆေးပင်တွေ ရှိတာ ကျုပ်တို့အတွက် အလွန်ကံကောင်းကြတယ်၊ မဟုတ်ရင် ဘာမှ လုပ်လို့



www.burmeseclassic.com

www.burmeseclassic.com

ရမှာမဟုတ်ဘူး. . . မုချသေရမှာပဲ"

ဒဏ်ရာရနေသူများမှာ သာမန်ဒဏ်ရာမှ နာရုံလောက်သာရှိပြီး ဆိုးဆိုးဝါးဝါး မဖြစ်တော့သဖြင့် လူရိုင်းများနောက်သို့ လိုက်ရန် ပြင်ကြလေသည်။

"လိုလိုမယ်မယ် အဆိပ်ဖြေဆေးပင်တွေကို ရသမျှ နုတ်ယူခဲ့ကြ၊ နောက်ပြီး ဂူထဲကို အဆိပ်ငွေ့တွေ လွှတ်ချင်လွှတ်မှာဆိုတော့ ပုဝါတွေနဲ့ နှာခေါင်းပါးစပ်နေရာတွေကို စည်းထားကြတာ မမှားဘူး"

ဟု သတိပေးသဖြင့် ပါလာသောပုဝါများဖြင့် နှာခေါင်းပေါက်ကို ပိတ်စည်းပြီး ထိုနေရာမှ ထွက်ခဲ့ကြလေသည်။

ဂူအတွင်းတလျှောက်မှာတော့ ၎င်းတို့ လိုက်လာလျှင် တိုက်ခိုက်ရန် အသင့်စောင့်ဆိုင်းနေသော လူရိုင်းအချို့ ရှိနေလေသည်။

အမှောင်ထဲမှာ ဖြစ်သောကြောင့် လူရိုင်းများ၏ကိုယ်ပေါ်မှာ မီးစုန်းများ လူးထားသော်လည်း အရောင်လက်နေသောကြောင့် မြင်နိုင်လေသည်။

၎င်းတို့သည် အဆိပ်လူးမြားများကို လေး၌ တပ်ဆင်ကာ ပစ်ခတ်ရန် အသင့်စောင့်ဆိုင်းနေကြသည်။

အချို့က ကျောက်တုံးများနောက်ဘက်၌လည်းကောင်း၊ အချို့က အထက်ပိုင်းမှာ ရှိသော ကျောက်ချပ်များကို ကွယ်၍လည်းကောင်း စောင့်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းအဖွဲ့သားများအား





ရှေ့ဆက်မသွားရန် သတိပေးလိုက်ပြီး ညကြည့်မှန်ပြောင်းကို ထုတ်၍ ရန်သူများ ရှိရာသို့ ကြည့်သည်။

လူရိုင်းများမှာ ပုန်းနေသည်ဆိုသော်လည်း ဦးခေါင်း ထွက်၍ ကြည့်နေသောကြောင့် မြင်နေရသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းတို့ ပုန်းအောင်းနေသောနေရာများကို အသေအချာ မှတ်သားပြီး ၎င်းအဖွဲ့သားများကို ပြောသည်။

"ဟိုအပေါ်က ကျောက်ချပ်နောက်မှာ သုံးယောက်ရှိတယ်၊ ဟိုအရှေ့ကျောက်တုံးနောက်မှာ နှစ်ယောက်ရှိတယ်၊ ဒီတော့ သေနတ်ကိုင်ထားတဲ့လူတွေက သူတို့ရှိတဲ့နေရာတွေကို သေသေချာချာ ကြည့်ထားပါ"

ဟု လက်နှိပ်ဓါတ်မီးရောင်နှင့် လူရိုင်းများ ပုန်းနေရာသို့ ထိုးပြသည်။

"ကျောက်တုံးနောက်က နှစ်ယောက်ကို စောထီးနဲ့ ငမဲအောင်က တာဝန်ယူ၊ အပေါ်က သုံးယောက်ကို ကျွန်တော်ရယ်၊ ဘရန်ဆိုင်းရယ်၊ ကျော်စွာရယ်က တာဝန်ယူမယ်၊

တိုက်ခိုက်တဲ့နေရာမှာလည်း လက်မနှေးကြဖို့ အရေးကြီးတယ်၊ မဟုတ်ရင် အဆိပ်လူးမြားတွေက ချက်ချင်းရောက်လာလိမ့်မယ်"

"စိတ်ချစမ်းပါ ဆရာရယ်၊ ပျံနေတဲ့ ငှက်ကိုတောင် မလွတ်တမ်း ပစ်နိုင်တဲ့လက်တွေပါ၊ ဒီလောက်တော့ စိတ်ပူစရာ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျော်စွာက ပြောလိုက်သည်။

ထို့နောက်. . .

သေနတ်များကို ကျည်ထိုးမောင်းတင်ပြီး မိမိတို့အတွက် သတ်မှတ်ထားသောပစ်မှတ်များ ရှိရာသို့ သေနတ်ဖြင့် ချိန်ကာ ရှေ့သို့ တိုးသွားသည်နှင့် အသင့်စောင့်နေသော လူရိုင်းများက လည်း မြားဖြင့် ပစ်ရန် နေရာမှ ထလာကြသည်။

၎င်းတို့ ထလာသည်နှင့် သေနတ်သံများ ဆူညံစွာ ပေါ် ထွက်သွားလေတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

အားလုံး သေနတ်ပစ် လက်ဖြောင့်ကြသူများချည်းမို့ နေရာမှ မိုက်မိုက်မဲမဲ ထလာသော လူရိုင်းငါးယောက်စလုံး နောက်သို့ လန်ကျသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က နောက်ထပ် ရန်သူအခြေ အနေကို ကြည့်သောအခါ ဂူအတွင်းမှာ နောက်ထပ် အခြေ အနေ မထူးခြားသည်ကို တွေ့ရတော့မှ ရှေ့ဆက်တိုးသွားကြရာ ရေတံခါးအနီးသို့ ပြန်ရောက်လာကြလေသည်။

ထိုနေရာမှာလည်း ဘာမှ အခြေအနေမထူးသဖြင့် ရှေ့ ဆက်သွားကြရာ နောက်ဆုံး အပေါ်တက်သည့်လမ်းရှိရာသို့ ရောက်သွားကြသည်။

လမ်းမှာ လူနှစ်ယောက် တက်သာဆင်းသာရုံ ရှိပြီး ဘေး တစ်ဖက်တစ်ချက်၌ ကျောက်သားနံရံများသာရှိသည်။

ထိုနေရာလမ်းတလျှောက်မှာ အဆင်းအတက် ပြုလုပ်





ရန် ကျောက်လှေခါးထစ်ကလေးများမှလွဲပြီး အခြားဘာမှမရှိပေ။

အကယ်၍ ထိုလမ်းမှ တက်သွားလျှင် လမ်းတဝက် ရောက်သည်နှင့် အပေါ်မှ ကျောက်တုံးကြီး လှိမ့်ချရန် အရံသင့် စီစဉ်ထားသည်ကို အတိုင်းသား မြင်နေရသည်။

"ဘယ်လိုလုပ်မလဲ"

"ဒီကနေ သေနတ်နဲ့ အဆက်မပြတ် ပစ်ပေးထားပြီး အချို့က ခပ်မြန်မြန် ပြေးတက်သွားရင် မရနိုင်ဘူးလား"

"သေနတ်နဲ့ ပစ်လည်း ထိနိုင်တာမှ မဟုတ်တာ၊ အကျိုး ထူးမယ် မထင်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ ထွက်ပေါက်က ဒီတစ် လမ်းပဲ ရှိတာဆိုတော့ အနာခံပြီး မဖောက်ရင် ရမယ်မထင်ဘူး"

"အခုအတိုင်း တက်လို့ မလွယ်သေးရင် ညမှောင်တဲ့ အချိန်ရောက်မှ တက်ရင် ဘယ်လိုနေမလဲ"

"သူတို့ကတော့ အပေါ်ကနေ စောင့်နေမှာပဲ"

"ဒီလိုလုပ်ရင် မကောင်းဘူးလား"

ဒေါက်တာမင်းထင်ကျော်က ၎င်းစိတ်ကူးထားသော အကြံအစည်ကို ပြောပြလေသည်။

ထိုစကားကြားသောအခါ ကျန်လူများမှာ မျက်လုံးပြူး သွားကြလေသည်။

"ဖြစ်ပါ့မလား ဆရာ၊ အန္တရာယ်တော့ အတော်ကြီး မယ်"

"ဒီလိုမှ မစွန့်စားရင် ရမှာမဟုတ်ဘူး၊ တိုက်ပွဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးမြှုပ်နှံသလိုပဲ စွန့်စားတန်ရင် အနာခံပြီး စွန့်စားရမှာပဲ"

"ဆရာခိုင်းရင် ကျွန်တော်တို့က ဘာကိုပဲ လုပ်ရလုပ်ရ မကြောက်ပါဘူး၊ ဘယ်လိုလုပ်ရမယ်ဆိုတာကိုသာ အသေးစိတ် ပြောပြပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ၎င်းစိတ်ကူးထားသည့်နည်းဗျူဟာကို ပြောပြလေသည်။







## အခန်း(၁၄)

# ကျောက်မျက်နှာနှင့် အန္တရာယ်ဆိုး

ပထမအစီအစဉ်အနေနှင့် ဘရန်ဆိုင်းနှင့် ကျော်စွာတို့ နှစ်ယောက်ကို သေနတ်၊ ကျည်ဆံ၊ လက်ပစ်ဗုံးအချို့ကို ပေးထားခဲ့ပြီး ဆင်းလမ်းအောက်ဖက်နေရာမှ စောင့်ခိုင်းထားသည်။

"ဆင်းလာတဲ့လူ မှန်သမျှ တစ်ယောက်မှ အလွတ်မပေးနဲ့"

ဟု မှာကြားခဲ့ပြီး ရေတံခါးရှိရာသို့ လျှောက်လာကြသည်။ ရေတံခါးနေရာ ရောက်သောအခါ ဦးပန်ကောင်းနှင့်



www.burmeseclassic.com

ကြိုးစွတ္တ www.burmeseclassic.com

အောင်မင်းအောင်တို့နှစ်ယောက်ကို ရေတံခါးမောင်းတံ လှည့်ရန် တာဝန်ပေးလိုက်သည်။

"ဆရာကြီးတို့က ရေတံခါးမောင်းတံကို ချလိုက်ပေတော့၊ ကျောက်တံခါး ပွင့်တာနဲ့ ကျွန်တော်တို့က အထဲကို ပြန်ဝင်မယ်"

"သတိထားနော် မောင်ထင်ကျော်"

"စိတ်ချပါ. . . ကျွန်တော်တို့ အပြင်ပြန်ရောက်တာနဲ့ ရေတံခါးကို ဖွင့်ချလိုက်ပေတော့"

"စိတ်ချ. . . "

ဦးဖန်ကောင်းတို့နှစ်ယောက်ကို ရေတံခါးအနီး၌ ထားခဲ့ပြီး ဒေါက်တာမင်းထင်ကျော်၊ စောထီး၊ ငမဲအောင်နှင့် မုဆိုးခွန်ဆန်တို့လေးယောက် လျှို့ဝှက်တံခါးဝ ရှိရာသို့ သွားကြလေသည်။

ခဏကြာတော့ ဦးဖန်ကောင်းတို့က ရေတံခါးမောင်း ပိတ်လိုက်ပြီဖြစ်သောကြောင့် ရေပူများက လျှံတက်ပြီးနောက် ကျောက်ပုတ်ကြီးအား ထိသည်။

ကျောက်ပုတ်ကြီးက ပွတက်လာပြီး လျှို့ဝှက်ကျောက်တံခါးကို ဖိသည်။

ထိုဖိအားကြောင့် ကျောက်တံခါးက တအိအိနှင့် ပွင့်လာသည်။

လူတစ်ယောက် ဝင်သာရုံ ဟသွားသောအခါ လေးယောက်သား အတွင်းသို့ ဝင်ကြသည်။





အတွင်းဘက်မှာတော့ မှောင်မည်းလျက်ပင်ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က အပေါ်ဘက်သို့ လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်သောအခါ ကျောက်တုံးကြီးက ပိတ်မြဲပိတ်လျက်သားပင် ရှိနေသေးသည်။

ဒေါက်တာမင်းထင်ကျော်နှင့်စောထီးက လိုအပ်သော ပစ္စည်းများကို ယူဆောင်ပြီး လှေခါးထစ်များမှ အပေါ်သို့ တက်သွားကြသည်။

လှေခါးထစ်များမှာ ကိုင်တွယ်စရာ မရှိသောကြောင့် သတိထား၍ တက်ကြရသည်။

အပေါ်သို့ ရောက်သောအခါ ကျောက်စွန်းကြားထဲသို့ လုံတစ်ချောင်း ထိုးသွင်းပြီး အရှိုးမှာ ကြိုးရှည်တစ်ချောင်း ချည်ကာ အောက်သို့ ချပေးလိုက်သည်။

အောက်မှာ စောင့်နေသော စောထီးနှင့်ငမဲအောင်တို့က ကြိုးစကို ဖမ်းကိုင်ထားသည်။

စောထီးက တွင်းပေါက်ဝမှာ ပိတ်ဆို့နေသော ကျောက်တုံးကြီးအောက်သို့ တွင်းပေါက်တစ်ခု တူးနေသည်။

ကျောက်သားများဖြစ်သောကြောင့် ခက်ခက်ခဲခဲ တူးမှ အနည်းငယ် ကျယ်သောတွင်းပေါက် ရလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုတွင်းပေါက်အတွင်းသို့ မိုင်းထုတ်များ ထည့်လိုက်သည်။

"ကဲ. . . စောထီး မင်းအရင်ဆင်းပေတော့"

"ဆရာ အရင်ဆင်းပါ၊ ကျန်တာကို ကျွန်တော်လုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအရင်ဆင်းနှင့်၊ ဒါက ငါလုပ်မှ ရမှာကွ"

"သတိထားနော် ဆရာ"

ဟု ပြောဆိုကာ စောထီးက ကြိုးမှ ကိုင်ကာ အောက်သို့ လျှောဆင်းသွားလေသည်။

အောက်ရောက်သောအခါ ကြိုးကို လှုပ်၍ အချက်ပေးသည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှ မီးခြစ်ကို ထုတ်ယူပြီး စနက်တံကို မီးရှို့လိုက်သည်။

စနက်တံကို မီးစွဲသည်နှင့် ကြိုးမှ ကိုင်ကာ အောက်သို့ အလျင်အမြန် လျှောချလိုက်သည်။

"အမြန်ထွက်ကြတော့"

ဟု အော်ပြောလိုက်သည်နှင့် ကျန်သုံးယောက်က ဟနေသောနေရာမှ အပြင်သို့ ထွက်နှင့်ကြသည်။

သူ အောက်ရောက်သည်နှင့် ပေါက်ကွဲသံကြီး ပေါ်လာလေတော့သည်။

"ဝုန်း. . . ဝုန်း"

ဒေါက်တာမင်းထင်ကျော်လည်း အောက်သို့ ခုန်ချကာ ဟ,နေသောတံခါးမှ အပြင်သို့ ထွက်လိုက်သည်။

သူ အပြင်ရောက်သည်နှင့် အပေါ်မှ ကျောက်တုံးကျောက်ခဲများက တွင်းထဲသို့ အဆက်မပြတ် ကျဆင်းနေသော အသံများကို အတိုင်းသား ကြားနေရသည်။

"ဝုန်း. . . ဒုံး"

ထိုအသံများကို နားထောင်ရင်း ဒေါက်တာမင်းထင်





ကျော်က. . .

"အပေါ်မှာ ကျနေတဲ့ကျောက်တုံးကျောက်ခဲတွေ အောက်က ဂူပေါက်ဝကို မပိတ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

ဟု တိုးတိုးလေး ရေရွတ်လိုက်သည်။

အတန်ကြာသောအခါ ဆူဆူညံညံအသံများ ပြန်လည်ငြိမ်သက်သွားလေသည်။

ထိုအခါမှ ဟနေသောတံခါးဝမှ အတွင်းသို့ လှမ်းကြည့်သောအခါ လူတစ်ကိုယ် ဝင်သာရုံအပေါက် ရှိနေသည်ကို တွေ့ရသဖြင့် ဝမ်းသာသွားသည်။

အတွင်းသို့ ဝင်ကြည့်သောအခါ ကျောက်ခဲပုံများ ပြိုကျနေသော်လည်း အပေါ်တက်ရန် လှေခါးများက မပျက်စီးဘဲ တွင်းပေါက်ဝမှာလည်း ပွင့်နေချေပြီ။

"ငမဲအောင်. . . ကျန်တဲ့လူတွေကို ဒီအထဲကို အမြန်လာခဲ့ဖို့ သွားခေါ်ပေတော့၊ ဦးဇန်ကောင်းတို့ကိုလည်း ရေတံခါးပြန်ဖွင့်ခဲ့ဖို့ ပြောလိုက်"

ဟု မှာကြားကာ ဒေါက်တာမင်းထင်ကျော်နှင့် စောထီး၊ ခွန်ဆန်တို့သုံးယောက်က အပေါ်သို့ အလျင်အမြန် တက်ကြလေသည်။

အကယ်၍ ပေါက်ကွဲသံ ကြားပြီး လူရိုင်းများ ရောက်လာပါက အပေါ်တက်ရန် မလွယ်ကူတော့ပေ။

သူတို့သုံးယောက် အပေါ်ရောက်သောအခါ မလှမ်းမကမ်းမှ ပြေးလာသော လူရိုင်းအချို့ကို မြင်ရသဖြင့် သေနတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

လှမ်းပစ်ကြရသည်။

ထိုအချိန်မှာ တွင်းထဲမှ လူများကလည်း အပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် တက်လာကြရာ နောက်ဆုံး ရှစ်ယောက်စလုံး အပေါ်ရောက်ကြတော့သည်။

ထိုအချိန်မှာပင် ဥမင်လမ်းကြောင်းအတွင်းသို့ လူရိုင်းအချို့ ပြေးဝင်လာရာ သေနတ်များဖြင့် ပစ်ခတ်သုတ်သင်ပြီးမှ အပြင်သို့ ထွက်ကြရသည်။

ဥမင်လမ်းကြောင်းမှ အပြင်ထွက်လိုက်သောအခါမှာတော့ ပတ်ဝန်းကျင်မှာ ရန်သူများ မတွေ့ရတော့ပေ။

၎င်းတို့သည် ကျောက်မျက်နှာဂူအတွင်းမှ အပြင်သို့ ထွက်လိုက်ကြပြီးနောက် လုံခြုံသောနေရာတစ်ခုသို့ သွားရောက်ကာ လျှို့ဝှက်စွာ နေကြလေသည်။

သူတို့ရှိနေသောနေရာမှ လှမ်းကြည့်ပါက ကျောက်မျက်နှာဂူတဝိုက်ကို ကောင်းစွာလှမ်းမြင်ရသည်။

ထိုနေရာတဝိုက်မှာတော့ လူရိုင်းများ ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေသည်ကို လှမ်းမြင်ရသည်။

"ဘယ်လိုလုပ်မလဲ မောင်ထင်ကျော်"

"ညမှောင်လာရင် တောင်ခြေကို တကျော့ပြန်ဝင်မယ်၊ ပြီးရင် သူတို့ သိုဝှက်ခြောက်ဆင်ထားတဲ့မျက်လုံးတွေကို ဖောက်ယူရမယ်၊ မျက်လုံးတွေ မရှိရင် သူတို့ အဝေးကို မမြင်ရတော့ဘူး၊ အဲဒီအချိန်မှာ ဂူထဲကို တစ်ကျော့ပြန်ဝင်ပြီး တိုက်ကြမယ်"

"ကောင်းတယ်. . . သူတို့ရဲ့နတ်ဆရာကို ဖမ်းရမယ်၊





သူရှိနေရင် ဒီနားတဝိုက်မှာ ရှိတဲ့ ရွာသူရွာသားတွေ ယဇ်ပူဇော်ခံနေရမယ်"

"ဒါ့အပြင် ကျွန်တော်တို့ကို ထောင်ချောက်ထဲ ထည့်သွားတဲ့ ဇာလာဆိုတဲ့မိန်းမကို ရှာပြီးသတ်ရမယ်၊ နောက်ပြီး ရွာလူကြီးရဲ့သမီးကိုလည်း ရှာကြရဦးမယ်၊

အဆိပ်ဖြေဆေးပင်နဲ့ အသက်ရှည်ဆေးပင်တွေကိုလည်း ရသလောက် ယူကြရမယ်"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

ကျောက်မျက်နှာတောင်တဝိုက်မှာ လူရိုင်းများ သွားလာလှုပ်ရှားနေမှုများကို ဒေါက်တာမင်းထင်ကျော်က တစ်ချိန်လုံး မှန်ပြောင်းဖြင့် ထိုင်ကြည့်နေသည်။

"သူတို့တတွေမှာ လူအင်အား သိပ်မရှိဘူး၊ အလွန်ဆုံးရှိမှ လေးဆယ်ငါးဆယ်လောက်ပဲ ရှိမယ်"

"ဒီလောက်ကတော့ စိတ်ပူစရာ မရှိပါဘူး၊ နိုင်အောင်တိုက်နိုင်ပါတယ်"

ထို့နောက်. . .

ညဘက် အမှောင်ယံ ဖုံးသောအချိန်ကို စောင့်ရင်း ၎င်းတို့၌ ပါလာသောအစားအသောက်များကို စားသောက်ကြလေသည်။

ညအမှောင်ရိပ် ဖုံးသောအချိန်တွင် တောင်ခြေသို့ တကျော့ပြန်ကပ်ကြလေသည်။

"ညဘက်ဆိုတော့ သေနတ်တွေ သုံးလို့မသင့်ဘူး၊ အသံ



www.burmeseclassic.com

www.burmeseclassic.com



မထွက်တဲ့ လေးနဲ့မြှားကိုပဲ သုံးမယ်၊ ဓါးနဲ့လှံတွေကိုပဲ သုံးမယ်"

ဟု ပြောရာ စောထီးက ၎င်းကိုင်ဆောင်လေ့ရှိသော ခြောက်လက်မခန့် အရှည်ရှိသော ပေါက်ဓါးများကို ပြင်ဆင်နေသည်။

၎င်းတို့အဖွဲ့မှာ သေနတ်ကိုယ်စီ ရှိသည့်အပြင် အရေးကြုံလျှင် အသုံးပြုနိုင်သော လက်ပစ်ဗုံးများ ပါလာသောကြောင့် အားရှိစရာပင်ဖြစ်သည်။

တောင်ခြေအနီးရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ညကြည့်မှန်ပြောင်းဖြင့် ပတ်ဝန်းကျင်ကိုကြည့်နေသည်။

"တောင်ခြေမှာ လူရိုင်းသုံးယောက်ရှိနေတယ်၊ သူတို့က တစ်ယောက်တစ်နေရာစီဆိုတော့ တစ်ယောက်ချင်း တာဝန်ယူပြီး ရှင်းမှဖြစ်မယ်၊ ခွန်ဆန်က အလယ်မှာ ရှိတဲ့တစ်ယောက်ကို တာဝန်ယူ"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်က ရန်သူရှိသော နေရာသို့ လက်ညှိုးထိုးပြရာ ခွန်ဆန်က လေးနှင့်မြှားကို ယူပြီး ခြေသံမကြားအောင် ထွက်သွားလေသည်။

"စောထီးနဲ့ငမဲအောင်က ဟိုဘက်မှာ ရှိတဲ့နှစ်ယောက်ကို တစ်ယောက်စီ တာဝန်ယူကြ. . . အသံမထွက်စေနဲ့"

"စိတ်ချစမ်းပါ ဆရာရယ်၊ ဝက်သတ်တာကမှ 'ကျွီ' ကနဲ အသံထွက်ဦးမယ်၊ ဒီလူရိုင်းတွေလောက်တော့ လက်တောင်သွေးပူလိုက်မှာ မဟုတ်ဘူး"

ဟု ခပ်ကြွားကြွား ပြောကာ နှစ်ယောက်သား ထွက်





သွားကြလေသည်။

လေးနှင့်မြှားကို အဆင်သင့်ပြင်ကာ ထွက်သွားသော ခွန်ဆန်မှာ အမှောင်ရိပ် ကွယ်ကာ လူရိုင်းရှိနေသောနေရာသို့ ချဉ်းကပ်သွားလေသည်။

လူရိုင်းမှာ မီးစုန်းဓါတ်များ သုပ်ထားသောကြောင့် ၎င်းတို့ကိုယ်မှ အရောင်များ ထွက်နေရာ အမှောင်ထဲမှာ အလွယ်တကူ လှမ်းမြင်နိုင်လေသည်။

လူရိုင်းလက်ထဲမှာလည်း လေးနှင့်မြှား ကိုင်ထားသည်။ ထိုကဲ့သို့ ရှိနေစဉ် ခွန်ဆန်မှာ ကျောက်တုံးတစ်တုံးကို တိုက်မိရာ အောက်သို့ လိမ့်ဆင်းသွားရာ လူရိုင်းက အသံကြားရာဘက်သို့ လှောက်လာရာ ခွန်ဆန်က မြှားနှင့် ပစ်ချလိုက်သည်။

"ဒုတ်. . ."

"အင့်. . ."

အဆိပ်လူးမြှားတံက ရင်ဝကို စိုက်ဝင်သွားရာ အနည်းငယ်သာ ညည်းညူနိုင်ပြီး လဲကျသွားလေတော့သည်။

ခွန်ဆန်က အနားပြေးသွားပြီးနောက် အသက်ပျောက်နေသောလူရိုင်းကို ကျောက်ဆောင်တစ်ခုကြားသို့ ဆွဲသွင်းထားလိုက်သည်။

ထိုအချိန်မှာပင် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်မှာလည်း ၎င်းတို့ တာဝန်ယူထားသော လူရိုင်းနှစ်ယောက်တို့ကို တစ်စက်ကလေးမှ အသံမထွက်စေဘဲ သုတ်သင်လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စောထီး၏ပေါက်ခါးတစ်လက်က လူရိုင်းတစ်ယောက်၏ရင်ဝကို စိုက်ဝင်သွားသလို ငမဲအောင်၏လှံချက်ကလည်း လူရိုင်းကို တစ်ချက်တည်းနှင့် အသက်ပျောက်သွားစေသည်။

အားလုံးရှင်းပြီး၍ အချက်ပေးလိုက်သောအခါ ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာကြသည်။

"အခြေအနေ ဘယ်လိုလဲ"

"သွေးတောင် မပူလိုက်ပါဘူး ဆရာရယ်"

"စိတ်မပူပါနဲ့. . . တော်ကြာ သွေးပူလေ့ကျင့်ခန်းတွေ လုပ်ရတော့မှာပေါ့၊ ကဲ. . . ငါတို့သုံးယောက် ကျောက်နှာတောင်ပေါ်ကို တက်ကြမယ်၊ ကျန်တဲ့လူတွေက အောက်မှာပဲ စောင့်နေကြပါ၊ ရန်သူနဲ့ တွေ့ရင်တော့ လက်မနှေးကြဖို့ အရေးကြီးတယ်"

"စိတ်ချပါ"

ထို့နောက်. . .

ဒေါက်တာမင်းထင်ကျော်၊ စောထီး၊ ငမဲအောင်တို့သုံးယောက် ကျောက်မျက်နှာတောင်ပေါ်သို့ တက်ကြလေသည်။

ထိုအချိန်မှာ လရောင်မထွက်သေးသောကြောင့် အစိမ်းရောင်များလည်း မရှိသေးပေ။

ကျောက်မျက်နှာတောင်မှာ မတ်စောက်သည်ဆိုသော်လည်း အဖုအထစ်များ ရှိသောကြောင့် တက်ရသည်မှာ မခက်ခဲလှပေ။

အတန်ကြာအောင် ကြိုးစားတက်ရာ နောက်ဆုံး





ကျောက်တောင်ထိပ်သို့ ရောက်သွားကြသည်။

ထိုနေရာမှာ ကျောက်တောင်၏ဦးခေါင်းပိုင်းဆိုက မများပေ။

သူတို့ရောက်သွားသောနေရာမှာ မျက်လုံးပေါက်ရှိသောနေရာဖြစ်သည်။

အောက်မှာ အရိုးနှာခေါင်းပေါက်နှင့် တူသောအပေါက်ကြီးနှစ်ပေါက်ရှိသည်။

ထိုနေရာမှ ဝင်သွားလျှင် အတွင်းသို့ ရောက်နိုင်ဟန်ရှိလေသည်။

အပေါက်မှာ လူတစ်ယောက်နှစ်ယောက် ကောင်းစွာဝင်နိုင်လောက်အောင် ကျယ်ဝန်းလေသည်။

အောက်မှာတော့ အရိုးခေါင်း၏ပါးစပ်နှင့်တူသော ဝင်ပေါက်ကြီးရှိသည်။

ထိုအပေါက်ကြီးမှာ ဂူအတွင်းသို့ အဝင်အထွက် ပြုလုပ်ရာနေရာလည်းဖြစ်သည်။

ဦးခေါင်းထိပ်နေရာနှင့် ပါးစပ်ပေါက် ရှိသောနေရာမှာ အတော်ကွာဝေးပြီး အောက်ဘက်၌ လူရိုင်းအချို့ကို လှမ်းမြင်နေရသည်။

"ကဲ. . . မင်းတို့နှစ်ယောက်က မျက်လုံးထဲမှာ ထည့်ထားတဲ့ကျောက်နှစ်လုံးစလုံး ဖြုတ်ကြပေတော့၊

သတိတော့ ထားပေါ့၊ အောက်ကို ပြုတ်ကျသွားမယ်"

ဟု ပြောသဖြင့် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



လုံ့နှင့်ဓါးကို ယူပြီး မျက်လုံးပေါက် ရှိရာသို့ သွားကြလေသည်။

မျက်လုံးပေါက်နှစ်ခုမှာ အရိုးခေါင်းမျက်လုံးနှင့် သဏ္ဍာန်တူပြီး အတွင်း၌ အရောင်လက်နေသောကျောက်တုံးများ မြှုပ်ထားလေသည်။

ထိုကျောက်တုံးနှစ်လုံးမှာ အနီတစ်လုံး၊ အစိမ်းတစ်လုံးဖြစ်သည်။

အမှန်တော့ ထိုကျောက်နှစ်လုံးမှာ အရည်အသွေးကောင်းလှသော ပတ္တမြားနှင့် မြရတနာများဖြစ်ပေသည်။

ထိုရတနာနှစ်လုံးကို ကျောက်မျက်နှာတောင်၏မျက်လုံးပေါက်နေရာတွင် တပ်ဆင်ထားသဖြင့် အပြင်မှ နေရောင်၊ လရောင်များနှင့် ထိပါက အလင်းရောင် ပြန်စေရန် စီမံပြုလုပ်ထားခြင်းဖြစ်သည်။

ထိုကျောက်များမှတဆင့် ဖြတ်သန်းသွားသော အလင်းရောင်တို့မှာ ကျောက်ဂူအတွင်း၌ ရှိသည့် သလင်းကျောက်တုံးများ ရှိရာသို့ သွားဟပ်သောအခါ အပြင်ဘက်မှ မြင်ကွင်းများသည် သလင်းကျောက်တုံးအတွင်း၌ သွားရောက်ထင်ဟပ်နေတော့သည်။

တကယ်တော့ ထိုမျက်လုံးပေါက်နှစ်လုံးမှာ ကင်မရာတွင် တပ်ဆင်ထားသော မှန်ဘီလူးကဲ့သို့ အပြင်ဘက်မှ လှုပ်ရှားမှုများကို ဓါတ်ပုံရိုက်သကဲ့သို့ မြင်ရခြင်းပင်ဖြစ်ပေသည်။

စောထီးနှင့်ငမဲအောင်တို့က မျက်လုံးပေါက်နား ရောက်သောအခါ အတွင်းမှ ရတနာများကို လှံ၊ ဓါးများကို အသုံးပြု၍





ကော်ထုတ်လိုက်သည်။

ထိုနှစ်ခုစလုံး အပြင်ရောက်သွားသည်နှင့် ဂူကြီးတစ်ခုလုံး လျှင်လှုပ်သကဲ့သို့ သိမ့်သိမ့်တုန်လာလေတော့သည်။

"ဘာဖြစ်တာလဲ"

"မသိဘူး. . . အောက်ကို အမြန်ဆင်းကြမှ ဖြစ်မယ်"

ကျောက်မျက်နှာဂူကြီးမှာ လျှင်ပြင်းစွာလှုပ်သကဲ့သို့ သွက်သွက်ခါအောင် လှုပ်လာလေရာ ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်လည်း အောက်သို့ ရောက်အောင် ပြန်ဆင်းကြသော်လည်း ဂူကြီးတစ်ခုလုံး သိမ့်သိမ့်တုန်နေသောကြောင့် ခက်ခက်ခဲခဲ ဆင်းကြရသည်။

သူတို့သုံးယောက် အောက်ခြေရောက်သောအခါ ဂူကြီးမှာလည်း တဝုန်းဝုန်းနှင့် ပြိုကျနေချေပြီ။

ဂူထဲမှ ပြေးထွက်လာသော လူရိုင်းများမှာလည်း အချို့ ပြိုကျလာသော ကျောက်တုံးများအောက်သို့ ရောက်ကာ အသက်ပျောက်သွားကြလေသည်။

အချို့လည်း ဂူအပြင်ရောက်အောင် ပြေးထွက်လာနိုင်ကြသည်။ လူရိုင်းများမှ ဒေါက်တာမင်းထင်ကျော်တို့နှင့် ရင်ဆိုင်တွေ့သော်လည်း တိုက်ခိုက်ခြင်း မပြုဘဲ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ဘေးလွတ်ရာသို့ ပြေးကြလေသည်။

"နတ်ဆရာနှင့် ဇာလာကို တွေ့အောင်ရှာရမယ်"

ဟု ပြောဆိုကာ ရှုပ်ယှက်ခတ်နေသောလူများကြားမှာ လိုက်လံရှာဖွေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် လူရိုင်းများနှင့် ရောနှောကာ ပြေးထွက်လာသော မိန်းကလေးတစ်ယောက်ကို မြင်ရသဖြင့် ဒေါက်တာမင်းထင်ကျော်က လက်ကို ဖမ်းဆွဲလိုက်သည်။

"မင်း နာဂရွာလူကြီးရဲ့သမီးလား"

ထိုမိန်းကလေးက ခေါင်းညိတ်ပြသည်။

"ဇာလာရော ဘယ်မှာလဲ"

မိန်းကလေးက ဂူအတွင်းသို့ ပြေးဝင်လာသည်။ ထိုအခိုက်မှာပင် ဂူအတွင်းမှာ ကျောက်တုံးများက နေရာအနှံ့ ပြိုကျနေချေပြီ၊ အတွင်းမှာလည်း လူရိုင်းများ မရှိတော့ပေ။

နတ်ဆရာနှင့်ဇာလာတို့ကို မတွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်က အသံကျယ်ကျယ်နှင့် ခေါ်လိုက်သည်။

"ဇာလာ. . . ဇာလာ"

၎င်း၏အော်သံက ကျောက်တုံးများ ပြိုကျသံနှင့် ရောနှောသွားလေသည်။

"ဇာလာ. . . ဇာလာ"

နောက်တစ်ကြိမ် အော်သောအခါ အတွင်းပိုင်းတစ်နေရာမှ အမျိုးသမီးတစ်ယောက် အော်သံသဲ့သဲ့ ကြားရသဖြင့် ပြိုကျနေသော ကျောက်တုံးများကို သတိနှင့် ရှောင်ရင်း အတွင်းသို့ ဝင်လာခဲ့သည်။

"ဇာလာ. . . ဇာလာ"

"ကျွန်မ. . . ဒီမှာ"

အသံကြားရသောနေရာမှာ ကျောက်တုံးများ ပိတ်နေ





သောနေရာတစ်ခု၏အတွင်းပိုင်းမှဖြစ်သည်။

သေချာအောင် နောက်တစ်ကြိမ် ခေါ်ကြည့်သောအခါ အတွင်းမှ အသံကြားရသဖြင့် အပေါက်ဝမှာ ပိတ်နေသော ကျောက်တုံးများကို ဖယ်ရှားလိုက်သောအခါ အတွင်းမှာ ပိတ်နေသော ဇာလာကို တွေ့ရသဖြင့် လက်ကို ဆွဲ၍ အပြင်ထုတ်လိုက်သည်။

"ဂူပြိုနေပြီ. . . အမြန်သွားကြရအောင်"

"ကျွန်မခြေထောက်မှာ ဒဏ်ရာရနေပြီ၊ မလျှောက်နိုင်တော့ဘူး"

ဇာလာခြေထောက်တစ်ဖက်မှာ ကျောက်တုံးများနှင့် ဖိမိထားသောကြောင့် မထောက်နိုင်ဘဲ ရှိနေရာ အချိန်မရှိတော့သဖြင့် ဒေါက်တာမင်းထင်ကျော်က သူမကိုယ်ကို ပွေ့ယူပြီး အလျှင်အမြန် ထွက်ခဲ့ရတော့သည်။

ကျောက်မျက်နှာဂူကြီးကတော့ တဝုန်းဝုန်းနှင့် ပြိုကျသွားရာ နောက်ဆုံး အပေါက်ဝများအားလုံး ပိတ်သွားပြီး ကျောက်တုံးပုံဘဝသို့ ပြောင်းလဲသွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၅)

# ကျောက်ဘီလူး ကျောက်နွားနှင့် ကျောက်နဂါးရူ

နောက်တစ်နေ့နံနက်ပိုင်း နေရောင်ခြည် လင်းလာသောအခါ ယခင်က လူမျက်နှာနှင့် ပုံသဏ္ဌာန်တူသောတောင်ကြီးမှာ ကျောက်ပုံကြီးဘဝသို့ ပြောင်းလဲသွားလေတော့သည်။

ဂူင်းတောင်အတွင်းမှာ နေသောလူရိုင်းများလည်း တစ်ယောက်မှ မတွေ့ရတော့ပေ။

ထို့နှင့်အတူ နတ်ဆရာလည်း ပျောက်သွားသည်။

ဦးဇန်ကောင်းကတော့ ဝင်ပေါက်မရှိတော့ဘဲ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တုံးပုံကြီးဘ၀ ရောက်နေသော ကျောက်မျက်နှာတောင်ကို ကြည့်ရင်း စိတ်မကောင်းစွာဖြင့် ပြောဆိုနေသည်။

"အခုတော့ ကျောက်ပုတ်လည်း မစားရတော့ဘူး၊ ကျောက်သွေးလည်း မသောက်ရတော့ဘူး၊ အသက်ရှည်ဆေးပင်နဲ့ အဆိပ်ဖြေဆေးပင်တွေလည်း မရတော့ဘူး"

"ဘာတတ်နိုင်မလဲ အဘရယ်၊ ကျွန်တော်တို့ဆီမှာ ရသင့်သလောက် ရလာခဲ့တာပဲ၊ ဒါနဲ့ပဲ ကျေနပ်ပါတော့"

"ကျောက်ပုတ်ကတော့ ဂူအပြင်ဘက် ရေပူစမ်း ရှိတဲ့ နေရာတဝိုက်မှာ လိုက်ရှာရင် ကံကောင်းရင် တွေ့ချင်တွေ့နိုင်ပါတယ်၊ ကျွန်တော်တွေ့ခဲ့တုန်းက ဂူအပြင်ဘက်မှာ တွေ့ခဲ့တာပါ"

ဟု ခွန်ဆန်က ပြောသည်။

သူဆီ့ဆီမှာတော့ ကျောက်မျက်လုံးမှ ယူလာသော အရည်အသွေးကောင်းလှသည့် ပတ္တမြားတစ်လုံးနှင့် မြရတနာ တစ်လုံးတို့ ရလာခဲ့သည်။

"ကျောက်မျက်လုံးတွေကိုလည်း နှိုက်ယူလိုက်ရော ကျောက်ဂူကြီး ပြိုကျလာတာတော့ အံ့သြစရာပဲ"

"ဒါ ရှေးတုန်းက နေခဲ့တဲ့လူတွေက လျှို့ဝှက်ခလုတ် တစ်ခုကို တပ်ဆင်ထားခဲ့လို့ ဖြစ်မှာပေါ့၊ ကျွန်တော့်အထင် ပြောရရင်တော့ လေယာဉ်ပျက်က သယ်လာတဲ့ ရွှေသေတ္တာလည်း အဲဒီဂူထဲမှာပဲ ရှိမယ်ထင်တယ်"

"အခုမှတော့ ရှိနေရင်တောင် ဘာမှမတတ်နိုင်တော့ပါဘူး 'မောင်ထင်ကျော်ရယ်"





သူတို့အတွက် အဆိုးထဲက အကောင်းဟု ဆိုရပေမည်။

အဖိုးတန်ရတနာနှစ်လုံး ရခဲ့သည့်အပြင် နာဂရွာလူကြီးသမီးကိုပါ အသက်ရှင်လျက်နှင့် ပြန်လည်ကယ်တင်နိုင်လေသည်။

ဇာလာကတော့ သူမခြေထောက်တစ်ဖက်မှာ ကျောက်တုံးဖိမိသောဒဏ်ရာ ရထားသောကြောင့် ဦးဗန်ကောင်းက ဂူထဲမှ ယူလာသော အဆိပ်ဖြေဆေးပင်များကို ထောင်း၍ ဆေးစည်းပေးထားလေသည်။

"ကျွန်မအသက်ကို အခုလို ကယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဟု မျက်နှာငယ်ကလေးနှင့် ပြောသည်။

"မင်းက ငါတို့အပေါ်မှာ မာယာနဲ့ လှည့်စားပြီး ထောင်ချောက်ထဲ ကျအောင် လုပ်ခဲ့ပေမယ့် ငါတို့က လူတစ်ဖက်သားအပေါ်မှာ စေတနာ မပျက်ပါဘူး"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"တကယ်တော့ အစ်ကိုတို့ ဒုက္ခရောက်အောင် မလုပ်ချင်ပါဘူး၊ နတ်ဆရာက အတင်းခိုင်းလို့ လုပ်ရတာပါ"

"ဒါထက် မေးပါစေဦး၊ ငါတို့ထောင်ချောက်ထဲက လွတ်အောင် ရေတံခါးမောင်းကို ဘယ်သူလာချတာလဲ"

"ကျွန်မကိုယ်တိုင်ပဲ လာချပေးခဲ့တာပါ"

"ဟင်. ."

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်တို့



www.burmeseclassic.com

www.burmeseclassic.com

မှာ များစွာအံ့သြသွားကြလေသည်။

"တကယ်တော့ ဒီကိစ္စတွေကို ကျွန်မ မလုပ်ချင်ပါဘူး နတ်ဆရာလက်ထဲ ရောက်နေလို့သာ သူခိုင်းတဲ့အတိုင်း လုပ်နေရတာပါ၊ ဒါကြောင့် သူနဲ့အတူ လာပြီး ရေတံခါးမောင်း ချပေးခဲ့တာပါ"

ထိုအခါ အနားမှာ ရှိနေသောမိန်းကလေးကလည်း ဟုတ်မှန်ကြောင်း ဝင်ရောက်ပြောဆိုလေသည်။

"အကြောင်းမှန်ကို မသိလို့ မင်းအပေါ်မှာ အပြစ်တင်မိတာ စိတ်မကောင်းပါဘူး၊ ငါတို့ကို အန္တရာယ်တွင်းက လွတ်အောင် အကူအညီပေးခဲ့တဲ့မင်းကို ကျေးဇူးတင်ပါတယ်"

ဟု ပြောရာ ဇာလာက မျက်ရည်လေးအဝိုင်းသားနှင့် ခေါင်းငုံ့နေလေသည်။

"ဒါထက် မေးရဦးမယ်၊ မင်းတို့ ဒီဂူထဲ ရောက်လာကြတာ အတော်ကြာပြီလား"

"ဆယ်နှစ်လောက် ရှိပါပြီ"

"လေယာဉ်ပျက်ထဲက ရွှေတွေ မင်းတို့ ယူထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်. . . သူနေတဲ့ ကျောက်နဂါးဂူထဲမှာ ရှိပါတယ်၊ တချို့လည်း အရည်ကျိုပြီး လက်နက်တွေ ထုလုပ်ပစ်ကြပါတယ်"

"ဒါထက် နတ်ဆရာရော ဘယ်ရောက်သွားပြီလဲ. . . သေသွားပြီလား"





"မသေပါဘူး. . . ကျောက်နဂါးဂူစခန်းကို ထွက်ပြေးသွားတာပါ"

"ဟင်. . . ကျောက်နဂါးဂူစခန်းဆိုတာ ဘယ်နေရာမှာ ရှိတာလဲ"

"ဟိုတောနက်ထဲမှာ ရှိပါတယ်၊ ဒါပေမယ့် အဲဒီနေရာက အန္တရာယ်များတဲ့နေရာပဲ၊ လျှို့ဝှက်ချက်တွေ မသိရင် သွားလို့မရဘူး"

"ဘယ်လိုလျှို့ဝှက်ချက်တွေလဲ. . . မင်းသိရင် ပြောပြပါဦး"

ဟု ဦးဗန်ကောင်းက ဝင်မေးရာ ဇာလာက နတ်ဆရာ၏ လျှို့ဝှက်ချက်များကို ပြောပြလေသည်။

"ကျောက်မျက်နှာဂူရဲ့အနောက်စူးစူးတောနက်ထဲမှာ ကျောက်နဂါးစခန်း ရှိပါတယ်၊

ဒီကနေ သွားရင် ကျောက်ဘီလူးရုပ်ရှိတဲ့နေရာကို အရင်တွေ့ရတယ်၊ ကျောက်ဘီလူးဆိုပေမယ့် မသိဘဲနဲ့ ဒီအတိုင်း ဖြတ်ကျော်မိရင် ကျောက်ဘီလူး စားလို့ သေရပါတယ်"

"ဒါက ပညာရပ်နဲ့ ဆိုင်တဲ့လျှို့ဝှက်ချက်ပဲ၊ ကျောက်ဘီလူးရုပ်ကို ကျော်ဖို့ ဘယ်လိုလုပ်ရမလဲ"

"သူ့ဆီ မရောက်ခင်မှာ ချည်ပုံတွေ ရှိတယ်၊ ကြည့်ရင် ပင့်ကူအိမ်တွေနဲ့ တူတယ်၊ အဲဒါကို ယူပြီး ဘုရားတရားသံယာ အာရုံပြုပြီး ကျောက်ဘီလူးရုပ်ကို စွပ်ထားခဲ့မှ လိုရာရောက်နိုင်မယ်"


www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းက အသေအချာ မှတ်သားထားသည်။

"ဆက်ပြောပါဦးကွယ်"

"ဒုတိယနေရာရောက်ရင် ကျောက်နွားကို တွေ့ရပါလိမ့်မယ်၊ မသိဘဲ ကျော်ရင် ကျောက်နွားဖွေ့လို့ သေရပါလိမ့်မယ်၊ ကျောက်နွားကို နိုင်ချင်ရင် နဖားပျံကို ယူသွားရပါမယ်၊

နဖားပျံပင်ဆိုတာ အဲဒီအနီးတဝိုက်မှာပဲ ရှိတယ်၊ အသုံးပြုတဲ့အခါ သရဏဂုံ တင်ပြီး သုံးရပါတယ်"

"နောက်ရောကွယ်"

"နောက်ဆုံး ကျောက်နဂါးစခန်းကို ရောက်ပါလိမ့်မယ်၊ ကျောက်နဂါးစခန်းမှာ ကျောက်နဂါးရုပ်နဲ့သူ ရှိပါတယ်၊ အဲဒီဂူထဲမှာ ဆရာကြီးဇာဂရ ပုန်းနေပါတယ်"

"ကျောက်နဂါးနဲ့ တွေ့ရင်ကော ဘယ်လိုရှင်းရမှာလဲ"

"ကျောက်နဂါးဂူနားမှာ ကျောက်စလုံးကနေ သဘာဝအတိုင်းဖြစ်နေတဲ့ ဆေးဖားတွေ ရှိပါတယ်၊ ကျောက်နဂါးပါးစပ်ထဲကို ကျောက်ဖားရုပ် ထည့်ထားရင် ရန်မပြုနိုင်ပါဘူး၊ အဲဒီသုံးနေရာ ကျော်ရင် နတ်ဆရာကို တွေ့ရပါမယ်"

"ကောင်းပြီ. . . မင်းပြောတဲ့အတိုင်း နတ်ဆရာရှိရာကို လိုက်သွားပြီး သုတ်သင်ရှင်းရမယ်၊ သူရှိနေသရွေ့ လူတွေကို ဒုက္ခပေးဦးမှာပဲ"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောကာ ဦးဇန်ကောင်းနှင့်ကျော်စွာ၊ ဆရာအောင်မင်းအောင်တို့ကို ခေါ်ကာ ထိုနေရာသို့ လိုက်သွားရန် ပြင်လေသည်။





ဦးဇန်ကောင်းကတော့ ဂမ္ဘီရနှင့် သက်ဆိုင်သော အတွေ့အကြုံများ တွေ့ရတော့မည်မို့ ဝမ်းသာနေလေသည်။

ကျန်အဖွဲ့သားလေးယောက်နှင့် လားနှစ်ကောင်နှင့် လမ်းပြနာဂနှစ်ယောက်နှင့် မိန်းကလေးနှစ်ယောက်တို့ကို စခန်းမှာ ထားခဲ့ရန် စီမံလေသည်။

ရွာလူကြီးသမီးကတော့ ၎င်းရွာမှ လိုက်လာသော နာဂနှစ်ယောက်ကို တွေ့သည်နှင့် ဝမ်းသာပျော်ရွှင်နေလေသည်။

"ကျွန်မလည်း လိုက်ခဲ့ပါရစေ၊ ကျွန်မ ဒီမှာ မနေခဲ့ချင်ဘူး၊ နောက်ပြီး ကျွန်မပါလာတော့ လမ်းပြပေးလို့ ရတာပေါ့"

"မင်းခြေထောက်က ဒဏ်ရာကြီးနဲ့ ဖြစ်ပါ့မလား"

"ဒဏ်ရာက သက်သာနေပါပြီ၊ ဝါးချိုင်းထောက်တစ်ခုကို အားပြုပြီး လိုက်ရင် ရပါတယ်"

ဟု ပြောနေသဖြင့် လိုက်လိုက လိုက်ပေတော့ဟု ခွင့်ပြုလိုက်ရာ အားလုံးငါးယောက်ဖြစ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ဖွဲ့တင်းနိုင်သော ဇာလာဆိုသောမိန်းကလေးကို စိတ်ထဲမှ ချီးကျူးမိလေသည်။

ထို့နောက်. . .

လိုအပ်သောလက်နက်ပစ္စည်းများ ယူ၍ ဇာလာ ညွှန်ပြပေးသောလမ်းအတိုင်း ခရီးဆက်ကြရပြန်လေသည်။

ကျောက်မျက်နှာတောင်နှင့် အနောက်ဘက်နေရာတွင် သစ်တောကြီးများက ထူထပ်စွာ ရှိနေသည့်အပြင် တောင်တုန်းနှင့် ဂူများကလည်း ပေါလှသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ဇာလာမပါခဲ့လျှင် စမ်းတဝါးဝါးနှင့် သွားရမည်ဟု တွေးမိသည်။

"အရင်က အဲဒီဂူကို ရောက်ဖူးသလား"

"တစ်ခေါက်နှစ်ခေါက် ရောက်ဖူးပါတယ်၊ သူ ဆေးစီရင်တဲ့အခါ လိုက်သွားရပါတယ်"

ဟု ပြောဆိုကာ ခရီးဆက်ကြရာ နောက်ဆုံး တောနက်တွင်း တစ်နေရာသို့ ရောက်သွားကြလေသည်။

"ဒီနားတဝိုက်မှာ ကျောက်ဘီလူးရုပ် ရှိတယ်၊ သူ့ဆီမရောက်ခင် ချည်ပျံအရင်ယူရမယ်"

ဟု ပြောပြီး သစ်ပင်တစ်ပင် ရှိရာသို့ လက်ညှိုးထိုးပြရာ သစ်ကိုင်းတွင် ချိတ်လျက် ပင့်ကူအိမ်များသဖွယ် ဝဲပျံနေသော ချည်ပျံများကို တွေ့ရသဖြင့် ဦးဇန်ကောင်းက သရဖာဂုံ ရွတ်ပြီး ချည်ပျံအချို့ကို ယူလိုက်သည်။

ထိုကဲ့သို့ ဂမ္ဘီရနှင့် သက်ဆိုင်သောကိစ္စများမှာ ဦးဇန်ကောင်း ကျွမ်းကျင်သောကိစ္စများဖြစ်သဖြင့် ဒေါက်တာမင်းထင်ကျော်တို့က ဘာမှဝင်မကူသာပေ။

သူတို့တာဝန်က ရန်သူနှင့် တွေ့ပါက ယှဉ်ပြိုင်တိုက်ခိုက်ရန်သာ စွမ်းနိုင်ကြသည်။

ချည်ပျံများ ယူပြီး ရှေ့ဆက်သွားသောအခါ တစ်နေရာရောက်လျှင် သစ်ချုံများကြားမှာ သံလျက်ထမ်းလျက် ဆောင့်ကြောင့်ထိုင်နေသော ကျောက်ဘီလူးရုပ်ကြီးကို တွေ့ကြရသည်။

အတော်အတန်ကြီးပြီး ထုလုပ်ထားပုံ လက်ရာမြောက်





လှသောကြောင့် တကယ်အသက်ဝင်နေသော ဘီလူးရုပ်နှင့် ပုံသဏ္ဌာန်တူလေသည်။

"ချည်ပျံကို သူ့လည်ပင်းမှာ စွပ်ထားပေးလိုက်ပါ၊ ဒါမှသွားလို့ရမယ်"

ဟု ဇာလာက တိုးတိုးပြောသဖြင့် ဦးဇန်ကောင်းက ချည်ပျံကို သရဖာဂုံတင်၍ အဆင်သင့် ကိုင်ကာ ဘီလူးရုပ်အနီးသို့ တိုးသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ကျောက်ဘီလူးရုပ်ကြီးများ 'ဝုန်း' ကနဲ အသက်ဝင်လာပြီး ရန်မူလေမလားဟု စိုးရိမ်နေကြသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ကျောက်ဘီလူးရုပ်ကြီးက လှုပ်နေသယောင်၊ ဦးဇန်ကောင်း လှုပ်ရှားသမျှ မျက်လုံးက လိုက်ကြည့်နေသည်ဟု ထင်နေမိသည်။

ဦးဇန်ကောင်းကလည်း ပါးစပ်မှ သရဖာဂုံကို မပြတ်ရွတ်ဆိုရင်း အနီးသို့ ရဲရဲတင်းတင်း တိုးကပ်သွားလေသည်။

အနီးရောက်သောအခါမှ အသေအချာ ကြည့်လိုက်သောအခါ ကျောက်ဘီလူးရုပ်၏ နီရဲနေသော မျက်လုံးနှစ်လုံးမှာ အသက်ဝင်နေသကဲ့သို့ လှုပ်ရှားနေသည်ကို သတိပြုမိလေသည်။

သို့သော်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အသင့်ပါလာသောချည်ပျံကို ကျောက်ဘီလူးရုပ်လည်ပင်း၌ စွပ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ စောစောက အသက်ဝင်နေဟန်ရှိသော မျက်လုံးနှစ်လုံးမှာ ငြိမ်သက်သွားဟန်ရှိလေသည်။

ပြီးသောအခါ ထိုနေရာမှ ဖြတ်ကျော်ခဲ့ရာ တစ်နေရာရောက်သောအခါ နဖားပျံပင်များကို တွေ့ရသည်။

"ဒီနေရာတဝိုက်မှာ ကျောက်နွားရှိမယ်ထင်တယ်"

"မှန်ပါတယ်. . . ရှေ့နားမှာ ရှိပါတယ်"

ဦးဗန်ကောင်းက နဖားပျံပင်မှ နွယ်ကြိုးအချို့ကို ယူလိုက်သည်။ နဖားပျံပင်မှာ ဆယ်ပေခန့် မြင့်ပြီး အောက်သို့ တွဲကျနေသောနွယ်ကြိုများမှာ လက်သန်းလုံးခန့်ရှိသည်။

ထိုအပင်မှ ကြိုးတစ်ချောင်းကို သရဏဂုံ ရွတ်ဆိုပြီး ဖြတ်ယူလိုက်လေသည်။

ပြီးသည်နှင့် ထိုနေရာမှ ဆက်လျှောက်လာရာ ၎င်းတို့သွားမည့်လမ်းပေါ်မှာ ပိတ်နေသော ကျောက်တုံးကို တွေ့ရသည်။

"ကျောက်နွားက ဘယ်နေရာမှာလဲ"

"ဟိုမှာလေ. . ."

ဇာလာက လက်ညှိုးထိုးပြတော့မှ လမ်းပေါ်မှာ ပိတ်နေသောကျောက်တုံးကြီးမှာ ဝပ်နေသော နွားကြီးတစ်ကောင်နှင့် ပုံသဏ္ဌာန်တူနေသည်ကို တွေ့ရသည်။

ဦးဗန်ကောင်းက နဖားပျံကို သရဏဂုံရွတ်ပြီး အနားသို့ ကပ်သွားသည်။

ယခင်အတိုင်းပင် ကျောက်နွားကြီး၏မျက်လုံးနှစ်လုံးမှာ





အသက်ဝင်နေသကဲ့သို့ ရှိနေသည်။

သူသည် အနားရောက်သည်နှင့် နဖားပေါက်နေရာသို့ နဖားပျံကို ထိုးသွင်းလိုက်တော့မှ လှုပ်ရှားနေသောမျက်လုံးမှာ ငြိမ်သက်သွားလေတော့သည်။

"သူ့ဟာနဲ့သူတော့ တယ်ဟုတ်ပါလား"

ဟု ဆရာအောင်မင်းအောင်က မှတ်ချက်ချလိုက်လေသည်။

ထိုနေရာမှ ရှေ့ဆက်သွားသောအခါ တစ်နေရာရောက်လျှင် ဇာလာက ရပ်လိုက်သည်။

"ရှေ့မှာ ကျောက်နဂါးနဲ့ ဂူရှိတယ်၊ ဂူထဲမှာ နတ်ဆေးဆရာ ရှိတယ်၊ ကျောက်နဂါးကို ကျော်နိုင်မှ ဂူထဲကို ရောက်မယ်၊ ကျောက်နဂါးကို အစာကျွေးဖို့ ဆေးဖားတွေ ရှာရပါမယ်"

ဟု ပြောသဖြင့် ထိုနေရာတဝိုက်မှာ လိုက်လံရှာဖွေသောအခါ သဘာဝကျောက်တုံးမှ ဖားရုပ်များ ဖြစ်နေသော ဆေးဖားရုပ်များကို တွေ့ရသဖြင့် ကောက်ယူကာ ဦးဗန်ကောင်းက သရဏဂုံ ရွတ်ဆိုလိုက်သည်။

ဆေးဖားသုံးကောင် ရသည်နှင့် ရှေ့ဆက်သွားရာ လမ်းပေါ်မှာ ကန့်လန့်ခံနေသော ကျောက်လုံးကြီးကို အရင်တွေ့ကြရသည်။

ကျောက်လုံးကြီးမှာ ထန်းလုံးအရွယ်ပမာဏ ကြီးမားလေသည်။

"အဲဒါ ကျောက်နဂါးပဲ"



www.burmeseclassic.com

www.burmeseclassic.com

ထိုကျောက်လုံးကြီးကို အသေအချာ မော့ကြည့်တော့ နဂါးတစ်ကောင်၏ပုံသဏ္ဌာန်မျိုး ရှိလေသည်။

ဦးခေါင်းမှာ အနည်းငယ် ထောင်နေပြီး ပါးစပ်က ဟ ထားလေသည်။

ပါးစပ်အတွင်းမှ ဖြူဖွေးသော အစွယ်လေးချောင်းက အပြင်သို့ ငေါထွက်နေသည်။

မျက်လုံးနှစ်လုံးမှာ ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီလျက်ရှိပြီး အငွေ့များပင် ထွက်နေသယောင်ဟုထင်ရသည်။

သူတို့အနားရောက်သောအခါ ကျောက်သားပကတိ ဖြစ်ခဲ့သော နဂါးကိုယ်လုံးက လှုပ်လာသကဲ့သို့ ရှိလေသည်။

"သူအသက်ဝင်လာတော့မယ်၊ ပါးစပ်ထဲကို ဆေးဖား အမြန်ထည့်ပါ ဆရာကြီး"

ဟု ဇာလာက စိုးရိမ်သောလေသံနှင့် ပြောလေရာ ဦးဗန်ကောင်းက ဆေးဖားရုပ်များကို သရဏဂုံ ရွတ်ပြီး ကျောက်နဂါး ပါးစပ်ထဲ ထည့်လိုက်သောအခါမှ တဖြည်းဖြည်း ပြန်ငြိမ်သွားသကဲ့သို့ ရှိလေသည်။

ကျောက်နဂါးကို ကျော်လိုက်သောအခါ ဂူပေါက်ဝ တစ်ခုကို တွေ့ရသည်။

"အထဲမှာ နတ်ဆရာဇာဂရ ရှိတယ်၊ ဂူထဲကို အားလုံးဝင်လို့မဖြစ်ဘူး၊ ဂူပေါက်ဝမှာ အဆိပ်ငွေ့တွေ လွှတ်ထားတယ်"

ဟု ဇာလာက ပြောသဖြင့် လှမ်းကြည့်လိုက်သောအခါ ဂူပေါက်ဝမှ အပြင်ထွက်နေသော ပြာနှမ်းနှမ်း အခိုးအငွေ့များကို





လှမ်းမြင်ရသည်။

"ဂူက အတော်ကျယ်သလား"

"အတွင်းမှာတော့ သိပ်မကျယ်လှဘူး"

"ကဲ. . . ဒါဖြင့် အားလုံး ဒီနေရာက စောင့်နေကြ၊ အထဲကို ကျွန်တော်ဝင်မယ်"

"ဖြစ်ပါ့မလား မောင်ထင်ကျော်"

"ဖြစ်ပါတယ်. . . စိတ်မပူပါနဲ့"

ဟု ပြောဆိုကာ နှာခေါင်းပါးစပ်နေရာကို ပုဝါထူထူဖြင့် စည်းကာ မျက်လုံးနေရာကို မျက်မှန်တပ်လိုက်သည်။

ထို့နောက် သေနတ်တစ်လက်ကို လက်မှာ ကိုင်၍ တစ်လက်ကို ကျောမှာ လွယ်၍ ဂူပေါက်ဝသို့ လျှောက်သွားလေသည်။

ဂူပေါက်ဝ ရောက်သောအခါ အတွင်းမှ အသံသြသြကြီးနှင့် လှမ်းပြောသည်။

"ဒီနေရာရောက်အောင် လာနိုင်တယ်ဆိုတာ သစ္စာဖောက်မ ပါလာလို့သာ ဖြစ်မှာပေါ့၊ ဒီအဆိပ်ငွေ့တွေကို ဖြတ်နိုင်ရင် ဖြတ်ဝင်ခဲ့ပေါ့"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်က သေနတ်ကို အဆင်သင့် ကိုင်ကာ အဆိပ်ငွေ့များကို ဖြတ်၍ဝင်သွားလေသည်။

မီးခိုးငွေ့များကြောင့် အတွင်းကို ကောင်းစွာမမြင်ရသော်ရှိရာမှ ထိုနေရာမှ ကျော်သည်နှင့် ကျောက်တုံးတစ်တုံးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်နတ်ကြီး ခြုံကာရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို လှမ်းမြင်ရသည်။

သူ့လက်ထဲမှာ ဓါးရှည်ကြီးတစ်လက်ရှိသည်။

အဆိပ်ငွေ့များကို ဖြတ်၍ ဟန်မပျက် ဝင်လာသော ဒေါက်တာမင်းထင်ကျော်ကို ကြည့်ပြီး အံ့သြနေဟန်ရှိသည်။

နောက်မှ ကြောက်မက်ဖွယ်ရာအော်သံကြီးနှင့် ကျောက်တုံးပေါ်မှ ခုန်ချလာကာ ဒေါက်တာမင်းထင်ကျော် ရှိရာသို့ ပြေးလာသည်။

ဒေါက်တာမင်းထင်ကျော်က ဟန်မပျက် ကြည့်နေပြီး အနားရောက်တော့မှ သေနတ်နှင့် ချိန်ကာ ပစ်ချလိုက်လေတော့သည်။

"ဒိုင်း. . ."

အနီးကပ် ပစ်လိုက်သော သေနတ်ကျည်ဆန် ထိမှန်လိုက်သဖြင့် နတ်ဆရာဇာဂရမှာ ပုံပျက်ပန်းပျက် လဲကျသွားလေတော့သည်။ ပြန်မထလာနိုင်တော့ပေ။

ထိုအခါမှ အတွင်းသို့ ဝင်ကြည့်သောအခါ နတ်ဆရာနေသောနေရာတဝိုက်တွင် ပျောက်ဆုံးသွားသော ရွှေဒင်္ဂါးများကို တွေ့ရလေတော့သည်။

ယခုတော့ အရာအားလုံး ပြီးဆုံးသွားခဲ့ချေပြီ။





## အခန်း(၁၆)

# ချစ်ခြင်းမေတ္တာဟူသောအရာ

ဒေါက်တာမင်းထင်ကျော်တို့တတွေသည် ဂူအတွင်းမှ ရွှေသေတ္တာကို အပြင်သို့ သယ်ထုတ်ပြီး နတ်ဆရာ နေထိုင်ခဲ့သောဂူကြီးကို သစ်ခြောက်များ ပုံ၍ မီးရှို့လိုက်ကြလေသည်။

အပြန်မှာတော့ ရွှေသေတ္တာကို ထမ်း၍ ပြန်ခဲ့ကြရာ ကျောက်နဂါးအနီးသို့ ပြန်ရောက်သောအခါ ဦးဗန်ကောင်းက ကျောက်နဂါးပါးစပ်အတွင်းမှ ကျောက်ဖားများကို ပြန်ထုတ်ယူ၍ မူလနေရာသို့ ပြန်ထားပေးခဲ့သည်။

ကျောက်နွားနေရာ ရောက်သောအခါ နဖူးပေါက်



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ထည့်ထားသော နဖားပျံကြိုးကို ပြန်ယူနှုတ်ယူပြီး မူလနေရာမှာ ပြန်တင်ထားခဲ့သည်။

ကျောက်ဘီလူးနေရာသို့ ရောက်သောအခါမှာလည်း ကျောက်ဘီလူး၌ စွပ်ထားသောချည်ပျံကို ဖြုတ်ယူပြီး ယူခဲ့သော နေရာမှာ ပြန်ထားပေးခဲ့သည်။

အပြင်သို့ ရောက်သောအခါ ကျန်သုံးယောက်က ရွှေဒင်္ဂါးများ ထည့်ထားသောသေတ္တာကို တစ်လှည့်စီ ထမ်း၍ ရှေ့မှ သွားနှင့်ကြသည်။

ဒေါက်တာမင်းထင်ကျော်က ခြေထောက်ဒဏ်ရာကြောင့် ကောင်းစွာလမ်းမလျှောက်နိုင်သော ဇာလာကို ဖေးမတွဲခေါ်နေရသဖြင့် နောက်မှာ ကျန်ခဲ့ကြသည်။

"အစ်ကိုလည်း ကျွန်မအတွက်နဲ့ အတော်ပင်ပန်းနေပြီ" ဟု အားနာစွာ စကားဆိုသည်။

"ရပါတယ်. . . ကိုယ့်ကို အားနာစရာ မလိုပါဘူး၊ မင်းရဲ့ကျေးဇူးတွေက ကိုယ့်အပေါ်မှာ အများကြီး ရှိတာပဲ၊ ဒါထက် မင်းကို ဘယ်နေရာ ပြန်ပို့ပေးရမလဲဟင်"

"ကျွန်မမှာ ပြန်စရာနေရာလည်း မသိတော့ပါဘူး၊ အားကိုးရမယ့် ဆွေမျိုးမိဘတွေလည်း မရှိတော့ပါဘူး၊ အရင်ကတော့ နတ်ဆရာ ခိုင်းတဲ့အတိုင်း လုပ်ပြီး သူနဲ့ နေခဲ့တယ်၊ အခု သူလည်း မရှိတော့ ဘယ်သွားလို့ ဘယ်မှာ နေရမှန်းတောင် မသိတော့ပါဘူး အစ်ကိုရယ်"

"ဒီလိုဆိုရင်လည်း ကိုယ်တို့ပြန်ရင် တစ်ခါတည်း လိုက်ခဲ့





ပါလား"

"ကျွန်မက ဘယ်ကို လိုက်ရမှာလဲ"

"ကိုယ်တို့ နေရတဲ့မြို့ကိုပေါ့"

"ဖြစ်မယ်မထင်ပါဘူး အစ်ကိုရယ်၊ ကျွန်မက မြို့လည်း မရောက်ဖူးဘူး၊ လူတွေအများကြီးနဲ့လည်း မနေဖူးတော့ ဖြစ်မှာမဟုတ်ဘူး၊ နောက်ဆုံး မတတ်သာရင် ဟိုမိန်းကလေး ရှိတဲ့နာဂရွာမှာပဲ နေခဲ့ပါ့မယ်"

"နာဂရွာမှာ နေတာထက်စာရင် ကိုယ်တို့မြို့ကို လိုက်ခဲ့ရင် ပိုပြီးအဆင်ပြေမှာပေါ့"

"ကျွန်မလိုက်လာတော့ အစ်ကို့အတွက် အခက်အခဲဖြစ်နေမှာပေါ့"

"မဖြစ်ပါဘူး"

"ဟိုရောက်တော့ ကျွန်မကို ဘယ်သူက တာဝန်ယူမှာလဲ"

"ကိုယ်တာဝန်ယူပေးပါ့မယ်၊ မင်းအတွက် တစ်သက်လုံး မပူမပင် နေရအောင် စီစဉ်ပေးပါ့မယ်"

ထိုစကားကြားသောအခါ ဇာလာ၏ဖြူဖွေးသော မျက်နှာပြင်ပေါ်မှာ ပန်းနုရောင် သန်းလာလေသည်။

"အဲဒီစကားရဲ့အဓိပ္ပါယ်ကို ကျွန်မ သိပ်မသိပေမဲ့ စိတ်ထဲမှာ တစ်မျိုးဖြစ်လာသလိုပဲ၊ ရင်ထဲမှာလည်း တလှပ်လှပ်နဲ့ တုန်လာသလိုပဲ၊ အဲဒါ ဘာဖြစ်တာလဲဟင်"

ဟု အရိုးခံအတိုင်း မေးလေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်ပြီး သူမလက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

"မင်းစိတ်ထဲမှာ လှုပ်ရှားနေတယ် မဟုတ်လား၊ နောက်ပြီး ကိုယ်နဲ့ ခွဲရမှာလည်း စိုးရိမ်နေတယ် မဟုတ်လား"

ဟု မေးသောအခါ မျက်လုံးအဝိုင်းသားနှင့် မော့ကြည့်ကာ ခေါင်းညိတ်ပြသည်။

"အဲဒါ အချစ်လို့ ခေါ်တယ်"

"အချစ် . . အချစ်ဆိုတာ ဘာလဲဟင်"

"တစ်ယောက်နဲ့တစ်ယောက် စိုးရိမ်စိတ်နဲ့ ယှဉ်တဲ့ စွဲလန်းနှစ်သက်မှုကို အချစ်လို့ ခေါ်တယ်၊ ကိုယ်က မင်းကို ချစ်နေမိသလို မင်းကလည်း ကိုယ့်အပေါ်မှာ နှစ်သက်နေလို့ အဲဒီလို ခံစားရတာ"

"အစ်ကိုက ကျွန်မကို ချစ်တယ် . . . ဟုတ်လား"

"ဟုတ်ပါတယ် . . ရိုးသားဖြူစင်တဲ့မင်းကို ကိုယ်တကယ် ချစ်ပါတယ်"

ဟု ပြောကာ သူမကိုယ်ကလေးကို ခပ်တင်းတင်း ဖက်ထားလိုက်ရာ ဇာလာမှ တအံ့တသြဖြစ်နေဟန်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က ပန်းနုရောင်သန်းနေသော ပါးပြင်ကို တစ်ချက်နမ်းရင်း ခပ်တိုးတိုး မေးလိုက်လေသည်။

"ကိုယ်ပြောတာကို မင်းသဘောပေါက်ပြီ မဟုတ်လား"

"အစ်ကိုပြောတဲ့အချစ်ဆိုတာကို ကျွန်မ နားမလည်သေးဘူး၊ ဒါပေမယ့် ရင်ထဲမှာ တအားခုန်နေတယ် နောက်ပြီး စိတ်ထဲမှာလည်း ကြည်နူးသလို ခံစားနေရတယ်၊ အဲ . . အဲဒါ ဘာလဲဟင်"





"အဲဒါ အချစ်ကြောင့် ဖြစ်လာတဲ့ခံစားမှုပါပဲ၊ တောထဲမှာပဲနေနေ၊ မြို့ကြီးပြကြီးမှာပဲနေနေ၊ ချောမောလှပတဲ့လူပဲဖြစ်ဖြစ်၊ အကျည်းတန် အရုပ်ဆိုးတဲ့လူပဲဖြစ်ဖြစ်၊ အချိန်တန် အရွယ်ရောက်တဲ့အခါမှာ အချစ်ဆိုတဲ့အရာဟာ ရင်ထဲကို တံခါးမခေါက်ဘဲနဲ့ သူ့အလိုလို ဝင်ရောက်လာလေ့ရှိတယ်"

ဒေါက်တာမင်းထင်ကျော်က ဇာလာကိုယ်လေးကို ကြင်နာစွာ ပွေ့ဖက်ထားရင်း ပြောနေရာ ဇာလာက မျက်လုံးအဝိုင်းသားဖြင့် မော့ကြည့်နေလေသည်။

"အရင်ကတော့ တစ်ခါမှ အဲဒီအကြောင်းတွေကို မသိခဲ့ပါဘူး၊ အစ်ကိုနဲ့ တွေ့မှပဲ အခုလို ခံစားရတာပါ။ အဲဒီလိုဖြစ်အောင် အစ်ကိုလုပ်တာလားဟင်"

"ကိုယ်မလုပ်ပါဘူး . . . ဇာလာရင်ထဲမှာ ရှိတဲ့ အသည်းနှလုံးက လုပ်တာပါ။ ကိုယ်ပြောတာကို ဇာလာ လက်ခံသလား၊ အစ်ကို့မေတ္တာကိုရော လက်ခံမယ် မဟုတ်လားဟင်"

ဒေါက်တာမင်းထင်ကျော်က သူမပခုံးလေးကို လှုပ်ကာ မေးလိုက်လေသည်။

"ကျွန်မကတော့ နားမလည်ဘူး၊ ဒါပေမယ့် ရင်ထဲမှာ ရှိတဲ့ အသည်းနှလုံးက နှစ်သက်နေမှတော့ ကျွန်မအနေနဲ့ အစ်ကို့ရဲ့မေတ္တာကို မငြင်းနိုင်တော့ပါဘူး"

"ဒါဖြင့် အစ်ကိုခေါ်ရာနောက်ကို လိုက်ခဲ့မှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးရာ ဇာလာက ကြည်နူးစွာ ပြုံးရင်း ခေါင်းညိတ်ပြလိုက်လေသည်။ ချစ်ခြင်းမေတ္တာဟူသည် မမြင်ရသော အဖြူရောင်ကြိုး တစ်မျှင်ပင်ဖြစ်ပေရာ ၎င်း၏ဖွဲ့နှောင်မှု ခံရသူတိုင်း ရုန်းထွက်နိုင်စွမ်း မရှိနိုင်ကြပေ။

သို့ကြောင့် အကောင်အထည် မမြင်ရသော်လည်း အားအကြီးမားဆုံးအရာကို ချစ်ခြင်းမေတ္တာဟု သတ်မှတ်ကြခြင်းဖြစ်ပေသည်။ ယခုလည်း ဒေါက်တာမင်းထင်ကျော်နှင့် ဇာလာတို့နှစ်ဦးအတွက်လည်း မမြင်ရသော်လည်း အင်အားအကြီးမားဆုံးအရာကို ချစ်ခြင်းမေတ္တာဟု သတ်မှတ်ကြခြင်းဖြစ်ပေသည်။

ယခုလည်း ဒေါက်တာမင်းထင်ကျော်နှင့် ဇာလာတို့နှစ်ဦးအတွက်လည်း မမြင်ရသော ချစ်ခြင်းမေတ္တာ၏ကြိုးတစ်မျှင်ကြောင့် ချစ်သူဘဝသို့ ရောက်ခဲ့ကြပြီးသည့်နောက်တွင် ကျွန်ုပ်ရေးသားသော (ဝင်းဂိတ်၏ပျောက်ဆုံးနေသောရတနာသိုက်)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

# ကြိုးစကြ

တပြီးချိန် ။ ။(၂၀၀၉)ခုနှစ်၊ ဒီဇင်ဘာလ(၁၁)ရက်၊ သောကြာနေ့၊ ည(၉)နာရီအချိန်။

☺ အောင်မြင်စာပေ ☺




www.burmeseclassic.com